
mgyoe.com



နှစ်ဆယ်ရာစုနှစ်တွေးခေါ်ရှင်


# ဘာထရန်ရပ်ဆယ်လ် ဘဝ

ဆန်းလွင်

BERTRAND RUSSELL

ဒုတိယအကြိမ်

နှစ်ဆယ်ရာစုနှစ် တွေးခေါ်ရှင်
mgyoe.com SAMPLE BOOK
ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်
ဂျွန်ဆင်ကို စစ်ခုံရုံးတင်ရန် ကြိုးပမ်းခဲ့သူ
လူသားချမ်းသာရေးဝါဒီကြီး



- ဘာထရန်ရပ်ဆယ် ဘဝဆိုသော်လည်း၊ အတ္ထုပ္ပတ္တိမည်ကာမျှ မဟုတ်။
- သူ၏ လောကအမြင်အားလုံး၏ အနှစ်ကျမ်း။
- သူ၏ ရုန်းကန်လှုပ်ရှားမှု အားလုံး၏မှတ်တမ်း။
- သူ၏ အောင်မြင်မှု ဆုံးရှုံးမှုအားလုံးကို လေးလေးနက်နက် အကဲဖြတ်ထားသည့် ပုဂ္ဂိုလ်ရေးရာ အမြင်ကျမ်း။
- ကြားသာ ကြားဘူးပြီး၊ သူ့ဘဝဖြစ်စဉ်တွေကို မသိကြရသေး သူများ လေ့လာသိမြင်နိုင်စေရန်များ။
- နှစ်ဆယ်ရာစုခေတ်၊ လူမှုဆက်ဆံရေးနှင့် စစ်ဆန့်ကျင်ရေး သမိုင်း။

ISBN 9789997137883
9 789997 137883
MMK 13,500.00

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK


စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

နှစ်ဆယ်ရာစုနှစ် တွေးခေါ်ရှင်

# ဘာထရန်ရပ်ဆယ်လ်ဘဝ

ဆန်းလွင်



mgyoe.com

mgyoe.com SAMPLE BOOK

၉၂၃

ဆန်းလွင်

နှစ်ဆယ်ရာစုနှစ် တွေ့ခေါ်ရှင် ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဂျွန်ဆင်ကို စစ်ခုံရုံးတင်ရန် ကြိုးပမ်းခဲ့သူ လူသားချမ်းသာရေးဝါဒီကြီး ဘာထရန်ရပ်ဆယ်လ် ဘဝ / ဆန်းလွင်။

--၂ ကြိမ်။ -- ရန်ကုန်။ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၂၀၂၅။

၃၂၅ စာ၊ ၂၁ စင်တီ။

၁။ လူမှုရေးသိပ္ပံပညာဆိုင်ရာ ပုဂ္ဂိုလ်များ

(၁) နှစ်ဆယ်ရာစုနှစ်တွေ့ခေါ်ရှင် ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဂျွန်ဆင်ကို စစ်ခုံရုံးတင်ရန် ကြိုးပမ်းခဲ့သူ လူသားချမ်းသာရေးဝါဒီကြီး ဘာထရန်ရပ်ဆယ်လ် ဘဝ

မျက်နှာဖုံးဒီဇိုင်း - စဒဲလား

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်။

ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။

၂၀၂၅၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀

၁၉၆၇၊ ပုညစာပေတိုက်၏ ပထမအကြိမ်မှ

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com
SAMPLE BOOK



# မာတိကာ


– နိဒါန်း ၃

၁။ ပန်းခြံကြီးထဲက ကလေးငယ် ၇
၂။ အမြဲစကားပြောနေခဲ့သူ ၃၆
၃။ ဘာလင်နှင့် မာ့က်စ်ဝါဒ ၅၂
၄။ ပါရမီရှင်တို့၏အလုပ် ၆၅
၅။ သင်္ချာနှင့် ဒဿနပညာ ၈၁
၆။ ဖော်ပြခြင်း သဘောတရား ၉၇
၇။ စာပေသုံးသပ်ချက်နှင့် နိုင်ငံရေး ၁၀၉
၈။ ဆိတ်ငြိမ်သော ဘဝကလေးတစ်ခု ၁၂၀
၉။ ကိန်းဘရစ်(ချ်)တက္ကသိုလ်နှင့် ဟားဘတ်တက္ကသိုလ် ၁၃၃
၁၀။ ပထမကမ္ဘာစစ်ကြီး ၁၄၆
၁၁။ ဘရစ်တန်ထောင်က အကျဉ်းသား ၁၅၉
၁၂။ စိတ်ကို ခွဲခြမ်းစိတ်ဖြာရှုခြင်း ၁၇၁
၁၃။ ဖော်လရှီဗစ်တို့ ကမ္ဘာသို့ ၁၇၉
၁၄။ ပျော်စရာကောင်းပါတဲ့ တရုတ်ပြည် ၁၈၉
၁၅။ အမေရိကန် ကထိကဘဝ ၁၉၈
၁၆။ ရပ်ဆယ်လ်နှင့် ရီလေတီဗတီ ၂၀၈


mgyoe.com

mgyoe.com
SAMPLE BOOK



၁၇။ သောကွန်တောင်ကုန်းပေါ်က ကျောင်း ၂၁၄
၁၈။ အိမ်ထောင်ရေးနှင့် ကိုယ်ကျင့်တရား ၂၂၇
၁၉။ လက်ပန်းမကျသော စာရေးဆရာဘဝ ၂၃၈
၂၀။ စစ်ဆန့်ကျင်ရေးနှင့် ဒုတိယကမ္ဘာစစ် ၂၅၀
၂၁။ အမေရိကမှ အပယ်ခံဘဝ ၂၅၉
၂၂။ ပုန်ကန်သူတို့ ရှိကျိုးကြရပြီ ၂၆၈
၂၃။ ဩစတြေးလျသို့ ခရီးတစ်ထောက် ၂၈၀
၂၄။ မဆုံးသေးသော လောကအမြင် ၂၉၁
၂၅။ အလုပ်နှင့် လက်နှင့် မကွာသေး ၃၀၂
၂၆။ အသက် ၉၀ ကျော် လူငယ်ကလေး ၃၁၁
– ဘာထရန်ရပ်ဆယ်လ်၏ ကိုယ်ရေးအကျဉ်း ၃၂၁
– ဘာထရန်ရပ်ဆယ်လ် ရေးခဲ့သည့်စာအုပ်များ ၃၂၄


■

mgyoe.com

mgyoe.com
SAMPLE BOOK


## နိဒါန်း
## သည်ခေတ် သည်စာနှင့် သည်လူ

အနောက်တိုင်းသား တွေးခေါ်ရှင်ကြီးများက ၂၀ ရာစုခေတ်ကြီးကို 'ရှုပ်ထွေးလိမ်ယှက်နေသောခေတ်ကြီး' ဟု ခေါ်သူက ခေါ်၏။ ပညာရှင်အချို့ကမူ ဤခေတ်သည် 'ခွဲခြမ်းစိတ်ဖြာ လေ့လာရေးခေတ်' ဟုလည်း ခေါ်ကြ၏။

၂၀ ရာစုကို 'ရှုပ်ထွေးလိမ်ယှက်နေသောခေတ်' ဟု ခေါ်ခြင်းကို နားလည်လွယ်ပါ၏။ လူမှုရေးပြဿနာ အရပ်ရပ်၏ အခေါင်အဖျားသည် ယနေ့၊ ယခု အချိန်တွင် ရောက်လျက်ရှိ၏။ တွေးခေါ်မြော်မြင်ရေး သဘောတရားနယ်ပယ်မှာ ဆိုလျှင်လည်း ပြဿနာပေါင်းစုံသည် အလျှံပယ် ကြွယ်ဝလျက်ရှိ၏။ ပြည့်ဝဆုံး၊ စုံလင်ဆုံး၊ အရင့်ဆုံး၊ အမှည့်ဆုံးခေတ်ဟုလည်း ဆိုရာသည်။

သည်ပြဿနာတွေ၊ သည်အရေးအခင်းတွေသည် တွေးခေါ်မြော်မြင်ရေး လောကထဲက ပြဿနာတွေ၊ အရေးအခင်းတွေ ဖြစ်ကြသည်တော့ မှန်ပါသည်။ တစ်ချိန်တည်းမှာပင် တစ်ဖက်ထောင့်က တစေ့တစောင်းကလေး ကြည့်ပြန်တော့ သည်ပြဿနာ သည်အရေးအခင်းတွေသည် လူမှုဆက်ဆံရေးဘဝထဲက တကယ့်တကယ် ကြုံဆုံနေရသည့် ပြဿနာတွေ၊ အရေးအခင်းတွေသာ ဖြစ်ကြလေသည်။ အမှန်မှာတော့ တွေးခေါ်မြော်မြင်ရေး သဘောတရား ဆိုသည်က အသက်ရှိသော လူသားတို့၏ နေ့စဉ် လှုပ်ရှားရုန်းကန်နေရသော တကယ့်ဘဝထဲက ထင်ဟပ် ဖြစ်ပေါ်လာရသော 'ဘဝ၏ ရောင်ပြန်ဟပ်မှု' ကလေးများသာ ဖြစ်ချေ၏။ ထို့ကြောင့် လူ၏ တကယ့်ဘဝထဲတွင် လူမှု

mgyoe.com

mgyoe.com
SAMPLE BOOK


ဆက်ဆံရေးပြဿနာတွေ ရှုပ်ထွေးလာပြီလားဆိုလျှင် အတွေးအခေါ်ပိုင်း 'ဒဿနိကပညာ' ပိုင်းမှာလည်း ပြဿနာတွေ တက်လာရတော့သည်။

ယနေ့ အသက်ရှင်နေရသော လူသားတို့၏ ဘဝကို ပြန်လည်စောင်းငဲ့ကြည့်တတ်လျှင်၊ လူသားသည် မြန်မာစကားရိုးရိုးကလေးနှင့် ပြောရလျှင် 'ကိုယ့်ရှူး ကိုယ့်ပတ်' ဖြစ်နေသည်။ ကြံစည်ဖန်တီးတတ်သော လူသားတို့က ကြံစည်ဖန်တီး တီထွင်ခဲ့ကြသော သိပ္ပံပညာ အောင်မြင်မှုများသည် အစက လူ့ဘဝအကျိုးငှာ ဖြစ်ကြသော်လည်း ယခုတော့ ဤကြိုးပမ်းမှုတွေ၊ သိပ္ပံပညာ အောင်မြင်မှုတွေကြောင့် လူသားမှာ အသက်ရှင်နေမှုကို ခြိမ်းခြောက်ခြင်း ခံနေရချေပြီ။ နေရေး၊ သေရေး ပြဿနာကို ယနေ့ မျက်မှောက်ပြုနေကြရပြီ။ ထို့ကြောင့်လည်း ၂၀ ရာစုကို 'ရှုပ်ထွေးလိမ်ယှက်သောခေတ်' ဟု သမုတ်ရခြင်း ဖြစ်၏။

ရှေးခေတ်က လူသားတို့မှာ တီထွင်ခါစ၊ ကြိုးပမ်းခါစ၊ စမ်းခါစ ဖြစ်၏။ လူ့ဘဝပြဿနာတွေကလည်း ပျိုးစ၊ ပြုစ၊ ရောင်ခြည်သန်းစ ရှိသေးသည်။ ယနေ့လို မျက်စိနှစ်လုံး ဖွင့်ပြီး အိပ်ရာက နိုးသည်မှ ပြန်လည်မှေးမှိတ် အိပ်စက်ရသည်အထိ၊ ပူလောင်သော အရေးအခင်းတွေကိုချည်း မမြင်ခဲ့ကြရ။ နေသာခဲ့ချေသေး၏။ ယခုတော့မူ နေ့စဉ်နှင့်အမျှ သေရေး၊ နေရေး ပြဿနာတွေနှင့် ရင်ဆိုင်နေကြရလေသည်။

လူသားတွေ ဘာလုပ်ကြဦးမည်နည်း။

ဘာမှမလုပ်မီ မိမိတို့၏ဘဝကို ပြန်လည် သုံးသပ်ဖို့တော့ လိုလာပြီ။ မိမိတို့၏ အတွေးအခေါ်တွေကို ပြန်လည်သုံးသပ်ဖို့တော့ လိုလာပြီ။ ရှေးတုန်းက လို အင်မတန် ရည်မှန်းချက် အကြီးကြီးတွေနှင့် အတွေးအခေါ်ပုံစံကြီးတွေ၊ စနစ်ကြီးတွေ ချမှတ်ပေးနေလို့တော့ဖြင့် မဖြစ်တော့ပြီ။ အတွေးအခေါ် ပြန်လည် သုံးသပ်ရေး ခေတ်ကိုစမှ ဖြစ်ချေတော့မည်။ ဤကား ဘဝ၏ တောင်းဆိုချက် လို့ပဲဆိုဆို၊ ဆိုနိုင်ကောင်း၏။ ထိုအခါမျိုး၌ 'ခွဲခြမ်းစိတ်ဖြာလေ့လာရေး' ခေတ် သည် အတွေးအခေါ် လောက၌ ဆန်းသစ်လာရတော့သည်။

တွေးခေါ်ရှင်ကြီးတို့သည် အိမ်ကြီးအိမ်ကောင်းများနှင့်တူသော၊ အတွေး အခေါ် စနစ်ကြီးများ (Great Philosophical Systems) ကို ဆောက်ခဲ့ကြ၏။ သို့သော် ဤအိမ်ကြီးအိမ်ကောင်းတို့သည် ဆောက်ပြီးခါမှ ခေါင်ကမိုးယိုသည် လည်း ရှိသည်။ ကြမ်းက ယိုယွင်းသည်လည်းရှိသည်။ ပိုးထိုး လောက်ကိုက်၊ ခြစားတွေလည်း ဖြစ်နေကြသည်။ သူတို့ဆောက်ခဲ့သည့် အိမ်များကား

mgyoe.com

mgyoe.com
SAMPLE BOOK


ကြီးပါဘိ၊ ခံ့ပါဘိ၊ ထည်ပါဘိ။ သို့သော် နေလို့ ထိုင်လို့တော့ဖြင့် မကောင်းလှချေ။ အပြစ်ကင်းသည့်စနစ်လို့လည်း မရှိတော့။ ထို့ကြောင့် သည်အိမ်ကြီးတွေကို ဘယ်နေရာက ဘယ်သို့ချွတ်ယွင်းတိမ်းစောင်းကြသည် သိရအောင် ခွဲခြမ်း စိတ်ဖြာ လေ့လာကြည့်မှသာ တော်ချေတော့မည်။

၂၀ ရာစု ဆန်းလာသည်ဆိုလျှင်ပဲ အနောက်တိုင်း အတွေးအခေါ် ပညာရှင်များလောကတွင် ဆိုခဲ့ပြီးသော အစီအစဉ်တစ်ရပ်သည် ပေါ်ပေါက်လာသည်။ ၁၉ ရာစုခေတ်တစ်ခုလုံးကို လွှမ်းမိုးနေသည့် ဟေဂယ်၏ 'အနန္တဝိညာဉ်တော်ဝါဒ' ကို ကိုးကွယ်မှု နည်းပါးလာသည်။ အင်္ဂလန်ပြည်မှာဆိုလျှင် အောက်စဖို့ဒ် တက္ကသိုလ်ကြီးက ဟေဂယ်၏ ဝိညာဉ်တော်ဝါဒကို ကိုးကွယ်ချီးပနေစဉ်၊ ကိန်းဘရစ်(ချ်)တက္ကသိုလ်မှာ လူငယ်တစ်စုပေါ်လာသည်။ ထိုလူငယ်စုသည် ယထာဘူတိက သစ္စာဟုခေါ်ရမည့် ပကတိဖြစ်သော လောကကို ပကတိအတိုင်း၊ ရှိရင်းစွဲအတိုင်း မြင်အောင်ကြည့်ကြသည်၊ သိအောင်လုပ်ကြသည်။ ကိန်းဘရစ်(ချ်)က ထိုလူငယ်စုသည် ဟေဂယ်ဆောက်ထားခဲ့ပြီးသောအိမ်အိုကြီးကို ဖြိုဖျက်ဖို့ ကြိုးစားကြတော့သည်။

၂၀ ရာစု အတွေးအခေါ်သည် ဤတိုက်ပွဲကလေးဖြင့် စတော့သည်။ ဟေဂယ်ဝါဒီများက တစ်ဖက်၊ ဆိုခဲ့ပြီးသော ထိုလူငယ်စုက တစ်ဖက်တိုက်ကြရာ ၁၉ ရာစု နိဂုံးနှင့်အတူ ဟေဂယ်ဝါဒ ကျဆုံးရတော့သည်။

ထိုလူငယ်စုကား တခြားမဟုတ်။ ဘာထရန်ရပ်ဆယ်လ်နှင့် ဂျီအီးမိုးတို့ ဦးဆောင်သည့် အစုပင်ဖြစ်၏။

တစ်နည်းဆိုတော့ ၂၀ ရာစုခေတ် အတွေးအခေါ် သမိုင်းအစသည် ဘာထရန်ရပ်ဆယ်လ်၏ အတွေးအခေါ်လှုပ်ရှားမှုဖြင့် စတင်ခဲ့သည်ဟု အခိုင်အမာပင် ဆိုရေး ဆိုခွင့်ရှိလာပြန်သည်။

ရပ်ဆယ်လ်သည် 'ခွဲခြမ်းစိတ်ဖြာ ရှုနည်း ဒဿနိကပညာ' ကို တီထွင်လာသည်ကစ၍ ၂၀ ရာစု ခေတ်ကြီး တစ်ခုလုံးကို ဤအစဉ်အလာကပင် လွှမ်းမိုးသွားလေသည်။ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့က စတင်ခဲ့သော ဗီယင်နာအသိုင်းအဝိုင်း လှုပ်ရှားမှုသည် ရပ်ဆယ်လ်နှင့် သူ့တပည့်ရင်းဖြစ်သူ ဝစ်ဂျင်စတိုင်းတို့၏ အတွေးအခေါ်၌ မြစ်ဖျားခံခဲ့၏။

၂၀ ရာစုခေတ်ကား ရပ်ဆယ်လ်၏ အတွေးအခေါ်ခေတ်ပင် ဖြစ်နေတော့၏။ အပေါင်းအသင်း ရောင်းရင်းတို့သည်လည်းကောင်း၊ နောက်ပေါက် တပည့်သားချင်းတို့သည်လည်းကောင်း တစ်ယောက်ပြီးတစ်ယောက် ခန္ဓာစဲခဲ့ကြပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK


သို့သော် သူတစ်ယောက်ကမူ မယိမ်းမယိုင်သေး။ သည်ခေတ်ကြီးကို လွှမ်းမိုးဆဲရှိသေး၏။ အသက်ထင်ရှားရှိသေး၏။ ယခုမူ သူ့အသက်သည် သက်တမ်း ၁၀၀ သို့ပင် ချဉ်းခဲ့ပြီ။ အသက် ၁၀၀ နေရသည်နှင့်အမျှ အမှု ၁၀၀ မက၊ အထောင်အသောင်းလည်းပွေခဲ့ရပြီ။ သို့သော် သူကား မမှု၊ မတွန့်ဆုတ်။ သူ့ဘဝသည် မငြိမ်သေး။ အသက် ၁၀၀ ရှိသော လူငယ်ကလေးနှင့်သာ တူလေသည်။

သူ့ဘဝနှင့် သူ့အတွေးအခေါ်များကိုမူ စာရေးသူ လက်လှမ်းမီသမျှ တင်ပြထားပါပြီ။ ဩကာသလောကကြီးတစ်ခုလောက် ကျယ်ပြောသော သူ့ဘဝကို လေ့လာကြည့်ကြပါကုန်။

**စာရေးသူ**

■

mgyoe.com

mgyoe.com
SAMPLE BOOK


## အခန်း (တစ်)
## ပန်းခြံကြီးထဲက ကလေးငယ်

တွေးခေါ်ရှင်ဟု ဆိုအပ်သော လောကကို ရှုမြင်နားလည်သူ သဘောတရားရေးဆရာတို့မည်သည် မေးခွန်းပုစ္ဆာ ထုတ်ဖို့သာ အသက်ရှင်နေကြခြင်းဖြစ်သည်။ မေးခွန်းကို အဖြေရှာဖို့ အလုပ်မှာ သူတို့အလုပ်မဟုတ်ချေ။ ဤကား အတွေးအခေါ် ပညာပိုင်းဆိုင်ရာတို့ မှတ်ယူလိုက်နာလေ့ရှိသည့် အစီအစဉ်တစ်ရပ်ပင်ဖြစ်သည်။ သူတို့အနေနှင့်ဆိုလျှင် ဖြေရှင်းလို့မရသည့် ပြဿနာတွေ တစ်ပုံတစ်ခေါင်းကြီး လက်ထဲရလာလေ၊ ကောင်းလေပဲ ဖြစ်သည်။ လက်တွေ့သက်သက် ဝါဒသမားများအနေနှင့်တော့ သည်လိုပြောလျှင် ရယ်ချင်ကြပေမည်။ သို့သော် ထိုသူတို့ပင် တကယ်အရေးကို မတွေးမမြင်တတ်သဖြင့် လက်လွတ်ကြရတတ်သည်။

မျက်မှောက်ခေတ် အခြေအနေအရပြောလျှင် အတွေးအမြင် ပညာဖြစ်သည့် 'ဒဿနပညာ' မှာ လက်တွေ့ဘဝတွင် သိပ္ပံပညာ၊ လောကဓာတ်ပညာထက်တော့ ပိုပြီး အကျိုးစီးပွားကို မဆောင်ကြဉ်းနိုင်သည်မှာ မှန်ပါသည်။ သို့ရာတွင် ရှေးအခါကသာ လောကသဘာဝတရားကြီးကို ရှုမြင်အံ့သြပြီး စဉ်းစားတွေးခေါ်ခဲ့ကြသည့် အတွေးအခေါ် ပညာသာ မပေါ်ပေါက်ခဲ့ဘူးဆိုလျှင် ဤလူ့လောကထဲမှာ သိပ္ပံလောကဓာတ်ပညာ ဆိုသည်လည်း ပေါ်ပေါက်လာခဲ့နိုင်သည် မဟုတ်ချေ။ 'ဒဿနပညာ' ဟုခေါ်သော လောကကို ရှုမြင်သုံးသပ်အပ်သော အတွေးအမြင် ပညာ ဦးစွာ ပေါ်ပေါက်ခဲ့၍သာ လောကဓာတ်သိပ္ပံပညာ စတင်ထွန်းကားလာရ၏။ ဘယ်လိုပေါ်ပေါက်လာရသလဲဆိုရင် ဒဿနပညာက မေးခွန်းမေးသည်။ ပြဿနာကို ဖော်ထုတ်သည်။ သို့သော်

mgyoe.com

mgyoe.com
SAMPLE BOOK


ဤပညာက အဖြေကိုမပေး။ (ဥပမာဆိုလျှင် 'ရေဆိုတာ ဘာလဲ' ဤမေးခွန်းကို တွေးခေါ်ရှင်က မေးသည်။ ထိုအခါ သိပ္ပံပညာရှင်က 'ရေဆိုတာ ဟိုက်ဒရိုဂျင်ဓာတ် နှစ်ဆနှင့် အောက်ဆီဂျင်ဓာတ် တစ်ဆပေါင်းထားတဲ့ ဓာတ်ပေါင်းပဲ' လို့ ဖြေသည်။ တွေးခေါ်ရှင်က 'ဒီကမ္ဘာလောကကြီးရဲ့ မူလဘူတအစဟာ ဘာဝတ္ထုလဲ' ဟု ပုစ္ဆာလုပ်သည်။ သိပ္ပံပညာရှင်က 'အဲဒီဝတ္ထုဟာ အဏုမြူဓာတ်မှုန်ပဲ' လို့ ဖြေသည်။ စသည်ပေါ့။) အဲသည်လို အမေးရှိ၍ အဖြေကို ရှာလာရာက သိပ္ပံပညာ ပေါ်ပေါက်လာရချေသည်။ သည်တော့ သိပ္ပံပညာဆိုတာက အဖြေကိုပေးသည့် ပညာဖြစ်လာသည်။ အမှန်မှာ အမေးရှိ၍လည်း အဖြေပေါ်လာခြင်းဖြစ်သည် မဟုတ်လော။

လူ့သမိုင်းမှာ သိပ္ပံပညာတွေ ထွန်းကားလာရသည့် အစကို ပြန်လှန်ရှာဖွေကြည့်မည်ဆိုလျှင်၊ သိပ္ပံပညာရှင်တွေက အဏုမြူဓာတ်မှုန်တွေကို လက်တွေ့ရှာဖွေဖော်ထုတ်လို့ မရမီ၊ ရှေးပဝေသဏီကတည်းက တွေးခေါ်ရှင် ပညာကျော်တွေက အဏုမြူသဘောကို တွေးခေါ်မြော်မြင်သည့်နည်းနှင့် ဖော်ထုတ်ခဲ့ကြသည်။[၁]

ဤသို့ ဖော်ထုတ်စဉ်းစားပေးနိုင်ခဲ့သည့်အတွက် နောက်နောင်အခါ သိပ္ပံပညာရှင်တွေအနေနှင့် ဘာကိုရှာဖွေကြရမည်ဆိုသည်ကို အလွယ်တကူ သိခဲ့ကြရခြင်းဖြစ်၏။ ဒါတင်မကသေး၊ တွေးခေါ်ရှင်ဆိုသည့် လူပုဂ္ဂိုလ်၊ ပါရမီရှင် ရှင့်မာကြီးတွေက လူပြိန်းတွေလို မမြင်ကြဘူး။ လူတွေက ရုပ်ဝတ္ထုဟု သာမည ပညတ်ခေါ်ဝေါ်ပြီး၊ အမှုမဲ့ အမှတ်မဲ့ သုံးစွဲနေကြသည့်အရာကိုပင် 'ရုပ်ဆိုတာ ဘာလဲ' ဟု စောဒက တက်လာကြသည်။ ပုစ္ဆာလုပ်လာခဲ့ကြသည်။ သည်လိုပုစ္ဆာလုပ်လိုက်တော့ 'ရုပ်ဆိုတာ' လူပြိန်းမြင် မြင်လို့မဖြစ်တော့ဘဲ နက်နက်ရှိုင်းရှိုင်း တွေးတောရှုမြင်စရာဖြစ်လာသည်။

"ရုပ်ဆိုတာ ဘာလဲ"

သည်မေးခွန်းက အမေးလွယ်ယောင်ရှိသော်လည်း အဖြေကား မလွယ်။ အမှုမဲ့ အမှတ်မဲ့၊ ရုပ်၊ ရုပ်ဟု အလွယ်သုံးစွဲ ပြောဆိုနေကြသည်။ 'ရုပ်ဆိုတာ ဘာလဲ' ဟု မေးလိုက်သည်နှင့် တစ်ပြိုင်နက် မည်သို့ဖြေမည်နည်း။ အဖြေကား ထွေပြားပါဘိ။ နက်နဲကျယ်ပြောပါဘိ။ အဖြေပေးဖို့ မလွယ်ယောင် ရှိလှတကား။ အဖြေပေးသော်တည့်၊ လူသာမန်တို့ တွေ့မြင်နားလည်သလို ဖြေပုံနှင့် တွေးခေါ်ရှင်တို့ ဖြေပုံ ခြားနားလေမည်သာဖြစ်၏။

---

၁။ အဏုမြူကို ဘီစီ ၄၈၀ ကျော်က တွေးခေါ်ရှင်များဖြစ်သော လူစီဖတ်နှင့် ဒီမိုကရိတပ်တို့က စဉ်းစားဖော်ထုတ်ခဲ့ကြသည်။ (ဆန်းလွင်ရေး ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ စာမျက်နှာ ၉၈)

mgyoe.com

mgyoe.com
SAMPLE BOOK


ယခု ကျွန်ုပ်တို့ တွေ့နေကျ၊ မြင်နေကျ အရာဝတ္ထုတို့နှင့် ရုပ်တရားသည် အခြားနားကြီး ခြားနားသည်။ ရုပ်ဟူသည် မြင်နေကျ၊ တွေ့နေကျ အရာမဟုတ်ဆိုသော နက်နဲသည့်သဘောကို တွေးခေါ်ရှင်တို့ မြင်ခဲ့ကြပြီ။ ဤအမြင်သည်သာ ယထာ ဘူတကျသော အမြင်၊ ဓမ္မကိုမြင်နိုင်သော အမြင်ဖြစ်သည်ဟု နောင်သောကာလ သိပ္ပံပညာရှင်တို့လည်း လိုက်ဆိုခဲ့ကြရပြီ။

လက်တွေ့ မျက်တွေ့သမားတစ်ဦးအဖို့မှာတော့ သစ်ပင်တစ်ပင်သည် သစ်ပင်တစ်ပင်သာ ဖြစ်ချိမ့်မည်။ တွေ့နေကျ၊ မြင်နေကျ အရာဝတ္ထုအားလုံးသည်လည်း အဟုတ်ချည်း၊ အမှန်ချည်းဟု ယူဆပေမည်။ လူ့ဘဝဆိုသည်မှာလည်း ပျင်းရိငြီးငွေ့ဖွယ် အရေးအခင်းချည်းသာ ဖြစ်သည်ဟုလည်း ဆိုပေမည်။ သို့တစေ၊ လူ့ဘဝသမိုင်းတစ်လျှောက်၌ တစ်နေ့သောအခါ ထိုသူအား အတွေးအခေါ်ဆန်သော မေးခွန်းပုစ္ဆာတစ်ခုကို မေးလာသည် ဆိုကြားအံ့။ ဆိုပါစို့၊ စင်စစ် အသုံးမကျသော (ဝါ) လက်တွေ့မကျသော အောက်ပါမေးခွန်းမျိုးကို မေးသည်ပဲ ဆိုပါစို့။ မေးခွန်းကတော့ “ကောင်းပြီ၊ ခင်ဗျားပြောသလို ဒီသစ်ပင်ဟာ တကယ်ပဲ ရှိတယ်လို့ ဆိုတော့၊ ကဲ… ဒါဖြင့် ဒီနေရာမှာ ဒီသစ်ပင်ကို မြင်နိုင် တွေ့နိုင်တဲ့လူ၊ ဘယ်လူမှမရှိဘူးဆိုရင် ဒီသစ်ပင်ဟာ ဆက်ပြီးတည်နေသေးတယ်လို့ ဆိုနိုင်မလား။ ဆိုနိုင်တယ်။ ဘယ်သူမြင်မြင် သစ်ပင်ကတော့ ရှိမြဲရှိနေဦးမှာပဲလို့ ခင်ဗျားက စောဒက တက်လိုသလား။ တက်လိုသပဆိုရင် အဲဒီသစ်ပင်ရှိနေသေးတယ်ဆိုတာ ဘယ်သူမှ မမြင်ဘဲနဲ့ ခင်ဗျား ဘယ်နည်းနဲ့ သိတာတုံး” သည်လိုမေးစရာ ဖြစ်လာသည်။

လူ့သမိုင်းတစ်လျှောက်မှာ အဲသည်လို မေးခွန်းမျိုး မေးလာသည့် နေ့မျိုးမှာပဲ၊ လူ့ပြည်မှာ အတွေးအမြင်ပညာ (ဒဿနပညာ) ရယ်လို့ မွေးဖွားပေါ်ပေါက်လာရခြင်း ဖြစ်ပေတော့သည်။ ဒီလို အတွေးအခေါ်တွေ ပေါ်ပေါက်လာရသည့်နေ့ကစ၍ လူဆိုသည့် သတ္တဝါသည်လည်း သူ့အလိုလို လှုပ်ရှားနေသည့် စက်ရုပ်လို သတ္တဝါမဟုတ်တော့။ သည်ဘဝက လွတ်မြောက်ခဲ့ရသည်။ ဤမေးခွန်းပုစ္ဆာမျိုးကို ဦးစွာဖော်ထုတ်မေးမြန်းနိုင်ခဲ့သော တွေးခေါ်ရှင် ပုဂ္ဂိုလ်ကြီးကား နှယ်နှယ်ရရမဟုတ်ချေ။ သူ့အမေးကို မေးခဲ့သည်။ ထိုစဉ် တစ်နေ့မှသည် ယခုထက်တိုင် ဤအမေးအတွက် အဖြေကိုကား မည်သူမျှ တိတိကျကျ မပေးနိုင်ခဲ့ကြသေးပေ။

ကမ္ဘာ့အတွေးအခေါ်ပညာ သမိုင်းတစ်လျှောက်မှာ တခြားလောက သဘာဝတရားနှင့် စပ်ဆိုင်သည့်မေးခွန်းတွေ အမြောက်အမြားလည်း မေးခဲ့ကြပါပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK

ယင်းမေးခွန်းတွေအတွက် အဖြေတွေလည်း အမြောက်အမြား ပေးခဲ့ကြပါပြီ။ အရေအတွက် သဘောတွေနှင့် ဆက်စပ်သော အမေးတွေကို ဖြေသည့် အဖြေတွေ ရခဲ့သဖြင့် ၎င်းတို့သည် သင်္ချာပညာဖြစ်ကုန်ကြပြီ။ ရုပ်ဝတ္ထုတွေနှင့်ပတ်သက်သည့် အမေးတွေကို ဖြေသည့်အဖြေတွေ ရခဲ့သဖြင့် ၎င်းတို့သည် ရူပသိပ္ပံပညာတွေ ဖြစ်ကုန်ကြသည်လည်း ရှိပါပြီ။ လူ၏ခန္ဓာကိုယ်နှင့်ပတ်သက်သော မေးခွန်းပုစ္ဆာတွေအတွက် မေးခဲ့ကြသော အဖြေတွေကလည်း ခန္ဓာဗေဒဆိုင်ရာ ပညာတွေ ဖြစ်သွားကြချေပြီ။ ဤသို့သဘောရှိရကား အတွေးအမြင်နှင့် သိပ္ပံပညာကို စည်းတားခွဲခြားသည့်အနေနှင့် ဘာသာရပ်ဆယ်လ်က အောက်ပါအတိုင်း ဆိုခဲ့သည်။

"သိပ္ပံပညာဆိုတာကတော့ ခင်ဗျားတို့၊ ကျုပ်တို့ သိပြီးသားတွေပါပဲ။ အဲ... အတွေးအခေါ်ပညာဆိုတာကသာ ခင်ဗျားတို့၊ ကျုပ်တို့ မသိသေးတာတွေပဲ"

သူဆိုသည့်အတိုင်းပင် မသိရသေးသည်မှာ ဒဿနပညာ၊ တွေးခေါ်မြော်မြင်ရေး သဘောတရားများ ဖြစ်သော်လည်း အလွန်ဉာဏ်ရည်ထက်မြက်သူတို့မှာ ဤသို့ဖြေရှင်းမရဘဲ ထိမ်ချန်လျက် ရှိနေသေးသည့် ပြဿနာတို့ကို ဆက်လက်ဖြေရှင်းရန်သာ လွန်စွာလိုလားကြ၏။ အမှန်တော့ ဤစကြဝဠာ၊ ဩကာသ လောကကြီးကို တွေးခေါ်ရှင်၏ မျက်လုံးမျိုးဖြင့် ကြည့်ရှုစုံစမ်းရသည်မှာ ဂမုန်းခွက်ပေါက်ရသည်နှင့် တူလှသဖြင့် အလွန်စိတ်လှုပ်ရှားစဖွယ် ကောင်းလှပါသည်။

နံနက်တိုင်း၊ နံနက်တိုင်း အရှေ့ဥဒညာ(ဥဒည်း)ဘက်က နေမင်းရဲရဲကြီး ထွက်ပေါ်လာသည်ကို လေ့လာရမည်မှာ သိပ္ပံပညာရှင် အဖို့မူကား ပျင်းစရာ အလုပ်ကြီးသာ ဖြစ်တော့သည်။ သို့ရာတွင် တွေးခေါ်ရှင် တစ်ဦးအဖို့မှာတော့ စဉ်းစားစရာ တစ်ပုံကြီးရှိ၏။ "နေ့တိုင်း နေ့တိုင်း နံနက်ပိုင်းမှာ အရှေ့ကနေထွက်သည်ဟု ငါမြင်ခဲ့ရပြီ။ သို့သော် နက်ဖြန်ခါ၌လည်း အရှေ့က နေထွက်ပေဦးတော့မည်ဟု ငါဆိုသော်၊ ကေန္တိက သစ္စာစကား ဖြစ်ချေမည်လော။"

ဤမေးခွန်းကို မေးမိသည်နှင့် သူ့အဖို့ စိတ်ဝင်စားစရာ အတွေးမျှင်သည် ရက်ကန်းချည်သလို ဖြစ်လာတော့သည်။ နေ့စဉ်နေ့တိုင်း အရှေ့က နေထွက်သည်ကို မြင်ခဲ့ရကာမျှဖြင့် အနာဂတ်ကာလမှာလည်း နေသည် အစဉ်ထာဝရ၊ အရှေ့ကပင် ထွက်ရမည်ဟု အခိုင်အမာ ဘယ်သူမျှ မပြောနိုင်ချေ။ အနာဂတ်မှာ ဘာဖြစ်မည်ကို မည်သူမျှ တပ်အပ်သေချာ မပြောသာချေ။ မတင်မကျသော အဖြေ၊ မသေချာ မခိုင်မာသော အဖြေသာ ရပေသည်။ တိတိကျကျ ခိုင်ခိုင်မာမာ သိပြီးသား အချက်တို့
mgyoe.com

mgyoe.com

ကား နောက်ထပ်ဆင့်ပွား စဉ်းစားတွေးခေါ်စရာ မရှိပြီဖြစ်၍ ပျင်းစရာကောင်းလှ၏။ တွေးခေါ်ရှင်ကား ထိုသို့သော ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော အတပ်သိသည့် လောကထဲမှာ ကြာကြာမနေနိုင်။ သံသယပွား၍ သို့လော၊ သို့လော ဆင်ခြင်ကာ ရင်တခုန်ခုန် စိတ်တကြွကြွ စဉ်းစားတိုင်း အသိပညာပွားရသော ဘဝမျိုးကိုသာ နှစ်သက်ခုံမင်၏။ ဩကာသ လောကကြီးထဲက သိခက်နက်နဲသော အတွေ့အကြုံများ၌သာ မွေ့လျော်သူ၊ ရှာန်ဝင်စားသူဖြစ်ပေသည်။

အမှန်တော့ အတွေးအခေါ်ပညာရှင်ဆိုသည်မှာ လောကသဘာဝ အဖြစ်ဆန်းများကို အစဉ်ရှင်သန်သော နားမျက်စိအစုံဖြင့် လေ့လာကြည့်ရှုကာ ရင်သပ်ရှုမော အံ့ဩတွေးတောတတ်သော အသိနုနယ် လူမမည်လိုသာ ဖြစ်ရာသည်။ သူ့အဖို့မှာ သိပြီးရင်း သိချင်ရင်း၊ သိစရာတွေ ပိုမိုများပြားလာရင်း ဖြစ်နေရပေသည်။

အသက်ငယ်ငယ် စကားပြောတတ်သည်ဆိုသည့် အချိန်ကစ၍ လောကကြီး၏ ဆန်းကြယ်ပုံကို ရင်သပ်ရှုမော အံ့ဩ၏။ ထူးထွေတည့် အံ့ရာသည့် ဩကာသလောက၏ ဖြစ်ကြောင်းရယ်မှုကုန်စင်ကို နားမလည်နိုင်တိုင်း သူသည် နက်နဲသော မေးခွန်းပုစ္ဆာတို့ကို အထပ်ထပ် အခါခါ မေးလေ၏။

ထိုသူငယ်ကား တခြားသူမဟုတ်။

ယခုထက်တိုင် အသက်ထင်ရှားလျက် လူသားတို့ ချမ်းသာရာရရေးအတွက် အသက် ၁၀၀ ထိလုပြီဖြစ်သော ကာလသို့တိုင် မနားမနေ ကြိုးပမ်းနေသော ၂၀ ရာစု တွေးခေါ်ရှင်ကြီး၊ ငြိမ်းချမ်းရေးဖခင်ကြီး၊ ကမ္ဘာကျော် လူထူးကြီး၊ **'ဘာသာရန်ရပ်ဆယ်လ်'** ပင် ဖြစ်ပေတော့သည်။

သူ့ဘဝကား ထူးလည်းထူးလှပါ၏။ ရှုးလည်း ရှုးသည်ဟု ဆိုရမည်လား မပြောတတ်။ ဆန်းလည်းဆန်းသည်၊ ကြမ်းလည်းကြမ်းသည်လို့တော့ ဆိုနိုင်သည်။

သူ့ကို မွေးပြီး၍ သုံးရက်အကြာတွင် မိခင်၏ ရင်ခွင်ထဲမှ သူသည် ခေါင်းထောင်၍ ထသည်ဟု သူ့မိခင် ရေးခဲ့ဖူးသည့် စာတစ်စောင်တွင် တွေ့ရသည်။ သုံးရက်အကြာ ခေါင်းထောင်နိုင်စဉ်က သူ့မှာ အားပြည့်အင်ရွှ ရှိလှသည့်ပြင် သူ့မျက်လုံးတွေကလည်း ဟိုကြည့်သည်ကြည့် လုပ်နေတော့သည်ဟု ဆိုသည်။ မှန်ပေမည်။ ယခု သူ အသက် ၉၅ နှစ်ရှိပြီဖြစ်သော်လည်း သူကား အားရှိတုန်း။ ကမ္ဘာငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်တုန်း၊ စာအုပ်တွေရေးတုန်း၊ လောကအကြောင်း၊ လူအကြောင်းများကို စူးစမ်းလေ့လာတုန်း ရှိသေး၏။ (လောလောဆယ် ဤစာအုပ်ကို ရေးနေစဉ်တွင် စတော့ဟုမ်း

mgyoe.com

mgyoe.com SAMPLE BOOK

မြို့၌ နိုင်ငံတကာတရားခုံရုံးဖွင့်ကာ ဂျွန်ဆင်အစိုးရကို ဗီယက်နမ်စစ် တရားခံအဖြစ် စွဲချက်တင် စစ်ဆေးနေလေသည်။ ဘာထရန်ရပ်ဆယ်လ် စစ်ရာဇဝတ်ခုံရုံးကား ကမ္ဘာ၌ ဟိုးဟိုးကျော်နေသည်) ဘာထရန်ရပ်ဆယ်လ်အဖို့တော့ ရင်ဆိုင်ရသမျှသော ပြဿနာများအတွက် အဖြေရခဲ့သည်က များသည်။ သည်လို အဖြေ တိတိကျကျ ရနိုင်ခဲ့ခြင်းမှာ တခြားကြောင့်တော့မဟုတ်၊ သူမေးသမျှ မေးခွန်းပုစ္ဆာတွေက ချက်ကျသောကြောင့်သာ ဖြစ်၏။ ပြဿနာမဟုတ်ဘဲလျက် ပြဿနာလုပ်ကာ ကိုယ့်ပြဿနာထဲ ကိုယ်တိုင် ချာချာလည်နေရသော ပဟေဠိဆရာ တွေးခေါ်ရှင်ဆိုသည့် လူစားမျိုးကိုလည်း ရပ်ဆယ်လ်က နှိမ့်နှိမ့်ချချ ပုတ်ခတ်ပြောဆိုတတ်သည်။ မိမိကိုယ်တိုင်က ဘယ်အရေးကိစ္စမျိုးတွင်မဆို တိတိကျကျ နားလည်သဘောပေါက်ပြီး အမှန်ကို အမှန်အတိုင်း မြင်ချင်သည်။ သည်လို ယထာဓမ္မတရားကို မြင်ရလျှင်လည်း အသည်းစွဲ ယုံကြည်ချင်သည်။ သည်စိတ်၊ သည်ဆန္ဒတွေက သူ့ရင်ထဲတွင် တဖွားဖွား ပေါ်ပေါက်နေသောကြောင့်လည်း သူ့မှာ ဘာကိုမျှ လွယ်လွယ်နှင့် မယုံကြည်ရဲ။ တော်ရုံနှင့် ဘဝင်မကျဖြစ်ရသည်။ ဘယ်နေရာမှာမဆို သူသည် သူများနှင့်မတူအောင် သံသယစိတ် ကြီးကြီးမားမား ဝင်မိသည်။

ဘယ်နေရာ၊ ဘယ်အခင်းမှာမဆို ဧကန္တိက သစ္စာတရားဟု ဆိုရသော မဖောက်မပြန် ဧကန်ဖြစ်သော အသိပညာမျိုးကိုသာ သူ့မှာ လိုချင်ရမ္မက်ကြီးလှသည် ဖြစ်ပေရကား၊ ကိစ္စကြီးငယ်မဟူ၌ သူသည် အလွယ်တကူ လက်မခံ၊ သို့လော သို့လော တွေးတော ဆင်ခြင်ကာ မေးခွန်းပေါင်းများစွာကို မေးလေတော့သည်။ သူ့အဖြစ်က ဘာသာရေးကို အသည်းစွဲယုံကြည်သက်ဝင်သော အချို့လူများအဖြစ်နှင့်လည်း တူသည်။

ဘာသာရေး၌ စွဲဝင်ယုံကြည်သူကလည်း ဘာသာတရားနှင့် စပ်ဆိုင်သမျှကို နှလုံးပီတိ ပြည့်ပြည့်ဝဝ၊ လှိုက်လှိုက်လှဲလှဲ ယုံသည်။ စိတ်နှလုံး တုံးတုံးချပြီး ယုံသည်။ သူ့မှာ ယင်းသို့ ယုံကြည်ချင်သည်။ လောကအကြောင်း၊ လူအကြောင်း သိကောင်းစရာများ၌ တိကျမှန်ကန်သော အသိမှန်၊ အမြင်မှန်ကိုရပြီး ယင်းအသိမှန် အမြင်မှန်ကိုပင် စွဲမြဲစွာ ယုံချင်သည်။ သို့သော် သူ့ဆန္ဒကား မပြည့်ခဲ့ချေ။ နောက်ဆုံးတွင် သူ့အဖို့ ယုံကြည်လက်ခံစရာမရှိတော့၊ ဘာကိုမျှ ယုံကြည်လို့လည်းမရတော့။ ရှေးက ပေါ်ပေါက်ခဲ့လေဖူးသော တွေးခေါ်ရှင်၊ ပါရမီရှင်ကြီးများလမ်းကိုသာ သူလိုက်ရချေပြီ။ ပြဿနာတွေကိုသာ ဆင့်ကဲ ဆင့်ကဲ မြင်လာသည်။ မေးခွန်းတွေကို တစ်ခုပြီး

mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ခု ဆက်ကာဆက်ကာ မေးရသည့်အခြေသို့ ဆိုက်လာသည်။ နောက်ဆုံးတော့ သူ့မေးခွန်းတွေကို သူကိုယ်တိုင်လည်း အဖြေမရတော့။

သူ အဖြေပေးနိုင်သည်ထက် သူကြုံရသော မေးခွန်းပုစ္ဆာ ပြဿနာတွေက များသည်။ သူလည်း မဖြေနိုင်တော့။ သည်လို သူမတတ်နိုင်သည်ကို ရှင်းရှင်းဝန်ခံတတ်သော ပွင့်လင်းမှု၊ မထိမ်ချန်မှုတို့ကြောင့်ပင် ဘာထရန်ရပ်ဆယ်လ်သည် ကမ္ဘာတွေးခေါ်ရှင် အကျော်အမော်ကြီးများထဲတွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့ရသည်ဆိုသော် မှားအံ့မထင်ချေ။

ကျွန်ုပ်တို့ မျက်မှောက်ပြုနေရသော ဤခေတ်ကြီးထဲမှာတော့ သူသာလျှင် ပြဿနာကို ဖွေရှာပြီး စူးစမ်းမေးမြန်းသူဖြစ်သည်ကို မည်သူမျှမငြင်းနိုင်ပေ။

တတ်သိနားလည်သော အရွယ်ကစ၍ ဦးစွာ သူ့ရင်ထဲတွင် ပြဿနာများ ဖြစ်လာသဖြင့် သင်္ချာ၊ ဗေဒ၊ ဘာသာရေးနှင့် ဒဿနပညာများကို မေးခွန်းစထုတ်တော့သည်။ သူ့ခေတ်အထိ ရှိခဲ့သော သင်္ချာကိုလည်း သူမကျေနပ်။ ဘာသာရေးကိစ္စများမှာလည်း စိတ်ထဲ မတင်မကျဖြစ်ရသည်။ တွေးခေါ်မြော်မြင်ရေး သဘောတရား (ဒဿနပညာ) မှာလည်း ပြဿနာတွေကို အမြောက်အမြား တွေ့နေပြန်သည်။ ဒါတွေသာမက၊ ခေတ်အလျောက် လက်ခံထားကြသော စစ်နှင့်ပတ်သက်သည့် သဘောအယူအဆများကအစ၊ နိုင်ငံရေး၊ လိင်ကိစ္စ၊ ပညာရေးမှမကျန် အားလုံးကို စစ်ကြောသုံးသပ်ကြည့်မိသည်။ လူတွေ၏ စိတ်ဓာတ်ကို အစဉ်သဖြင့် ရှေ့သို့ချီကြွတက်လှမ်းလိုစိတ်များ မွေးပေးသဖြင့်လည်း လောကကြီးသည် တစ်သက်လုံး ကိုယ်တွေ့ နေရသလိုချည်း မဟုတ်တော့ဘဲ တစ်မူထူးခြား ပြောင်းလဲလာမည်ကိုလည်း သူ တွေးတောဆင်ခြင်မိသည်။

ဘာထရန်ရပ်ဆယ်လ်ကား ထူးခြားသော ယောကျ်ားထူးတစ်ပါးဖြစ်၏။ မွေးပြီးသုံးရက်အကြာတွင် ခေါင်းထောင်နိုင်ခဲ့သော သတို့သား ယောကျ်ားမြတ်၏ အရိုးအစဉ်မှာ မှူးမျိုး၊ မတ်နွယ်၊ အခွင့်ထူးခံ သူကောင်းမျိုး ဇာတိခံဖြစ်ပေသည်။ သူတို့အမျိုးမှာ အရိုက်အရာကို ဆက်ခံယူရသည့် ပဒေသရာဇ်နွယ်ရိုး၊ သူကောင်းမျိုးဖြစ်ရကား၊ သူဆင်းသက်လာရသော အမျိုး အစဉ်အဆက်မှာလည်း အတော်ပင် ဆွေတော် မျိုးတော် စပ်ရသည်မှာ ရှုပ်ထွေးလှသည်။ ထို့ကြောင့် သူမတိုင်မီ ဘေးဘိုးအစဉ် သုံးဆက်လောက်ကိုသာ အကျဉ်းရုံး ဤစာတမ်းတွင် ဆိုပါတော့မည်။ ရပ်ဆယ်လ့်တို့ ဘိုးဘေး မျိုးဆက် သုံးဆက်လောက်ကို ပြန်ကြည့်လျှင် ဆဋ္ဌမမြောက် ဘက်(ဒ)ဖုဒ် မြို့စားကြီးက

mgyoe.com

mgyoe.com
SAMPLE BOOK


စရပေမည်။ ဘက်(ဒ)ဖုဒ် မြို့စားကြီးသည် ဗိုင်းကောင့်တိုရင်တန်၏ သမီးနှင့် သင့်မြတ်ခဲ့သည်။ သူတို့၏ တတိယမြောက်သားတော်မှာ ဘာထရန်ရပ်ဆယ်လ်၏ အဘိုးတော်သူဖြစ်သည်။ အင်္ဂလိပ်ရာဇဝင်သမိုင်းတွင် လော့ဒ်ဂျွန် ရပ်ဆယ်လ်အမည်ဖြင့် လွန်စွာထင်ရှားသည်။ (ဤပုဂ္ဂိုလ်ကစ၍ အားလ်ရပ်ဆယ်လ်ဘွဲ့ထူးကို ပထမဆုံး အကြိမ် ရရှိခံစားရသည်။)

လော့ဒ်ဂျွန် ရပ်ဆယ်လ်၏ ပထမဇနီးမှာ မုဆိုးမတစ်ဦးဖြစ်သည်။ ဒုတိယဇနီးမှာမူ အားလ်အော့(ဖ)မင်တို၏ သမီးတော်ဖြစ်သည်။ ဒုတိယ အိမ်ထောင်ဖက်မှရသော အကြီးဆုံးသားမှာ 'အားလ်' ဘွဲ့ထူးကို မရ၊ 'ဗိုင်းကောင့်ဘွဲ့' ကိုသာရပြီး ဗိုင်းကောင့် အမ်ဘာလေဟု တွင်သည်။ သူသည် လော့ဒ်စတင်လေ၏ သမီးဖြစ်သူ ကိတ်စတင်လေနှင့် စုံဖက်လက်ထပ်သင့်မြတ်ခဲ့ကြသည်။

အမ်ဘာလေ ဇနီးမောင်နှံတွင် သားကြီးဖြစ်သူ 'ဖရန့်(က)' အား ၁၈၆၅ ခုနှစ်တွင် ဖွားမြင်ခဲ့လေသည်။ သားကြီး ဖရန့်(က)သည် နောင်အခါ ဒုတိယမြောက် **'အားလ်ရပ်ဆယ်လ်'** ဖြစ်လာသည်။ ထို့နောက် သမီးတော် 'ရာချယ်လ်' အား ၁၈၆၈ ခုနှစ်တွင် ဖွားမြင်ပြန်သည်။ ဤသူငယ်မမှာ အလွန်ချောမောလှပ၍ သမင်မငယ်၏ မျက်လုံးကဲ့သို့ ဝန်းလည်ရည်ရွှန်း နက်မှောင်သော မျက်လုံးဖြင့် အလွန်တင့်တယ်သည်ဟူ၏။ သားအငယ်ဆုံးမှာကား **'ဘာထရန်၊ အာသာ၊ ဝီလျံ ရပ်ဆယ်လ်'** ဟု တွင်သော သားတည်း။

ဘာထရန်ရပ်ဆယ်လ်အား ၁၈၇၂ ခုနှစ်၊ မေလ ၁၈ ရက်နေ့၊ မွန်းလွဲ ၅ နာရီ ၄၅ တွင် ဖွားမြင်ခဲ့လေသည်။ သူ့ကို မွေးဖွားပေးခဲ့သော ဆရာဝန်၏ အဆိုအမိန့်အရ သူတို့ခေတ်က ဤမျှထွားသော ကလေးမှာ မရှိသလောက် ရှားပါးလှသည်ဟု ဆိုသည်။ ဘာထရန်ရပ်ဆယ်လ်၏ မိခင် ကိတ်စတင်လေထံမှ သူမ၏ မိခင်ဖြစ်သူ လေဒီစတင်လေသို့ ရေးသည့်စာထဲတွင်လည်း အောက်ပါအတိုင်း ရေးခဲ့ဖူးသည်ကို တွေ့ရသည်။

"အမေရယ် ဒီကလေးကတော့ ထူးရော... အလေးချိန်ကလည်း ရှစ်ပေါင်နဲ့ ၁၂ အောင်စတောင်ရှိတယ်။ အရပ်ကလည်း ကြည့်ပါဦး၊ မွေးမွေးချင်း ၂၁ လက်မတောင်ရှိတယ် အမေရဲ့။ ဝလိုက်တာကလည်း တစ်ပွေ့တစ်ပိုက်ကြီး။ အရုပ်ကလည်း ဆိုးလိုက်တာ။ ရုပ်ကတော့ ဖရန့်(က)နဲ့ သိပ်ဆင်တာပဲတဲ့... လူတိုင်းက ပြောနေကြတယ်။ မျက်လုံး အပြာကလေးတွေကလည်း ပြူးပြူးကျယ်ကျယ်ကလေးတွေ။ မေးစေ့က

mgyoe.com

mgyoe.com SAMPLE BOOK


တော့ သိပ်မပေါ်ဘူး... သမီးမှာ နို့ကလည်း ဖောဖောသီသီ ရပါတယ်။ ဒါတောင် ဒီကလေးက သူစို့ချင်လို့ နို့ဆွဲတော့ ချက်ချင်းမရရင် အမယ်လေး... ဒေါသတကြီးနဲ့ ဆောင့်အော်တော့တာပါပဲ။ ဒေါသကလည်း သိပ်ကြီးတယ်။ သူဒေါသဖြစ်ရင် တော်တော်ချော့ယူရတယ်။ ကြမ်းလည်း သိပ်ကြမ်းတာပဲ။ ဆရာဝန်ကြီးကတော့ ဒီကလေးမှာပါတဲ့ ကြွက်သားတွေဟာ သူများနဲ့ မတူအောင်ကို ကြံ့ခိုင်မာကျောတယ်လို့ ပြောပါတယ်"

ဤကား သူ့အမေ ရေးခဲ့ဖူးသည့်စာ။

ထို့နောက် ကလေးအတွက် နာမည်ပေးရေး ပြဿနာပေါ်လာသည်။ ဘယ်နာမည်မျိုး ပေးမည်နည်း။ လေဒီရပ်ဆယ်လ် ဆိုသူ အဘွားကမူ သူ့အမည်ကို **'ဂလားဟာ့ဒ်'** ဟု ပေးလိုသည်။ သို့သော် မိခင်ဘက်က အဘွားဖြစ်သူ လေဒီစတင်လေကမူ မကြိုက်။

"ညည်းသားကို ဂလားဟာ့ဒ် ဆိုတာ အပြစ်မကင်းတဲ့ နာမည်မျိုးတော့ မပေးပါနဲ့ သမီးရယ်... နာမည်ဆိုတာ မင်္ဂလာယူရတာမျိုးမဟုတ်လား" ဟု သမီးကို လှည့်၍ ဆိုသည်။ သည်ကစ၍ ဂလားဟာ့ဒ် နာမည်ပျောက်ကာ ကမ္ဘာ့အတွေးအခေါ်ပညာရှင်သမိုင်းတွင် ဘာထရန်ရပ်ဆယ်လ် အမည်သည်သာ ထင်ရှားလာသည်။ ဘာထရန်ရပ်ဆယ်လ်မှာ မျိုးရိုးအရ သူကောင်းမျိုးဘွဲ့ဖြစ်သော တတိယမြောက် အားလ်ရပ်ဆယ်လ်ဆိုသော အမည်။ ဂုဏ်ထူးဝိသေသဘွဲ့မည်ရည်ကို လိုက်၍ပေးသော အားလ်၊ ရပ်ဆယ်လ်၊ OM, FRS. ဆိုသော ဘွဲ့များမှာမူ မထင်ရှား၊ မကျော်ကြားခဲ့။ **ဘာထရန်ရပ်ဆယ်လ်** ဟူသော အမည်သာ ထွန်းတောက်ကျော်ကြားခဲ့ပေသည်။

လောကတွင် မိခင်ဖြစ်သူတိုင်းက မိမိသားသမီးကို အထူးအမြတ်ဖြစ်မည်ဟု မှတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်၏။ သို့သော် ငယ်စဉ်ကပင် ဘယ်လိုနှိမ်လို့မှ အနှိမ်မခံ၊ သူ့ဘာသာ ပျော်ရွှင်စွာ နေတတ်သော ဘာထရန်ကိုတော့ တစ်ဆွေမျိုးလုံးက အံ့ဩချီးမွမ်းနေကြရသည်။ အဘွားဖြစ်သူ လေဒီရပ်ဆယ်လ်ကမူ 'အရွတ်အနောက်လည်းတတ်၊ ပျော်စရာလည်း သိပ်လုပ်တတ်တဲ့ ကောင်ကလေး' ဟု မှတ်ချက်ချသည်။

သူ့ဦးလေးတော် ဝီလျံရပ်ဆယ်လ်ကတော့ ဘာထရန်၏မျက်နှာပေါ်တွင် ဘယ်သောအခါမျှ အပြုံးမပျက်ဘူးဟု ဆိုဖူးသည်။ သူ့အရီးတော် အာဂါသာ၊ ရပ်ဆယ်လ်ကလည်း သူ့အကြောင်းကို စာတစ်စောင်ထဲတွင် ထည့်ရေးခဲ့ဖူးသည်။

"မနေ့က သူလေ... စာအုပ်စင်ပေါ်က စာအုပ်အထူကြီးတစ်အုပ်ကို သူ့ဘာသာ

mgyoe.com

mgyoe.com
SAMPLE BOOK


သူ ဆွဲချပြီး၊ သူ့ရှေ့က ကုလားထိုင်ပေါ်မှာ တင်တယ်။ ပြီးတော့ ဘာလုပ်တယ် မှတ်သလဲ၊ အမယ်လေး။ ကျကျနနဖွင့်ပြီး ဖတ်နေရော။ သူ့အရွယ်နဲ့ သူ့လုပ်ပုံနဲ့ ကြည့်ရတာ၊ စိတ်ထဲက မနေနိုင်ဘူး။ ရယ်ရတယ်။ သူ့အသက် တစ်နှစ်နဲ့ ၁၀ လ လောက်ရောက်တော့ စကားပြောနိုင်ပြီ။ 'ခွင့်လွှတ်ပါ'၊ 'ဘာမှမရှိတော့ဘူး'၊ 'ဟင့်အင်' ဆိုတဲ့ စကားမျိုးတွေလည်း သူ သုံးတတ်နေပြီ"

အထက်တန်းစား သူကောင်းမျိုးတို့ နေထိုင် ဆက်ဆံပုံအတိုင်း သူသည် နေထိုင် ဆက်ဆံတတ်လာပြီ။ တစ်နေ့သ၌ ဘိုးဘွားများနှင့်အတူရှိနေစဉ် သူတို့အိမ်သို့ ဝိတိုရိယ ဘုရင်မကြီး ကြွရောက်လာလေသည်။ ထိုအခါ ဘာထရန်ကလေးက ဘုရင်မကြီးကို ဦးညွှတ်ပြီး တရိုတသေ ကြိုဆိုသည်ဟု သူ့အရီးတော် အာဂါသာက ပြောဖူးသည်။

ထိုသည့်နောက်ပိုင်းတွင်၊ ဘာထရန်ရပ်ဆယ်လ်၏ ဘဝတွင် မိုးမှောင်ကျလာ သည်ဟု ဆိုရပေမည်။ လူမှန်းသိခါစအရွယ် လူမမည်ဘဝမှာပင် ကြေကွဲဖွယ်အဖြစ် ဆိုးတို့ကို ရင်ဆိုင်ရတော့သည်။ သူ့ကို ဖွားမြင်ပြီး၍ တစ်နှစ်မြောက်လောက်သော အချိန်မှာ ဖခင်ဖြစ်သူ ဗိုင်းကောင့် အမ်ဘာလေမှာ အပြင်းအထန် နာမကျန်း ဖြစ်လေ သည်။

ထိုရောဂါမှာ မကြာခဏ သတိလစ်ပြီး တက်တတ်သည့် ငန်းရူးလို ဖြစ်သွား သည်။ နောက်တစ်နှစ်အကြာတွင် ဦးရီးတော် ဝီလျံရပ်ဆယ်လ်လည်း ရူးသွပ်သော ဝေဒနာ စွဲကပ်ပြန်သည်။ ဤဝေဒနာကို ခံစားရင်း ၁၉၃၃ ခုနှစ်ကျမှ ဆုံးရှာရသည်။ တစ်ဖန် အစ်ကိုဖြစ်သူ ဖရန့်(က) လည်း လည်ချောင်းကွဲရောဂါ စွဲကပ်ပြန်သည်။ သို့သော် ဖရန့်(က)မှာ စိတ်ဓာတ်ခိုင်မာသူဖြစ်သဖြင့် ဤရောဂါက ကောင်းသွားပြီး အသက်တမ်းဆုံးသည့်တိုင် နေခဲ့ရသော်လည်း နှမဖြစ်သူ ရာချယ်လ်အား ကူးစက် စွဲကပ်သွားသည်။ ရာချယ်လ်မှာ ထိုစဉ်က အသက် ခြောက်နှစ်သာ ရှိသေးသည်။ သမီးကလေးကို ပြုစုရင်း မိခင် ကိတ်အမ်ဘာလေမှာလည်း ထိုရောဂါ ကူးစက် စွဲကပ် ရပြန်သည်။ ထိုရောဂါဖြင့် သမီးရော အမေပါ ဆုံးရှုံးရလေသည်။

ထိုစဉ်က ဘာထရန်၏ အသက်မှာ နှစ်နှစ်ခန့်သာ ရှိသေးသည်။ ထိုရောဂါ စွဲကပ်သူများကို စိုးရိမ်သဖြင့် သူ့အား ရောဂါကင်းလွတ်ရာသို့ ပို့ထားခဲ့ကြသောကြောင့် သာ ချမ်းသာရာရခဲ့ခြင်းဖြစ်၏။

ဖခင် အမ်ဘာလေမှာလည်း ရောဂါက တစ်ဖက်၊ ဇနီးနှင့် သမီး ဆုံးရှုံးရသော သောက ပရိဒေဝကတစ်ဖက် ဖိစီးသဖြင့် ကြာရှည် အသက်ရှင်မနေနိုင်တော့ဘဲ

mgyoe.com

mgyoe.com
SAMPLE BOOK


နောက်ထပ် တစ်နှစ်ခွဲအကြာတွင် ကွယ်လွန်ရရှာသည်။ ထိုစဉ်က သူ့အသက်မှာ ၃၃ နှစ်သာ ရှိသေးသည်။

ဖခင်ဖြစ်သူ အမ်ဘာလေ သေဆုံးခါနီးတွင် အစ်ကိုဖရန့်(က) မှာ ဖခင်၏ လက်မောင်းကို ဖက်ကာ ရှိုက်ကြီးတငင် ငိုလေသည်။ သို့သော် ဘာထရန်ကမူ မငို။ ဆရာဝန်က သူ့ကိုချိုပြီး ဖခင်အား နမ်းစေရာ ဖခင်က ညင်သာစွာ နမ်းသည်။ ပြီးတော့ "သွားတော့မယ် သားတို့ရယ်... ဖေဖေတော့ မနေရတော့ဘူး" ဟု ဆိုရှာသည်။ ထိုအခါ ဘာထရန်က ပြုံးပြီး ကြည့်နေသည်ဟု ဆိုသည်။

ထိုအချိန်တွင် ဖရန့်(က) ရပ်ဆယ်လ်မှာ အသက် ၁၀ နှစ်ရှိပြီ။ ဘာထရန်ကမူ လေးနှစ်ပင် မပြည့်သေးပေ။ သူ့အရွယ်နှင့်ဆိုတော့ သူတို့ အိမ်ထောင်စုထဲတွင် ဘာတွေ အပြောင်းအလဲဖြစ်နေပြီဆိုသည်ကိုပင် သူ့မှာ ရေရေလည်လည် သဘောမပေါက်နိုင်သေးပေ။ ပင်ကိုဉာဏ်က ထက်ပြီး ဘာကိုမဆို နားလည်လွယ်သည်ကား မှန်၏။ သို့သော် သူ့အနေနှင့် ဆုံးရှုံးမှုသဘော၊ ကြေကွဲခြင်း သဘောတို့ကိုမူ မခံစားတတ်သေးပေ။ နောင်အခါ သူက သူ့စာများထဲတွင် 'ကျွန်ုပ်ဘဝသည် စိတ်ဆင်းရဲခြင်းဖြင့်သာ စတင်ခဲ့ရသည်' ဟု ဆိုစေကာ၊ တကယ့်တကယ်တော့ ငါးနှစ်သား အရွယ်လောက် အထိမှာ သူသည် ဘာမျှ တိတိကျကျ မသိသေး။ မှန်ပေသည်။ ငါးနှစ်ကျော်သော နောက်ပိုင်းအချိန်တွင်တော့ ခံစားတတ်ပြီဖြစ်၍ သူပြောသလို စိတ်မချမ်းမြေ့ခဲ့ရသော ဘဝဆိုက ဆိုထိုက်သည်။

ဖခင်ဖြစ်သူ အမ်ဘာလေသည်လည်း အလွန်စိတ်ဓာတ် ခိုင်မာသူဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ် အသက်ပိုင်းအတွင်း ကွယ်လွန်ခဲ့ရသော်လည်း သူ့သက်တမ်း တစ်လျှောက်တွင် လွတ်လပ်စွာ တွေးခေါ်ယူဆမှုဒြိုသာ အထုံပါသူဖြစ်သည်။ ထို့ကြောင့် သူ့သားများကို ပြုစုစောင့်ရှောက်ရန်အတွက် အထိန်းတော်များအဖြစ် ဘုရားမယုံသော လူနှစ်ဦးကိုသာ ခန့်ထားခဲ့၏။ သို့သော် သူ ကွယ်လွန်သောကာလ၊ သူ၏ သေတမ်းစာ အတိုင်း ကျန်ရစ်သူများက မဆောင်ရွက်ကြဘဲ ကလေးများကို မိကြီး၊ ဖကြီး များကသာ တာဝန်ယူစောင့်ရှောက်ကာ မြေတောင်မြှောက်ပေးခဲ့လေသည်။ မိတဆိုး၊ ဖတဆိုး ကလေးများ၏ ကိစ္စအဝဝကို လော့ဒ်၊ ချန်ဆလာက တာဝန်ယူ ထိန်းကျောင်းရန်သာ ပြုပြင်သတ်မှတ်ခဲ့၏။

ဘာထရန်၏ အဘိုးတော်သူ နန်းရင်းဝန်ဟောင်း လော့ဒ်၊ ဂျွန်၊ ရပ်ဆယ်လ် မှာ အလုပ်က အနားယူပြီးနောက် ၎င်း၏ စံအိမ်ကို ရစ်ချ်မွန်ပန်းခြံ (ပင်းဘရုတ်လော့ဂျ်)

mgyoe.com

mgyoe.com SAMPLE BOOK


တွင် ဆောက်လုပ်သည်။ ဤစံအိမ်မှာ ဘုရင်မက လက်ဆောင်အဖြစ် ချီးမြှင့်သော အိမ်ဖြစ်သည်။ ထိုအိမ်သို့ ဖရန့်(က)နှင့် ဘာထရန်တို့ နှစ်ဦးကို ပို့ရောက်လာရသော အချိန်၌ အဘိုးတော်သူ အားလ်ရပ်ဆယ်လ်မှာ အသက် ၈၃ နှစ်ပင် ရှိချေပြီ။ နောက်နှစ်နှစ် သူ့အသက် ၈၅ နှစ်တွင် အားလ်ရပ်ဆယ်လ်လည်း ကွယ်လွန်အနိစ္စ ရောက်ပြန်သည်။ ဘာထရန်အဖို့တော့ အင်မတန် ကလေးချစ်တတ်ပြီး သူ့အပေါ် ကယုကယင် ပြုစုစောင့်ရှောက်သော အဘိုးကို တမ်းတရင်းသာ ကျန်ရစ်ခဲ့ရရှာသည်။

အားလ်ရပ်ဆယ်လ် ကွယ်လွန်သော်၊ အစ်ကိုဖြစ်သူ ဖရန့်(က)သည် အားလ်ဘွဲ့ထူးကို ဆက်ခံရရှိခဲ့လေသည်။

သူ့ငယ်ဘဝ၌ မိဘနှစ်ပါးဆုံးပြီးနောက် ဘာထရန်ရပ်ဆယ်လ်တို့ ညီအစ်ကိုကို ပြုစုစောင့်ရှောက် ထိန်းသိမ်းလာခဲ့သည်မှာ သူတို့၏အဘွား လေဒီဂျွန်ရပ်ဆယ်လ် ဖြစ်ပေရာ၊ သူငယ်များအပေါ်၌ သူ၏သြဇာမှာ ကြီးမား ရင့်ညောင်းခဲ့၏။ လေဒီဂျွန် ရပ်ဆယ်လ်သည် စကော့တစ်၊ ပရက်ဇီတေးရီးယန်း မျိုးနွယ်မှ ဆင်းသက်လာခဲ့သူ ဖြစ်၏။ ပြူရီတန်ကလည်းဖြစ်၊ သီလ သမာဓိ ကြီးမားသူလည်းဖြစ်စေကာ၊ လေဒီဂျွန်မှာ အသောအရွှန်း အပျော်အပါးကိုမူ လက်ခံသည်။ တစ်ဖက်က ကြည့်တော့၊ သူ့ခင်ပွန်းနှင့်စာလျှင် သူ့အသက်အရွယ်မှာ နုပျိုငယ်ရွယ်သည်ဖြစ်၍ စိတ်ဓာတ်ကလည်း တက်တက်ကြွကြွရှိလေသည်။ အသက် ၇၀ အရွယ်ပိုင်း ရောက်သောအခါ လေဒီဂျွန်သည် ယူနီတေးရီးယန်း ခရစ်ယာန်ဂိုဏ်း* ဝင် ဖြစ်လာသည်။ ထိုအချိန်ကစ၍ ဗြိတိသျှတို့၏ နယ်ချဲ့စစ်မှန်သမျှကို ဆန့်ကျင်သည်။ အိုင်ယာလန်ပြည်ကို ဟုမ်းရူးလ်ခေါ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးကိုလည်း ထောက်ခံသည်။

လေဒီဂျွန်ရပ်ဆယ်လ်အနေနှင့် ရှေးမူ ရှေးဟန်ပါသော ပြူရီတန်ဝါဒကို လက်မလွှတ်စေကာ၊ တစ်ဖက်ကလည်း တိုးတက်သော လစ်ဘရယ်ဝါဒကိုပါ လက်ခံသူဖြစ်သည်။ ထို့ကြောင့် ရပ်ဆယ်လ်တို့ ညီအစ်ကိုမှာ ပြူရီတန်ဝါဒနှင့် လစ်ဘရယ်ဝါဒ နှစ်ခုပေါင်းထားသည့် စည်းကြီးကမ်းကြီး ပတ်ဝန်းကျင်တွင် နေထိုင်ကြီးပြင်းလာရသည်ဆိုသော် ဆိုရာသည်။ တစ်နည်းဆိုတော့ စကော့တစ် အစဉ်အလာရိုးရာများနှင့် ဂျာမန်ဆွစ်ဆန်သော အုပ်စိုးမှုတို့သည် သူတို့၏ အသွေးအသားထဲထိ စိမ့်ဝင်ခဲ့ရသည်။ (ထိုစဉ်က ဗြိတိသျှ လစ်ဘရယ်များသည် ဂျာမနီပြည်ကို ပြင်သစ်ပြည်ထက် ပို၍

* ဘုရားသခင်သည် သုံးပါးပေါင်းဘုရား (ထရိနိတီ) မဟုတ်။ တစ်ပါးတည်းဖြစ်သည်ဟု ယုံကြည်သော ခရစ်ယာန်ဂိုဏ်း။

mgyoe.com

mgyoe.com
SAMPLE BOOK


သဘောကျသည်။ အကြောင်းမှာ ပြင်သစ်သည် နပိုလီယန်လို လူမျိုးလက်ထက်တွင် အာဏာရှင်ဆန်ဆန် စစ်အုပ်ချုပ်ရေးမျိုးဖြင့် ဖိနှိပ်အုပ်ချုပ်ခဲ့သောကြောင့်ဖြစ်သည်။)

ဘာထရန်အနေနှင့်လည်း အရွယ်သင့်၍ အင်္ဂလိပ်စာကို စတင်သင်ကြားရသည် ဆိုကတည်းက ဂျာမန်စာကိုပါ တစ်ပါတည်း သင်ကြားတတ်မြောက်ခဲ့ရပေတော့သည်။

ပင်းဘရွတ်လော့(ဂ်) စံအိမ်၌ အိမ်တွင်းမှု အအုပ် အချုပ် မှန်သမျှကို ဘာထရန်တို့၏ အရီးတော် အပျိုကြီး အာဂါသာက ဦးစီးချုပ်ကိုင်ထားသည်။ ဤအပျိုကြီးမှာ အမြဲတမ်း (ရာသီမရွေး) ပဝါဖြူတစ်လွှာကိုခြုံပြီး အနက်ရောင် ကတ္တီပါ ခြေညှပ်ဖိနပ်ကိုသာ ဝတ်ဆင်တတ်မြဲဖြစ်သည်။ သူ့ဦးရီးတော် ရိုလိုကျပြန်တော့ အပေါင်းအသင်း အဆက်အဆံကလည်း ညံ့သည်။ အရှက်အကြောက်ကလည်း ကြီးသည်။ လူပေါင်း မဆံ့သူတစ်ဦးဖြစ်သည်ဟု ဆိုထိုက်သည်။

သို့သော် ဤဦးရီးတော် ရိုလိုသည်ပင် ဘာထရန်ရပ်ဆယ်လ်အား သိပ္ပံပညာကို စိတ်ဝင်စားအောင် ပထမဆုံး ဖန်တီးပေးခဲ့သူဖြစ်ပေတော့သည်။

အန်ကယ် ရိုလိုကလည်း သာမည ပုဂ္ဂိုလ်မဟုတ်။ သူသည် ဘုရားသခင် ဂုဏ်တော် ချီးမွမ်းခန်းအဖြစ် ခေတ်သစ်နည်း၊ ခေတ်သစ်ဟန်ဖြင့် ဆလာမ် (ဓမ္မသီချင်း) သစ်များကို ရေးခဲ့သူဖြစ်၏။ ဤဓမ္မသီချင်းသစ်များတွင် သမ္မာကျမ်းပါ ဓမ္မတေးများ၏ အသံ၊ ကာရန်၊ စည်းချက်၊ နရီများကို ယူထားသော်လည်း ပါဝင်သော အကြောင်း အရာများမှာကား ခေတ်သစ်သိပ္ပံပညာပါ အကြောင်းအရာများသာဖြစ်သည်။ သူ့ဓမ္မ တေးသံများထဲတွင် ပတ်ဝန်းကျင်လေထု၏ ဖိနှိပ်အားအကြောင်း၊ အဏုမြူဓာတ်၏ ရန်းကန်လှုပ်ရှားမှုအကြောင်း၊ ၁၉ ရာစုနှစ်ပေါ် အီသာဓာတ်နှင့်ပတ်သက်သော အယူအဆများအကြောင်း စသည်တို့ကို ဖွဲ့ဆိုခဲ့လေသည်။

တကယ်တော့ အဘွား၏အာဏာစက် ဩဇာကြီးစိုးရာ ဤအိမ်ကြီးတွင် နေရသောဘဝမှာ စိတ်လှုပ်ရှား တက်ကြွဖွယ်တော့ သိပ်မရှိလှ။ ငယ်စဉ်ကမူ သူတို့ ညီအစ်ကိုမှာ အိမ်ကြီးထဲဝင်လိုက်၊ ထွက်လိုက်၊ တစ်ခန်းက တစ်ခန်း ကူးလိုက်နှင့်သာ နေကြရသည်။ ဖရန့်(က)မှာ စိတ်ဓာတ်ခက်ထန်သူဖြစ်သည်။ ငယ်စဉ်က သူတို့အိမ်သို့ အလည်ရောက်ဖူးသူ အမျိုးသမီးတစ်ဦး ပြောပြသည်မှာ ဖရန့်(က)သည် သူ့ဆံပင်ကို ဆွဲပြီး သစ်ပင်မှာ တုပ်နှောင်ဖူးသည်ဆို၏။ ဘာထရန်မှာမူ စကားလည်း သိပ်မပြော သေး။ တည်ငြိမ်သလောက် ကြင်နာစိတ်လည်း ရှိသည်ဟုဆိုသည်။

သူတို့အကြောင်းကို ပင်းဘရွတ်လော့ဂ်အိမ်တွင် အတူကစားဖက်၊ ငယ်ပေါင်း

mgyoe.com

mgyoe.com
SAMPLE BOOK


ကြီးဖော် အမျိုးသမီးနှစ်ဦး (ဖလိုရာနှင့် ဒိုင်ယာနာရပ်ဆယ်လ်) တို့က ပြန်ပြောပြတော့လည်း အထက်က မှတ်ချက်မျိုးပင် ထွက်လာသည်။ ဒိုင်ယာနာမှာ သူတို့နှင့်ဆိုလျှင် ဝမ်းကွဲနှမတော်သူဖြစ်ပြီး နောင်အခါ ဖရန့်(က) အား အင်မတန် ပြင်းထန်သူ လူကြမ်းတစ်ယောက်ဟုပင် စွပ်စွဲခဲ့ဖူးလေသည်။

တစ်ခါကမူ ဖရန့်(က) သည် ဖလိုရာကို အကြီးအကျယ် ဒေါသဖြစ်သဖြင့် ဖမ်းပြီး မီးထဲပစ်ချရန် နောက်ကလိုက်၍ ဖမ်းသည်။ ဖလိုရာက ထွက်ပြေးသည်။ အိမ်ထဲတွင် ရုန်းရင်းဆန်ခတ်ဖြစ်နေသည်ကို ကလေးထိန်း အဘွားက တွေ့သွားသဖြင့် သက်သာရာ ရသွားသည်။ မဟုတ်မူ၍ ဖလိုရာကို ဖမ်းမိပါက ဖရန့်(က)သည် အသေပင် သတ်လိုက်မည်လား မပြောတတ်ပေ။ ဘာထရန်ရပ်ဆယ်လ်မှုကား ဖရန့်(က)နှင့် မတူချေ။ အရွယ်နှင့်မလိုက်အောင် အဆင်ခြင်၊ အစူးစမ်းဉာဏ်က ထက်မြက်လျက် ရှိချေပြီ။ အနေအထိုင် ယဉ်ကျေးဖွယ်ရာသော စကားလုံးမျိုးကိုသာ ရွေးချယ်သုံးနှုန်းလေ့ရှိသည်။ တစ်ခါကမူ အဘွားဖြစ်သူက သူ့အား သူ့ညှော့သည် သူငယ်မကလေးကို ခြံထဲခေါ်ပြီး ပြုစုဖို့ ပြောသည်တွင် သူက –

"ဟုတ်ကဲ့ပါ အဘွား... ကျွန်တော်လည်း ခေါ်တော့မလို့ပါ" ဟု ဆိုသည်။

ပင်းဘရွတ်လော့(ဂ်) နေအိမ်သို့ အလည်အပတ်ရောက်ဖူးသူ ဧည့်သည်တစ်ဦးဖြစ်သူ ဂျော့၊ ဆန္တာယနာကမူ ထိုပင်းဘရွတ်လော့(ဂ်) ပတ်ဝန်းကျင်သည် အလွန်ရှေးဆန်လှသည်ဟု ဆိုသည်။ ပင်းဘရွတ်လော့(ဂ်) နေအိမ် အသိုက်အဝန်းက လက်ခံခဲ့သော နိုင်ငံရေး အစဉ်အလာကား ခိုင်မာလှသည်။ လေဒီဂျွန်ရပ်ဆယ်လ်ကမူ ရွေးကောက်ပွဲဥပဒေပြင်ဆင်ရေး ဥပဒေကြမ်းအတွက် တိုက်ပွဲဝင်ခဲ့သူ ခင်ပွန်းသည်အားလ်ရပ်ဆယ်လ်အကြောင်းကို ဂုဏ်ယူချီးမွမ်းမြဲဖြစ်၏။ သူတို့မိသားစုထဲကဆိုလျှင် လော့ဒ်ဝီလျံရပ်ဆယ်လ်မှာလည်း ဒုတိယမြောက် ချားလ်(စ)ဘုရင်ကို ဆန့်ကျင်ပုန်ကန်မှုဖြင့် အသတ်ခံခဲ့ရသည့် မိသားစုထဲက သူရဲကောင်းတစ်ဦးပင်ဖြစ်သည်။

သည်လို နိုင်ငံရေးအစဉ်အလာမျိုး ရှိခဲ့သောကြောင့်လည်း ဘာထရန်ရပ်ဆယ်လ်သည် ငယ်ရွယ်စဉ်ကပင် မိမိတို့ 'ရပ်ဆယ်လ်' မျိုးရိုးမှာ ပြည်သူ့တာဝန်ကို ထမ်းဆောင်ရသည့်အမျိုးဖြစ်သည်ဟု စွဲမြဲယုံကြည်လာခဲ့ပေသည်။ ထို့ကြောင့်လည်း သူ့စိတ်ထဲက ပုန်ကန်ထကြွမှုတွေကို တရားသည်ဟု ထင်ခဲ့၏။

ဘာထရန် အသက် ၂၀ ပြည့်သော မွေးနေ့တွင် သူ့အဘွားက သမ္မာကျမ်းတစ်စောင် လက်ဆောင်ပေးသည်။ ထိုကျမ်းအဖွင့်တွင် သူ့ကိုညွှန်း၍– **"လူအများစုက**

mgyoe.com

mgyee.com SAMPLE BOOK


**မိုးခါးရေ သောက်သော်လည်း မင်းက လိုက်မသောက်နဲ့”** ဟု ရေးလိုက်သည်။

သူ့အဘွား၏ ဩဝါဒမှာ လူများစုက မကောင်းမှုကို လုပ်တာပဲဆိုပြီး ကိုယ်ကပါ လိုက်မလုပ်ရန်ဖြစ်သည်။ ဤသဘောကိုပင် သူ့ဦးရီးတော် ရိုလိုရေးသော ခေတ်သစ်လောကဓာတ် သိပ္ပံဆိုင်ရာ ဓမ္မတေးတစ်ပုဒ်တွင်လည်း အောက်ပါအတိုင်း ရေးခဲ့သည်။

“ခိုင်မာသော စိတ်အင်အားသည်သာ၊
အရာရာထက် ထူးမြတ်စွာ၊
အများကြိုက် အလိုက်သင့်ရာ၊
လိုက်ပါကာ၊ ယုတ်မာသည့် စေတနာကို ရှောင်ခွာ၊
မကောင်းမှုအရာ၊ အများနှင့်သာ၊
ဆန့်ကျင်လျှင်၊ ဆန့်ကျင်ပါစေတော့၊
မှန်ရာကို၊ မှန်စွာလုပ်ပါ၊
အမှန်လုပ်လို့ မကြိုက်ပါလျှင်၊
ဖြစ်ချင်သလို၊ ဖြစ်ပါစေကွဲ့လေး”။

ဘာထရန်ရပ်ဆယ်လ် ကြီးပြင်းလာသောအခါ မိခင်တို့၏ စတင်လေ မိသားစုကလည်း မခေကြောင်း တွေ့ရသည်။ ရပ်ဆယ်လ်တို့ မျိုးရိုးက မိမိတို့အမျိုးအတွက် ဂုဏ်ယူကြပါသည်။ မိခင်တို့ဘက်ကမူ ထိုသို့မဟုတ်၊ အများအကျိုး (ပရဟိတ) အလုပ်မျိုးအတွက် ဂုဏ်ယူတတ်ကြသည်။ လေဒီစတင်လေသည် တဲ့တိုးပြောတတ်သည်။ အလှည့်အပဲ့၊ အလိမ်အညာ အလှိုင်းများပါသော စကားမျိုးကိုလည်း အလွန်မုန်းသည်။ သူသေသောအခါ သူ့ဦးနှောက်ကို ဆေးပညာ စုံစမ်းမှုအတွက် ခွဲစိတ်နိုင်ရန် “ဘုရင့် ဆရာဝန် ပညာသင်ကောလိပ်” သို့ လှူခဲ့သည်။

ဤသို့ ပေးလှူစဉ်က လေဒီစတင်လေက ပြောသေးသည်။

“ဒီလို ပညာအမြော်အမြင်ရှိတဲ့ အမျိုးသမီးတစ်ဦးရဲ့ ဦးနှောက်ကို ခွဲစိတ်လေ့လာရတာ သူတို့အဖို့လည်း အင်မတန် စိတ်ဝင်စားစရာကောင်းမှာပါ” ဟု ဆိုသည်။

လေဒီစတင်လေ၏ သမီးတစ်ဦးမှာ ကောင့်(တ)အဲယားလိုင်း၏ ဇနီးဖြစ်သည်။ ထိုသမီး၏မြေးမှာ နောင်အခါတွင် ဆာ၊ ဝင်စတန်ချာချီ၏ဇနီးဖြစ်လာသည်။

ဖရန့်(က)ရပ်ဆယ်လ်သည် စတင်လေ အမျိုးဘက်က သွေးပို၍ပါသည်။

mgyee.com

mgyoe.com
SAMPLE BOOK


နောင်အခါ ပင်းဘာရွတ်လော့(ဂ်) ပတ်ဝန်းကျင်က ထည်ကြီးဝါကြီး၊ စည်းကြီးကမ်းကြီးနှင့် နေပုံ ထိုင်ပုံ၊ ဆက်ဆံပုံများကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့လေသည်။ ဖရန့်(က) သည် အနှောင်အဖွဲ့၊ အဆောင်အယောင် များလှသော ပင်းဘာရွတ် စံအိမ်ကြီးတွင် ကြာကြာမနေနိုင်သဖြင့် အိမ်ကထွက်ပြေးပြီး ကျောင်းအိပ် ကျောင်းစား သွားနေသည်။ အကယ်၍ သူ့ကို ပြန်ခေါ်လျှင် ထွက်ပြေးဦးမည်ဟုလည်း ခြိမ်းခြောက်ထားသည်။

ထိုအချိန်ကဆိုလျှင် ဘာထရန်ရပ်ဆယ်လ်မှာ ရပ်ဆယ်လ်မျိုးနှင့် ပို၍တူသည်။ သူ့အနေနှင့် စတင်လေအမျိုးဘက်က သွေးမျိုး ပြန်ဝင်လာအောင် အချိန်ကာလအားဖြင့် အတော်ကြာခဲ့သည်။ ထို့ကြောင့် လွတ်လွတ်လပ်လပ် ဖွန့်ဖွန့်စားစား နေလိုသူ ဖရန့်(က) ဘာထရန်အကြောင်းကို အစ်ကိုက ညီကို အရေးမထားလှသည့် လေသံမျိုးဖြင့် အောက်ပါအတိုင်း ရေးခဲ့ဖူးသည်။

"ဘာတီကိုတော့ သူတို့က ငယ်လည်းငယ်၊ ပြုပြင်ချင်တိုင်း ပြုပြင်လို့ ရမယ်ထင်တာကိုး။ ဒီတော့ သူက သူတို့ရဲ့ မေတ္တာရိပ်အောက်နေပြီး အိမ်ကပေးတဲ့ ပညာမျိုးတော့ ရခဲ့ပါရဲ့။ ဒါကြောင့် သူ ကိန်းဘရစ်(ချ်)တက္ကသိုလ်ရောက်တော့ ခံနိုင်ရည်လည်း မရှိဘူး။ လူများနဲ့လည်း အံဝင်ခွင်ကျရှိအောင် မပေါင်းနိုင်ဘူး။ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်နေရတာပေါ့" ဟု ဆိုသည်။

နောင်အခါတွင် ဘာထရန် ကိုယ်တိုင်ကလည်း ဆိုဖူးသည်။

"ကျုပ်လည်း ပြုရိုတန်ပညာမျိုး ရခဲ့တဲ့ လူဆိုတော့ ကိုယ်လုပ်မိတဲ့အပြစ်၊ ကိုယ်ပြောမှား ဆိုမှားမိတာတွေကိုချည်း အမြဲတမ်း ကမ္ဘဌာန်းရှုနေမိတယ်" ပင်းဘာရွတ်လော့(ဂ်)၏ အုပ်စိုးမှုအောက်မှာ နေတုန်းကဆိုလျှင် ဘုရားရှိခိုးကျောင်းကို မှန်မှန်သွားရသည်။ တနင်္ဂနွေနေ့ ညနေခင်းများ၌လည်း လေဒီဂျွန်က စန္ဒရားတီးလျှင် သူတို့က ဓမ္မသီချင်းများကို သီဆိုကြရသည်။ အဘွားတို့ မျှော်လင့်သလို ဓမ္မသီချင်း ဆိုခဲ့ရလွန်းသဖြင့် သူ့ရင်ထဲတွင် ဓမ္မသီချင်းများမှာ စွဲနေခဲ့သည်။ နောင်နှစ်ပေါင်း ၈၀ လောက် ကြာမြင့်လာသည့်တိုင် သူက "ခုထိ ကျုပ်အနေနဲ့ ဓမ္မသီချင်း အပုဒ် ၁,၀၀၀ လောက် နှုတ်တိုက်အာဂုံ ရနေသေးတယ်ဗျ" ဟု ပြောဖူးသည်။

ကျယ်ဝန်းပြီး တိတ်ဆိတ်ငြိမ်သက်သည့် ဥယျာဉ်ခြံကြီးထဲက အိမ်ကြီးတွင် ကစားဖော် ကစားဖက်လည်း မရှိဘဲ သူ့မှာ တစ်ယောက်တည်း ကြီးပြင်းလာခဲ့ရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ပင်ကိုကလည်း ရှက်တတ်၊ ကြောက်တတ်သည် တစ်ကြောင်း၊ နေထိုင်ဆက်ဆံရသော ပတ်ဝန်းကျင်ကလည်း ဂုဏ်ကြီးဒြပ်ကြီး၊ ဟိတ်ကြီးဟန်ကြီး နေရသော သူကောင်းမျိုး ပတ်ဝန်းကျင်ဖြစ်ပြန်သည် တစ်ကြောင်း (ထိုပတ်ဝန်းကျင်တွင် ပုဂ္ဂလိက ခံစားမှု၊ စိတ်လှုပ်ရှားမှုကို ဖော်ပြလျှင် မှားယွင်းသည်ဟု ယူဆသည်) ကြောင့် သူ့မှာ အချစ်အမုန်း အပြုံးအရယ် သဘောကိုပင် နားမလည်။ ခံစားမှုကို မဖော်ပြတတ်အောင် ဖြစ်ရသည်။

တစ်ခါသော် သူ၏ အရီးတော် အာဂါသာမှာ သူတို့နှင့် ဝေးသော ရပ်ဝေးတစ်နေရာတွင် နာမကျန်းဖြစ်နေသဖြင့် အဘွားလုပ်သူက သူ့ကို စာရေးဖို့ခိုင်းသည်။ ထိုအခါ သူက စာထဲဘာတွေထည့်ရေးလိုက်ရမလဲဟု မေးသည်။ သူ့အဘွားက "ဒီလိုရေးပေါ့ကွယ်... အန်တီ ပြန်လာတဲ့အချိန်ကျရင် သိပ်ပြီး ကျန်းကျန်းမာမာရှိမယ်လို့ မင်းက မျှော်လင့်တဲ့အကြောင်း၊ ကျန်းမာစေကြောင်း၊ ဆုမွန်ကောင်းတောင်းတဲ့အကြောင်းတွေ ရေးလိုက်ပေါ့ကွယ်" ဟု ဆိုသည်။

ထိုအခါ သူက–

"အိုဗျာ... အဘွားကလဲ၊ ဒါတော့ ကျွန်တော် မရေးချင်ဘူး။ မျက်နှာပူတယ်" ဟု ပြန်ပြောလေသည်။

ဤကဲ့သို့ ရှက်တတ်ခြင်း၊ တစ်ကိုယ်တော်တည်း နေတတ်ခြင်းက လွဲလျှင်တော့ ဘာထရန်ရပ်ဆယ်လ်သည် လူထူးလူဆန်းကလေးတစ်ယောက်တော့ မဟုတ်ချေ။

ဘာထရန်သည် ကစားခုန်စား ဝါသနာထုံသည်။ စွန့်စားမှုကိုမှ ကြိုက်သည်။ တစ်ကြိမ်တုန်းက ပင်းဘရွတ်လော့(ဂျ်) နေအိမ်တွင် သူငယ်တစ်ယောက် လာရောက်နေထိုင်သည်။ တစ်နှစ်လောက်ကြာကြာ နေခဲ့သည်။ သူနှင့် ဘာထရန်သည် တောင်ကမူစောင်းက ဝက်သစ်ချပင်ကြီးတစ်ပင်၏ အကိုင်းတစ်ကိုင်းတွင် ကြိုးတစ်ချောင်းကို ချည်သည်။ ပြီးတော့ ထိုကြိုးကိုဆွဲကာ အားကုန် ဒန်းလွှဲစီးသည်။ ဒန်းလွှဲသည့်အခါ ကြိုးနှင့်အတူ ပါသွားပြီး မူလနေရာသို့ ပြန်ရောက်အောင် လွှဲချရသည်။ အကယ်၍ ထိုသို့လွှဲစဉ် အချိန်အဆမမှန်ဘဲ လွဲသွားလျှင် သူတို့သည် သစ်ပင်ပင်စည်ကြီးနှင့် တိုက်မိပြီး လိမ့်ကျနိုင်လေသည်။ ဤသို့ ခဲရာခဲဆစ် လုပ်ရသည့် အလုပ်မျိုးကိုမှ သူက နှစ်သက်သည်။ နောက်ပြီး သူတို့အိမ်သို့ ကလေးသူငယ်များ လာလည်လျှင်လည်း ထိုကြိုးကို စမ်းခိုင်းတတ်သည်။ သည်လိုလုပ်ရသည်ကိုပင်

mgyoe.com

mgyoe.com

SAMPLE BOOK


သူတို့မှာ သဘောကျလို့မဆုံး ဖြစ်ရသည်။

ဘာထရန်သည် စကိတ်စီးရသည်ကိုလည်းကောင်း၊ သစ်ပင်တက်ပြီး ငှက်သိုက်နှိုက်ရသည်ကိုလည်းကောင်း အလွန်ဝါသနာပါသည်။ ကိန်းဘရစ်(ချ်)မြို့စားကြီးသည် ရစ်ချ်မွန်ပန်းခြံထဲရှိ ရစ်များကို သေနတ်နှင့်ပစ်ခွင့်ရရှိထားသည်။ ထို့ကြောင့် ထိုပန်းခြံထဲသို့ဝင်လျှင် ပန်းခြံစောင့်က မောင်းထုတ်တတ်သဖြင့် ဘာထရန်သည် အကြီးအကျယ် ဒေါသဖြစ်ပြီး ပန်းခြံစောင့်ကို အတင်း တွန်းထိုးပြီး ဝင်သည်။

ဤကဲ့သို့ ဘဝရည်မှန်းချက်ရယ်လို့ မည်မည်ရရ မရှိသေးဘဲ ဘဝခရီးကို လျှောက်လာခဲ့စဉ်ကပင် သူ့ရင်ထဲတွင် အတွေးအခေါ်၊ အမြော်အမြင်များဖြင့် ပြည့်လျှမ်းနေချေပြီ။

မိရိုးဖလာ ယုံကြည်ကိုးကွယ်လာသော ဘာသာရေး အစွဲအလမ်းများကို အသက်ငါးနှစ် မစွန်းမီကပင် ရင်ထဲက သံသယဖြစ်ကာ မေးခွန်းထုတ်လာသည်။ သူ့အဖို့ ပြဿနာဖြစ်လာလေတော့သည်။

ကမ္ဘာမြေကြီးသည် လုံးဝိုင်းသည်ဟု ဆိုတော့လည်း သူ စိတ်ထဲက မယုံချင်။ သို့နှင့် ကမ္ဘာမြေကြီးကို ဖောက်ပြီး ဩစတြေးလျတိုက်ကို ရောက်အောင် သွားနိုင်မလားထင်ကာ ပန်းခြံထဲက မြေကွက်တစ်ခုကို စတင်၍ တွင်းတူးကြည့်သည်။ ထိုအချိန် ထိုအရွယ်လောက်မှာပင် အိမ်က လူများက သူ့အား သူအိပ်ပျော်နေလျှင် ကောင်းကင်တမန် နတ်သားများက သူ့အနားမှလာ၍ စောင့်ရှောက်သည်ဟု ပြောသည်ကို ကြားရသည်။ သူက မယုံသဖြင့် သူ တစ်ခါမှလည်း မတွေ့ရပါကလားဟု စောဒက တက်ကြည့်သေးသည်။ သို့ရာတွင် အိမ်က လူများက ကောင်းကင်တမန် နတ်သားများသည် သူ မျက်လုံးဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် သူတို့လည်း ထွက်ပြေးကုန်ကြသည်ဟု ဆိုသည်။ ထိုအခါက ကောင်းကင်တမန်များကို လှည့်စားဖို့ သူကြံစည်စားတော့သည်။ သူသည် အိပ်ရာထဲဝင်လျှင် မအိပ်ချင်ဘဲ မျက်စိကို အကြာကြီး စုံမှိတ်ထားသည်။ အတန်ကြာ၍ ကောင်းကင်တမန်များ ရောက်လောက်ပြီထင်သော အချိန်ကျမှ မျက်စိကို ဆတ်ခနဲ ဖွင့်ကြည့်လိုက်သည်။ သို့သော် ကောင်းကင်တမန်များကိုကား သူ မတွေ့ရ။

သည်တော့ သူ့ရင်ထဲ သံသယစိတ်ကသာ အကျိတ်အခဲဖြစ်လာသည်။ ထိုထက်ဆိုးသော သံသယစိတ်ဖြစ်ပေါ်ရသည်မှာ 'မာသာရှစ်ပတန်' ခေါ်သော သီလရှင်တစ်ပါး၏ ဟောကိန်းကြောင့်ဖြစ်သည်။ ထိုသီလရှင်က ဤကမ္ဘာကြီးသည် ၁၈၈၁ ခုနှစ်တွင် ပျက်မည်ဟု ဆိုခဲ့သည်။ ထိုနှစ်တွင် နေ့တစ်နေ့၌ တစ်နေ့လုံး နေမထွက်ဘဲ

mgyoe.com

m g y o e . c o m
SAMPLE BOOK


မှောင်နေတော့သည်။ ဘာထရန်ကတော့ ထိုနေ့ကိုပင် ကမ္ဘာပျက်မည့်နေ့ဟု ထင်ခဲ့လေသည်။ သို့သော် ထိုနှစ်သာ ကုန်သွားတော့သည်။ ကမ္ဘာကြီးကတော့ ရှိမြဲအတိုင်းသာ ရှိနေလေတော့သည်။

သံသယဝါဒတို့မည်သည် အကြောင်းဖြစ်ရပ်အမှန်ကို ရှာဖွေဖော်ထုတ်ရေးလမ်းသို့သာ ညွှန်ပြလေ့ရှိသည်။

သူ့အသက် ငါးနှစ်အရွယ်မှာပင် နောက်ထပ် အကြောင်းကိစ္စတစ်ခုက ဖြစ်ရပြန်ချေသည်။ တစ်နေ့တွင် သူ့အား ဘရော့ဒ်စတဲယား ပင်လယ်ကမ်းခြေသို့ ခေါ်သွားကြသည်။ သူက ကျောက်ဆောင်တွင် ကပ်နေသည့် ခရုတစ်မျိုးကို ခွာယူသဖြင့် လူကြီးများက ကြိမ်းမောင်းဆဲဆိုသည်။ ထိုအခါ သူက သူ့အရီးတော် အာဂါသာကို မေးသည်။

"ဒီ ခရုက စဉ်းစားတတ်လို့လား အန်တီရဲ့"

"ငါ... မသိဘူး" ဟု သူ့အရီးတော်က ဒေါသနှင့်ဖြေသည်။ သည်တော့ သူက–

"မသိရင်လည်း သိအောင် လေ့လာပေါ့ဗျ" ဟု ပြန်ပြောလေသည်။

ထို့နောက် များမကြာမီပင် ဘာထရန်သည် သင်္ချာပညာကို အထူးစိတ်ဝင်စားလာတော့သည်။ "ငယ်ငယ်ကသာ သင်္ချာကို ကျုပ်ဒီလောက် စိတ်မဝင်စားနိုင်ခဲ့ဘူးဆိုရင် ကျုပ်ကိုတောင် ကျုပ် သတ်သေမိမလား မပြောတတ်ဘူး" ဟု ဘာထရန်ရပ်ဆယ်လ်က နောင်အခါ ပြောဖူးလေသည်။ ဤကဲ့သို့ ပြောရခြင်းမှာ ထိုစဉ်က သူသည် သစ္စာတရားကို အလွန်တရာ တွေ့လို မြင်လိုဇောကြီးလျက် မရေမရာတမ်းတနေခဲ့ရသောကြောင့်သာ ဖြစ်တန်ရာသည်။ သင်္ချာပညာကိုတွေ့မှ အကြောင်းမဲ့မှန်ကန်သော သစ္စာတရားတစ်မျိုးကို ဝိုးတဝါး မြင်လာနိုင်ခဲ့တော့သည်။

သင်္ချာကို အလွန်စိတ်ဝင်စားခဲ့ပါသည်ဆိုသူက ပထမဆုံး သင်္ချာတွင် ရင်ဆိုင်ရသော အမြှောက်အလီပေါင်းကို ကျက်ရသောအခါက ရှိုက်ကြီးတငင် ငိုပြီး အက္ခရာသင်္ချာမှ ကတွေ၊ ခတွေ၊ ခနှစ်ထပ်တွေကို အလွန့်အလွန် မုန်းခဲ့သည်ဆိုလျှင် ကြားရသူတို့အဖို့မှာ ယုံတမ်းစကားများ ဖြစ်လေမည်လား မဆိုနိုင်။ (သူက အက္ခရာသင်္ချာတွင်သုံးသော က, ခ, စသည်တို့မှာ ဘာတွေဖြစ်သည်ကို သူ့ဆရာသည် သိပါလျက်သူ့အား တမင်မပြောဘဲ နေခဲ့သည်ဟုလည်း အထင်ရှိခဲ့ဖူးသည်။

သို့သော် သင်္ချာကို စတင်လေ့လာပြီး အချိန်အနည်းငယ်အတွင်းမှာပင် အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်လာတော့သည်။ ဘာပဲပြပြ အလွန်လွယ်ကူစွာ တတ်မြောက်

m g y o e . c o m

mgyoe.com
SAMPLE BOOK


လေသည်။ ဤအချိန်သည်ပင် သူ့ဘဝ၌ ပထမဆုံး အသိဉာဏ် ပွင့်လင်းတိုးတက်စ အချိန်ဟုဆိုသော် ဆိုရာသည်။

၁၈၈၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့...

ဘာထရန်ရပ်ဆယ်လ်၏ အသက် ၁၁ နှစ်အရွယ်တွင် သူသည် ယူကလစ် ဂျီဩမေတြီကို စတင်လေ့လာရသည်။

"ဒီကနေ့ ညနေခင်းမှာ ကျွန်ုပ်သည် ဘာတီအား, အား ယူကလစ်သချ်ာထဲက ပထမဆုံး သင်ခန်းစာကို စပေးသည်။ စစချင်း သူက မဆုတ်မဆိုင်း တွက်လိုက်ရုံ သာမက အဓိပ္ပာယ် သတ်မှတ်ချက်များထဲက တစ်ဝက်လောက်ကိုပင် နှုတ်တိုက် ကျက်မှတ်ရရှိသွားတော့သည်" ဟု သူ့အစ်ကို ဖရန့်(က) က မှတ်တမ်းတင်ခဲ့လေသည်။

သချ်ာနယ်သို့ စိတ်အားထက်သန်စွာ ဝင်လာမိလို့မှ မကြာမီပင် သူ့မှာ စစချင်း ဆောက်နှင့်ထွင်းဆိုသလို ဖြစ်ရတော့သည်။ ဂျီဩမေတြီကို လေ့လာသည်ဆိုလျှင်ပဲ ဘာထရန်သည် စိတ်အကြီးအကျယ် ပျက်သွားမိသည်။ အတွေးအခေါ်နယ်သို့ စတင် ခြေလှမ်းမိသည့် အချိန်ကစ၍ သူ့ရင်ထဲတွင် အရာရာကို သံသယ ဝင်နေမိချေပြီ။ သည်လိုအချိန်မျိုးတွင်မှ ဂျီဩမေတြီ၌ 'အက်စီယမ်'(သိဒ္ဓန္တ) များဖြင့် စထားသည်ကို တွေ့ရသဖြင့် သူ့မှာ အခက်ကြုံရသည်။ သိဒ္ဓန္တများမှာ သက်သေလည်း မပြနိုင်ပါဘဲလျက်၊ ပကတိအတိုင်း မှန်ပြီးသား သစ္စာတရားများဖြစ်သည်ဟု မှတ်ယူလက်ခံထားရသော အရာများဖြစ်ကြသည်။ ဤကဲ့သို့ အကြောင်းယုတ္တိမရှိဘဲ စကတည်းက မှန်ပြီးသားဖြစ်သည်ဟု မှတ်ယူလက်ခံရသော အရာများကိုမူ သူက မနှစ်မြို့ချင်။

သူ့အနေနှင့်တော့ တွေးခေါ်ရှင် ပါရမီရှင်တစ်ဦးဖြစ်လာရန် အစပျိုးခဲ့သော သူ့ဘဝလမ်း အစကပင် သံသယ ဝါဒီကလေး၊ ပုစ္ဆာဖွေရှာသူကလေးအဖြစ် စတင်ခဲ့ပေတော့သည်။

ယူကလစ် ဂျီဩမေတြီကို စလေ့လာတော့လည်း မေးခွန်းပုစ္ဆာတွေက သူ့ခေါင်းထဲတွင် တစ်ခုပြီး တစ်ခု ပေါ်လာသည်။ စစချင်းပင် ယူကလစ် ဂျီဩမေတြီနှင့်ပတ်သက်၍ မေးခွန်းတစ်ခု ထုတ်လိုက်သည်။

"အရာဝတ္ထုနှစ်ခုဟာ တခြား အရာဝတ္ထုတစ်ခုတည်းနှင့် တူညီမျှနေကြရင် အဲဒီမူလ အရာဝတ္ထုနှစ်ခုဟာ သူတို့အချင်းချင်း တစ်ခုနှင့်တစ်ခု ညီမျှကြတယ်လို့ ယူဆနိုင်သလား"

mgyoe.com

mgyoe.com SAMPLE BOOK


ဤမေးခွန်းကို ဘာထရန်က သူ့အစ်ကို ဖရန့်(က) အား မေးလိုက်သည်။ ဖရန့်(က) ကမူ သူ့ညီတော်မောင် ကျေနပ်လောက်အောင် ပြေပြေပြစ်ပြစ်မဖြေတတ်။

"မင်းအနေနဲ့ ဂျီသြမေတြီမှာ အက်စီယမ် (သိဒ္ဓန္တ) တွေကို မှန်တယ်လို့ အစကတည်းက လက်မခံလိုဘူးဆိုရင်တော့ ရှေ့ဆက်ပြီး ဘာမှစဉ်းစားလို့ မရတော့ဘူး" ဟူ၍သာ ဖရန့်(က) က ပြတ်ပြတ်တောင်းတောင်း ဖြေလေသည်။

ဤကဲ့သို့ ဖရန့်(က) က ပိတ်ပြောထားသဖြင့် ဘာထရန်မှာ ဆက်ပြီး ဆင်ခြေမလဲသာတော့၊ သူပြောသည့်အတိုင်း လိုက်နာ၍သာ ရှေ့ဆက်လေ့လာနေရတော့သည်။ သို့ရာတွင် သူ၏ပင်ကို စိတ်ထဲတွင်တော့ ၁၁ နှစ်သား အရွယ်ကပင် သံသယစိတ်အဟုန်သည် ပြင်းပြင်းပြပြဖြစ်နေခဲ့တော့သည်။ သင်္ချာ၏ အခြေခံတရားများနှင့်ပတ်သက်သော ယုတ္တိ ယုတ္တာများကို ထိုအချိန်ကစ၍ သံသယဖြစ်ခဲ့သည်မှာ နောင်အခါ သူ၏ အကျော်ကြားဆုံး သင်္ချာပညာ အတွေးအခေါ်ကျမ်းဖြစ်သော **'သင်္ချာအခြေခံနယူပဒေသကျမ်း'** ကြီးကို အပြီးသတ်နိုင်ခဲ့သည့် အချိန်အထိဟူ၍ပင် ဆိုရပေမည်။

သင်္ချာပြီးနောက် သူစိတ်အဝင်စားဆုံးပညာမှာ သမိုင်းပညာဖြစ်သည်။ သမိုင်းက လွဲလျှင်တော့ စာပေကို စိတ်ဝင်စားသည်။ စာပေဂန္ထဝင်နယ်တွင် ရှယ်လီ၏ စာပေများကို သူ့အနေနှင့် အထူးစိတ်ဝင်စားသည်။ ရှယ်လီ၏ ဂန္ထဝင်မြောက် အရေးအသားများကို ဖတ်ရသည်ကို သူ အလွန်ပျော်သည်။ ရှယ်လီ၏ ကဗျာတွေထဲမှ 'အလတ်စတာ' ကဗျာကလေးကို ဦးဆုံး သူဖတ်ခဲ့ရသည်ကို သူ မမေ့နိုင်။

"ဒီကဗျာကလေးကို ဖတ်ရတုန်းကများဆိုရင် ကျုပ်ဟာ ဒီကမ္ဘာလောကကြီးနဲ့ ကင်းကွာသွားသလိုပဲ။ ကျုပ်ကိုယ်တိုင် ဘယ်ကမ္ဘာ၊ ဘယ်ဘုံထဲ ရောက်နေတယ်ဆိုတာတောင် မဝေခွဲတတ်သလိုပဲ။ ကဗျာရေယဉ်ကြောမှာ မျောနေခဲ့ရတယ်" ဟု သူက ရွှင်လန်းစွာ ရှေးဖြစ်ဟောင်း အတွေ့အကြုံကလေးများကို ပြောပြတတ်လေသည်။

ငယ်စဉ်က သူ့အဘိုး (လော့ဒ်ဂျွန်၊ ရပ်ဆယ်လ်) ၏ ပိဋကတ်တိုက်ထဲက စာအုပ်တွေကို သူ့မှာ ယူဖတ်ခွင့်မရ။ သို့တစေ၊ မဖတ် ဖတ်ရအောင် မနေမနား ကြိုးပမ်းသောအခါ ဖတ်ရတော့သည်။

"ဒီလိုနဲ့... ဂန္ထဝင်စာပေ အမွေအနှစ်တွေကို ခက်ခက်ခဲခဲနဲ့ ရအောင်၊ မရမက ယူလိုက်ရတော့တာပါပဲ" ဟုလည်း သူက ဆိုသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အမှန်တော့ သူ့ပင်ကို ဦးနှောက်ထဲတွင် ဘယ်ဘာသာရပ်၊ ဘယ်ပညာမျိုးနှင့် ပတ်သက်သော အသိအလိမ္မာမျိုးမဆို ထူးထူးခြားခြား သိုမှီးရရှိထားပြီး ဖြစ်ချေပြီ။ သူ့တစ်သက်လုံး ရေးခဲ့သည့် စာအုပ်စာတမ်း၊ ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်လည်း များလှပါပြီ။ သို့သော် သူ့တတ်သိသမျှ ပညာတွေ အားလုံးသည် ထိုကျမ်းတွေထဲမှာ မပါသေးပေ။ သူ့ကျမ်းတွေထဲမှာ ဆိုင်သင့်ရာရာကိုသာ ရေးသည်။ မဆီမဆိုင်ဘဲ သမားဂုဏ်ပြလုပ်သည့်အနေနှင့် တတ်သိသမျှ ရေးထည့်လေ့မရှိတတ်ပေ။

အသက် ၁၆ နှစ်သား အရွယ်တွင် သူ့မျက်လုံးအစုံမှာ အကြီးအကျယ် နာကျင်ပြီး မျက်စိအလင်း ကွယ်မတတ် ခံစားခဲ့သည်။ ထို့ကြောင့် သူ့မှာ စာရေးခြင်း၊ စာဖတ်ခြင်း မလုပ်ရန် တားမြစ်ခံရသည်။ ထိုအချိန်တွင် သူသည် အယ်လီဇဘက်ခေတ် ပေါ် ကဗျာကျမ်း နှစ်တွဲစလုံးကို နှုတ်တိုက်အာဂုံရွရွ လေ့ကျက်လေတော့သည်။

သူ့အဘိုး၏ ပိဋကတ်တိုက်ထဲကရသော စာအုပ်တစ်အုပ်မှာ "အိုင်ယာလန် နှစ်စဉ်မှတ်တမ်း" စာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို သူဖတ်ကြည့်ရာ အိုင်ယာလန်ကျွန်းသို့ ရေကြီးမလွှမ်းမိုးမီက သွားရောက်ခဲ့ဖူးသူများ အကြောင်းဖြစ်ပြီး ထိုလူများအားလုံး ရေကြီးသောအခါ ရေနစ်၍ သေရသည်ဟု ဆိုသည်။ ဤအကြောင်းကို သိလိုက်ရသည်ဆိုလျှင်ပဲ သူ့စိတ်ထဲတွင် သံသယစိတ်နှင့်အတူ ပြဿနာ ပုစ္ဆာတွေက ဝင်လာတော့သည်။ "အားလုံး တစ်ယောက်မကျန် သေဆုံးခဲ့ရသော လူတွေရဲ့ စွန့်စားမှုတွေ အကြောင်းကို ဒီစာရေးဆရာက ဘယ်လိုလုပ် သိတာလဲ"

သည်မေးခွန်း ပေါ်လာသည်။

သူ့စိတ်ထဲတွင် စာအုပ်အပေါ်၌ အယုံအကြည် ကင်းသွားသည့်အတွက် ရှေ့ဆက်မဖတ်တော့ဘဲ စိတ်ပျက်လက်ပျက်နှင့် ပစ်ချလိုက်လေတော့သည်။

ဘာထရန်၏ နောက်တစ်ဆင့်တက်သံသယမှာ တစ်ဦးနှင့်တစ်ဦး မတူ၊ တစ်ဘာသာနှင့် တစ်ဘာသာမတူ ကွဲပြားခြားနားစွာ ဖြစ်တည်နေသော ဘာသာရေး ယုံကြည်မှု အမျိုးမျိုးအပေါ် ဖြစ်သော သံသယဖြစ်သည်။ ဘာသာတွေကများ၊ ယုံကြည်မှုတွေကလည်း တစ်ခုနှင့်တစ်ခု မတူ များလှသဖြင့် ဘာကိုယုံကြည်ရမှန်းပင် မသိတော့ပေ။ ထိုအခါကစ၍ သူသည် ဘာသာရေးယုံကြည်မှုကိုလျစ်လျူရှုပြီး မိမိ၏ ဆင်ခြင်တုံတရားအပေါ်တွင်သာ အခြေစိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

အသက် ၁၁ နှစ်သား အရွယ်လောက်ကစ၍ သူသည် ယုံကြည်မှု၏နောက်သို့

mgyoe.com

mgyoe.com SAMPLE BOOK


မလိုက်တော့။ ဆင်ခြင်တုံတရားနောက်သို့သာ ကောက်ကောက်ပါအောင် လိုက်တော့သည်။

ဦးရီးတော် ရိုလိုသည် သဘာဝမေ့မှ အလိုအားဖြင့်ဖြစ်သော (အရာဝတ္ထုတို့သည် နိယာမမေ့တာ အလိုသို့လိုက်၍သာ ဖြစ်ပေါ်ပြောင်းလဲခွင့်ရှိသော) သဘောနှင့် လူတို့မှာရှိသော မိမိသဘောဆန္ဒအလျောက် ပြုပြင်နိုင်ခြင်း သတ္တိဟု ဆိုအပ်သော 'ဆန္ဒလွတ်လပ်ခွင့်' တို့ကို ပေါင်းစပ်ဖို့ ကြိုးစားခဲ့ဖူးသည်။ သူ၏ စာတစ်စောင်တွင် ရိုလိုက "ဤလောက၌ အဏုမြူငယ် တစ်မှုန်မျှသည်လည်းကောင်း၊ နေ စကြဝဠာ အနန္တပါဝင်သော ကြယ်စုကြီးတို့သည်လည်းကောင်း၊ လောက နိယာမ မေ့တာကို လွန်ဆန်ခြင်းငှာ မတတ်သာကြကုန်။ ဤစကြဝဠာတွင်း၌ နိယာမတရားနှင့် ကင်းသော နေရာဟူသည်လည်း မရှိချေ။" ဟု ဆိုထားပြီးလျှင် သူကပင် 'လူ၌မူကား၊ မိမိလိုအင်ဆန္ဒအလျောက် လွတ်လပ်စွာ ပြုပြင်ပြောင်းလဲ လုပ်ဆောင်နိုင်သော သတ္တိရှိတကား' ဟု ဆိုကာ ထာဝရ ဘုရားသခင်အား ချီးမွမ်းခန်း ဖွင့်ခဲ့ဖူးလေသည်။

ဘာထရန်သည် ဦးရီးတော် ရိုလို၏ စာကိုဖတ်ပြီးနောက် ဤစကားတို့သည် ရှေ့နောက်မညီ၊ အဆီအလျော်ကင်း၍ ယုတ္တိမဲ့သည်ဟု ဆုံးဖြတ်ချက် ချလိုက်လေတော့သည်။

သူ့အမြင်တွင် တခြားသော ရုပ်ဝတ္ထုများကဲ့သို့ပင် သက်ရှိသတ္တဝါတို့သည်လည်း သဘာဝထဲရှိ ရုပ်ဝတ္ထုတို့၏ လှုပ်ရှားပြောင်းလဲခြင်း နိယာမအတိုင်းသာ လိုက်ပါဖြစ်ပေါ်နေရသည်၊ မလွန်ဆန်နိုင်ဟု ရှုမြင်နားလည်သည်။ ထို့ကြောင့် အသေအချာ လေ့လာကြည့်မည်ဆိုလျှင် လူတို့၏ လှုပ်ရှားနေပုံများမှာလည်း ဂြိုဟ်များ လှည့်ပတ်သွားလာလှုပ်ရှားနေဘိသကဲ့သို့ပင် ဘာပြီးလျှင် ဘာဖြစ်မည်ဟု ကြိုတင်ဟောကိန်းထုတ်၍ ရနိုင်သည်ဟု သူမြင်သည်။

ထိုသည့်နောက်တွင်ကား အရာဝတ္ထု၊ ပုဂ္ဂိုလ် တစ်စုံတစ်ရာသည် ဘယ်တော့မှ မသေ၊ ထာဝရတည်နိုင်သည် ဆိုသော အမြင်ကို သူ ငြင်းပယ်လိုက်သည်။ (သဘောမှာ အချို့သော သူများက ထာဝရတည်နိုင်သော ဘုရားသခင်ရှိသည်ဟု ယုံကြည်ကြသည်ကို သူက ဘယ်အရာမှ ထာဝရမတည်နိုင်ဟု မြင်လာခြင်းဖြစ်သည်။)

ဤအမြင်ကို မရမီ နှစ်ပေါင်းအတော်ကြာအောင်ပင် သူသည် "အာဒိကပ္ပဟေတု" ဟု ခေါ်ဆိုအပ်သော ဤကမ္ဘာလောကကြီး၏ မူလဘူတ စတင်ရာ အကြောင်းတရား ရှိရမည်ဟူသော ယုံကြည်ချက်ကို စွဲကိုင်ဖူးသည်။ ဤယုံကြည်ချက်၏သဘော

mgyoe.com

mgyoe.com SAMPLE BOOK

မှာ ဤလောကထဲရှိ ခပ်သိမ်းသောအရာတို့ စတင်ဖြစ်ပေါ်ခြင်း မရှိမီကဆိုလျှင် ၎င်းတို့ ဖြစ်ပေါ်လာအောင် ဖန်တီးရန်အတွက် အကြောင်းတရားတစ်ခုတော့ ရှိရမည်။ ယင်းအကြောင်းတရားကား မည်သူမျှ မဖန်တီးဘဲဖြစ်သော၊ သူ့အလိုလိုသာ ဖြစ်ပေါ်နေသော မူလအကြောင်းတရားဖြစ်ရမည်ဟု မြင်သော အမြင်၊ ယုံကြည်ချက်ပင်ဖြစ်သည်။ ဤအမြင်သည် ထာဝရဘုရားသခင် ထင်ရှားရှိသည်ဟု ယုံကြည်သော သဘောမျိုး၌ ဘုရားရှိကြောင်း သက်သေပြရာတွင် အသုံးပြုသော သဘောတရားလည်း ဖြစ်ပေသည်။

ဤသဘောတရားကို ဘာထရန်သည် အချိန်အတော်ကြာ လက်ခံခဲ့စေကာ ဗြိတိသျှ တွေးခေါ်ရှင်များအနက် အတွေ့အကြုံသည်သာ အသိပညာအမှန်ကို ရစေနိုင်သည်ဟူသော ဝါဒကို လက်ခံသူ၊ ဂျေ၊ အက်စ်မီးလ်၏ စာအုပ်များကို သူဖတ်ပြီးကတည်းက အထက်ပါ သဘောတရားကိုလည်းကောင်း၊ ဘုရားသခင်ရှိသည်ဟူသော ယုံကြည်ချက်ကိုလည်းကောင်း စွန့်ပစ်လိုက်လေတော့သည်။ ၁၉ ရာစုခေတ်၌ ဗြိတိသျှနိုင်ငံတွင် အတွေ့အကြုံသာအဓိက ဝါဒကို တီထွင်ဟောကြားခဲ့ရာ၌ ဂျေ၊ အက်စ်မီးလ်သည်လည်း ထင်ရှားသည်။ (ဤဝါဒအရ အသိပညာမှန်သမျှကို အတွေ့အကြုံကသာ ရနိုင်သည်ဟုယူသော ဝါဒဖြစ်သည်။)

သို့ ဤဝါဒ၌ ခြွင်းချက်တစ်ခုရှိ၏။ အတွေ့အကြုံကသာ လောကဆိုင်ရာ အသိပညာများကို ရနိုင်သည်ဆိုသော်လည်း သင်္ချာဆိုင်ရာ အယူအဆများကိုမူ မဆိုလိုပေ။ သင်္ချာမှာမူကား အတွေ့အကြုံမလို၊ စိတ္တအကြောင်းခံဖြင့် ဖြစ်သော သဘောရှိ၏။ ၂ + ၂ = ၄ သည် အတွေ့အကြုံက ရသည်မဟုတ်။ ဆင်ခြင်တုံတရားကရသော စိတ္တဇအားဖြင့် မှန်ကန်သော သဘောရှိ၏။

မီးလ်သည်လည်း ဤပြဿနာကို မြင်သည်။ သို့သော် သူကမူ သင်္ချာသဘောတို့ကိုလည်း အတွေ့အကြုံကရသော အသိတရားတို့ကို ခြုံ၍ ဆင်ခြင်ယူရာက ရလာသည်ဟုသာ ဖြစ်သည်။ ဤအချက်ကိုတော့ ငယ်စဉ်ကပင် ဘာထရန်ရပ်ဆယ်လ်က လက်မခံခဲ့ပေ။ သူ့အနေနှင့်မူ သင်္ချာသဘောတွင် ၂ + ၂ = ၄ ဖြစ်သည်။ တစ်ခါမြင်ပြီးလျှင် နောက်တစ်ခါ ဒီလိုဖြစ်နိုင်ဦးမလားဟု သံသယဖြစ်စရာမလိုတော့။ ၂ နှင့် ၂ သာ ပေါင်းဦးမည်ဆိုက ဤအတိုင်းသာဖြစ်မည်။ ဧကန်ဖြစ်သည်မှာ ယုံမှားဖွယ် မရှိကြောင်း နားလည်လေပြီ။ ဤတစ်ကြိမ်တွင်လည်း ဘာထရန်ရပ်ဆယ်လ်သည် သင်္ချာပညာ၏ စစ်မှန်သော သဘော သဘာဝကို ဆတက်ထမ်းပိုး တိုး၍ သဘော

mgyoe.com SAMPLE BOOK


ပေါက်မိပြန်လေပြီ။

လူတိုင်း လူတိုင်းမှာ ကလေးဘဝကရသည့်အခြေခံသည် အလွန့်အလွန် အရေးကြီးသည်ဆိုသော စကားနှင့်အညီ ရပ်ဆယ်လ်၏ ငယ်ရွယ်စဉ်ဘဝ အခြေခံ အတွေ့အကြုံများလည်း အရေးပါလှသည်။ စိတ်ဝင်စားဖွယ်လည်း ရှိလှသည်။ သူ၏ ပညာရေး၊ ကိုယ်ကျင့်တရားရေးများနှင့်ပတ်သက်သော အတွေးအခေါ်၊ အရေးအသား များမှာ ပြူရီတန် ပတ်ဝန်းကျင်က ပြုစုပျိုးထောင်မှုများကို တုံ့ပြန်သော တုံ့ပြန်ချက် များဖြစ်သည်ဟု ဆိုသော် ဆိုရာသည်။ သို့ရာတွင် ပင်းဘရွတ်လော့ဂျ်တွင် နေစဉ်က အဘွား၏ သွန်သင်မှုများထဲက ပြူရီတန် ရေးအယူအဆများကို ငြင်းပယ်ရင်းကပင် တချို့ကိုတော့ မငြင်းနိုင်ဘဲ စွဲမြဲလက်ခံထားမိသေးသည်။ (ဥပမာဆိုလျှင် စိတ္တသတ္တိ ထက်ပို၍ကောင်းမြတ်သော တရားမရှိသလောက်ပင်ဖြစ်သည်ဟု ယူဆသော အယူအဆမျိုး)

မည်သို့ပင်ဆိုစေ၊ နောက်ဆုံးတွင် ဘာထရန်ရပ်ဆယ်လ်အနေနှင့် နက်နဲသော အတွေးအခေါ်ဘက်သို့ စိတ်ယိုင်ညွှတ်သွားကာ ကမ္ဘာပေါ်တွင် ၂၀ ရာစုခေတ်၌ ပြိုင်ဘက်ကင်း အတွေးအခေါ်ပညာရှင် ရင့်မာကြီးတစ်ဦးဖြစ်ဖို့ လမ်းစပွင့်လာတော့ သည်။ သူကား အတွေ့အကြုံ အခြေစိုက် အတွေးအခေါ် သဘောတရားများထဲတွင် သင်္ချာကဲ့သို့ စိတ္တဇကို သွတ်သွင်းဖော်ထုတ်ပေးနိုင်ခဲ့ပေသည်။

သူ၏ငယ်ရွယ်စဉ်ဘဝ အဖြစ်အပျက်များသည်လည်း ပုဂ္ဂိုလ်ရေးရာဘက်က ကြည့်လျှင် အရေးပါလှသည်။

"ကျွန်ုပ်တို့သည် ငယ်ရွယ်စဉ်က လက်လွတ်ခဲ့ရသော အရာတွေကိုပဲ ကြီးတော့ ရှာရင်း ဖွေရင်း အချိန်ကုန်နေကြတာပဲ" ဟု ဆိုသော လူတစ်ဦး၏ မှတ်ချက်ကလေး ကို နှလုံးသွင်းမိပါသည်။ ရပ်ဆယ်လ်ကိုယ်တိုင်လည်း အေဘရဟန်လင်ကွန်း၏ ငယ်ရွယ်စဉ် သစ်တောထဲနေခဲ့ရသော ဘဝအကြောင်း ရေးစဉ်က –

"သူက လူတွေကို ချစ်တယ်ဆိုတာ မှန်ပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ သူငယ်စဉ်က လူသူမနီးတဲ့ တောကြီးထဲမယ် နေခဲ့ရတာကိုး" ဟု ဆိုခဲ့၏။

အလားတူပင် ငယ်စဉ်က ခြံကျယ်ကြီးထဲက ပင်းဘရွတ်လော့ဂျ် စံအိမ်ကြီး ထဲ တစ်ဦးတည်း တစ်ကိုယ်တော်နေရသည်ဖြစ်၍ သူသည်လည်း သာမန်လူသားတို့ ရင်၌ဖြစ်သော မေတ္တာသံယောဇဉ်နှင့် ကြင်နာမှုတရားကို အလွန်တမ်းတခဲ့ရသည်။ သူ့မှာ ရွှေချိုင့်ထဲက ငှက်ငယ်လို စံအိမ်ကြီးထဲ နေခဲ့ရသောကြောင့် သာမန် လုပ်စား

mgyoe.com

mgyoe.com SAMPLE BOOK


ကိုင်စား လူသားတို့၏ ဘဝနှင့်ပတ်သက်သော အသိပညာမျိုး သူ့မှာ နည်းခဲ့သည်။ ထို့ကြောင့် နောင်သောအခါ၌ သူသည် လူသားတို့၏ သဘောလက္ခဏာ အရပ်ရပ်ကို ဆင်ခြင်ဆုံးဖြတ်ရာ၌ အလွန် ထက်မြက်သော ပုဂ္ဂိုလ်ထူးတစ်ဦး ဖြစ်လာစေကာ ပထမပိုင်း အတွေ့အကြုံ မရှိစဉ်ကမူ လူ (ယောကျ်ား၊ မိန်းမ) များနှင့်ပတ်သက်သော အဆင်အခြင်၊ အဆုံးအဖြတ်များမှာ မှားမှားယွင်းယွင်း ရှိခဲ့ဖူးသည်။

သူနှင့် အင်မတန် ခင်မင်ရင်းနှီးသော ငယ်ပေါင်းကြီးဖော် မိတ်ဆွေ အရင်းအချာများက ဘာထရန်ရပ်ဆယ်လ် ဘဝတွင် အစ်ကိုသာရှိခဲ့ရပြီး အစ်မ မရှိဘဲ ကြီးပြင်းခဲ့ရသည်မှာ အလွန် နစ်နာခဲ့ရသည်ဟု ဆိုကြသည်။ ငယ်စဉ်က အစ်မတစ်ယောက် ရရှိခဲ့ဖူးပါလည်း အရွယ်မရောက်မီပင် ဆုံးရှုံးခဲ့ရရှာသည်။ အကယ်၍သာ သူ့အစ်မ ရာချယ်လ်မှာ ငယ်ငယ်က မဆုံးရှုံးရဘဲ သူနှင့်အတူ ကြီးပြင်းခဲ့ရမည်ဆိုလျှင် ဘာထရန်၏ ဘဝတွင်လည်း အပြောင်းအလဲများစွာ ဖြစ်ခဲ့လိမ့်မည်ဟုလည်း ဆိုကြသည်။

တစ်ဖက်တစ်လမ်းက ကြည့်လျှင် သူ့ဘဝသည် အထီးကျန်နိုင်လွန်းလှသဖြင့် ချွတ်ယွင်းမှု ရှိတန်သလောက်ရှိသည်ဟု ဆိုရစေကာ တစ်ဖက်တစ်လမ်းက ကြည့်ပြန်တော့လည်း အကျိုးရှိပြန်သည်။ သည်လို အဖော်မရှိ အထီးတည်းနေရလွန်းသောကြောင့် သူ့မှာ အတွေးအခေါ်ဘက်တွင် အစို့အညှောက်ကလေး ထွက်ပြူလာကာ တစ်စတစ်စနှင့် တိုးတက်ကြီးထွားလာလေသလားဟု စဉ်းစားစရာဖြစ်၏။

သူကိုယ်တိုင်ကလည်း ရေးသားခဲ့ဖူးသည်။

"တစ်ခါတစ်ခါတော့လည်း ကျုပ် စဉ်းစားကြည့်မိသည်။ ကိုယ်တိုင်ကတော့ ဒီလို စဉ်းစားသာ စဉ်းစားတာပါ။ ယုံလှလို့ရယ် မဟုတ်ပါဘူး။ စိတ်ထဲပေါ်လာတာကတော့ အောင်မြင်ကျော်ကြားမှုတွေ ရလာတဲ့လူတွေဟာ ငယ်ရွယ်စဉ်အခါက အပြုအစု၊ အယုအယတွေနဲ့ ကြင်နာမှုတွေ ရရှိခံစားရတဲ့ လူတွေထက် အပေါင်းအဖော်ကင်းပြီး တစ်ယောက်တည်း လျစ်လျူရှု ပစ်ထားခြင်းခံရတဲ့ လူမျိုးကပဲ ပိုများလေသလားလို့ပေါ့လေ... ဘယ်လို လူပုဂ္ဂိုလ်မျိုးပဲဖြစ်ဖြစ် ပတ်ဝန်းကျင် အနှောင်အဖွဲ့တွေနဲ့ ကင်းရှင်းတဲ့စိတ်ရဲ့တည်ငြိမ်မှု မရဘဲနဲ့တော့ အင်မတန် ထူးထွေဆန်းပြားတဲ့ တီထွင်အောင်မြင်မှုတွေရဖို့၊ ပါရမီရှင် ပညာရှင်ကြီးတွေ ဖြစ်ဖို့တော့ မလွယ်ဘူး" ဟု သူကဆိုသည်။

ဤကိစ္စနှင့်ပတ်သက်၍ ကမ္ဘာကျော် ကဗျာ့ဝိဇ္ဇူကြီး 'ဝါးဒ်စဝပ်သ်' က နယူတန်အကြောင်းရေးစဉ်က –

mgyoe.com

mgyee.com SAMPLE BOOK


"ထူးထွေဆန်းပြားလှသည့် အတွေးပင်လယ်ကြောမှာ မျောပါရွက်လွှင့်၊ ခရီးဆင်နေသူ" ဟု ဖော်ပြခဲ့ဖူးသည်။ ထိုစကားကိုပင် ဘာထရန်ရပ်ဆယ်လ်ကလည်း ယူ၍ ပြောခဲ့ဖူးသေးသည်။ ပါရမီရှင်တို့မည်သည် တစ်ကိုယ်တော်တည်း စိတ်ကူးနှင့် အတွေးသမုဒ္ဒရာမှာ အသိပညာကို ရွက်လွှင့်ဖွေရှာနေရသူမျိုးသာ ဖြစ်ယောင်တကား။

ထိုကဲ့သို့ စိတ္တဇ အတွေးရေယဉ်ကြောမှာ ဉာဏ်စဉ်မြင့်မားသလောက် လူသာမန်တို့၏သဘောကို နောက်နှောင်းမှ သိရခြင်းတို့ကြောင့် စာပေဝေဖန်ရေးဆရာကြီး တီ၊ အက်(စ)၊ အီးလီယွတ်က သူ့အား "လူလွန်မသား၊ နုမည့်ကလေး" ဟု နှောင်အခါ ဝေဖန်ရေးသားခဲ့လေသည်။

သည့်အပြင် သူ၏ တခြားသော ထူးခြားချက်ကလေးများကို သူ့မိတ်ဆွေရင်း ဖြစ်သူ ချားလ်(စ်)ဆန်းဂါး ရေးသားဖော်ပြခဲ့သည့်အတိုင်း ရေးသားဖော်ပြရလျှင်–

"သူ့ရဲ့ အင်မတန် ရှင်းလင်းပြတ်သားပြီး နှစ်သက်စရာကောင်းတဲ့ စာရေးဟန်ကတော့ တခြားကရခဲ့တာ မဟုတ်ပါဘူး။ ငယ်ငယ်တုန်းက အရပ်ကျောင်းမှာလို သူက ဂန္ထဝင် စာကြီးပေကြီးတွေကို မသင်ကြားခဲ့ရလို့ပဲ။ သူ့ရဲ့ ဘာသာရေးအမြင်တို့၊ ကိုယ်ကျင့်တရားအမြင်တို့ကတော့ ဖအေဘက်က အုပ်ထိန်းသူတွေရဲ့ ပြုပြင်ပေးမှုကြောင့် ဖြစ်ခဲ့ရတာပါပဲ။ သို့ပေတဲ့ သူ့မှာရှိတဲ့ ထူးခြားတဲ့ ကြံရည်ဖန်ရည်၊ ဉာဏ်စွမ်း၊ သစ္စာတရားဆိုရင် အင်မတန် ခုံမင်တဲ့စိတ်နဲ့ ဘယ်လောက်ခက်ခဲ ပင်ပန်းတဲ့ အလုပ်မျိုးမဆို မပင်မပန်း လုပ်နိုင်တဲ့ သတ္တိတွေကတော့ဖြင့် ဘယ်ကမှရလာတာမဟုတ်ဘူး။ သူ့ရဲ့ မွေးရာပါ အရည်အချင်းတွေပါပဲ"

ဤကား ဆန်းဂါး၏ အဆိုဖြစ်၏။

သူ၏ ငယ်စဉ်ဘ၀ အခြေခံ ပညာရေးနှင့် အရည်အသွေးများအကြောင်းကို ဖော်ပြရာ၌ ပြည့်စုံစေရန် ကိန်းဘရစ်(ချ်) တက္ကသိုလ်ဝင်ရေးကိစ္စကိုပါ ထည့်သွင်းရေးသားသင့်သည်ဟု ထင်ပါသည်။

ကိန်းဘရစ်(ချ်)တက္ကသိုလ် ဝင်ခွင့်ရရှိရန်အတွက် ဘာထရန်သည် လက်တင်ဘာသာစာပေနှင့် ဂရိဘာသာစာပေ နှစ်ခုစလုံးကို အဆင့်အတန်းမီမီ တတ်မြောက်ရပေမည်။ ဤတွင် သူက စကောလားရှစ် ရအောင်လည်း ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်သည်။ အမှန်မှာ သူ့အနေနှင့် ငွေကြေး အထောက်အပံ့လို၍ စကောလားရှစ် လိုချင်ခြင်း မဟုတ်။ ပြိုင်ရမည်ဆိုလျှင် မည်သူနှင့်မဆို ပြိုင်လိုသည့်စိတ် ရှိသောကြောင့်သာဖြစ်၏။ ဤကိစ္စ အောင်မြင်စေရန်အတွက် သူ့ကို 'ကရင်မာ' ခေါ် အလွတ်ပညာသင် ကျောင်း

mgyee.com

mgyoe.com
SAMPLE BOOK


တစ်ကျောင်းသို့ပို့သည်။ လေဒီဂ္ဂျန်အနေနှင့်ကလည်း သူ့ကို ရပ်ထဲရွာထဲက အများပြည်သူ သားသမီးများတက်သော ကျောင်းတွင် မတက်စေချင်သဖြင့် သီးသန့် အထူးသင်ကျောင်းသို့သာ ပို့ရန် ဆုံးဖြတ်လိုက်လေသည်။

အဆိုပါကျောင်းသို့ စတက်သည့်နေ့က ကျောင်းမှ သင်တန်းဆရာတစ်ဦးက သူ့ထံ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။ သည်ဆရာက သူ့ကို ထွက်ကြိုသည်ကိုပင် သူ့မှာ ရှက်သွေးများ မွှန်ကာ မြင်းရထားသမားကို ရထားခပေးဖို့ မေ့သွားတော့သည်။ နောက် သူနှင့်အတူပါလာသော အထိန်းအစေကို ဆရာက မြင်းရထားခ ပေးလိုက်ပါဟု တိုးတိုးပြောသံ ကြားရပြန်မှ တစ်ကိုယ်လုံး ရှက်စိတ် ရှက်သွေးများ ဝှန်းတက်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေတော့၏။

နောင်အခါ၌ သူက ပြောပြဖူးသည်။

"ဟိုတုန်းက ကျုပ် ဘယ်လောက်ရှက်တတ်သလဲဆိုရင် ရှက်တတ်လွန်းလို့ တခြားကလေးတွေ၊ ကစားဖော်တွေ မျက်စိထဲမှာ ကျုပ်ဟာ တကယ့်ရယ်စရာ အကောင်တစ်ကောင်လိုကို ဖြစ်နေတော့တယ်"

ဤကျောင်းသို့ ရောက်ပြီးနောက် ရှေးဟောင်းစာပေများကို သင်ကြားရာ သာမန်ကလေးများအနေနှင့်ဆိုလျှင် ခြောက်နှစ်ကျော်ကျော် သင်ရမည့် စာပေပညာအားလုံးကို ၁၈ လတည်းနှင့် အကုန်အစင် စုံလင်နှံ့စပ်သွားလေတော့သည်။ ဤတွင် ကိန်းဘရစ်(ချ်) တက္ကသိုလ်သို့ ဝင်ခွင့်ရရုံသာမက စကောလားရှစ်ဆုကိုပါ ဆွတ်ခူးရရှိပေတော့သည်။ သို့သော် ရှေးအလွန်ကျပြီး ဘာသာစကားသေများ ဖြစ်နေကြသော အဆိုပါ ရှေးစာပေစကားများကို သူသည် သူများခေတ်ပြိုင် ဗြိတိသျှတွေးခေါ်ရှင်များလို အရသာလည်း မခံတတ်၊ အကျွမ်းကျင်ကြီး ကျွမ်းကျင်အောင်လည်း မတတ်ပေ။ ပမာပြရလျှင် ဂျိ၊ အီး၊ မိုး (ရပ်ဆယ်လ်၏ မိတ်ဆွေ ဗြိတိသျှတွေးခေါ်ရှင်) က အင်္ဂလိပ်စာပေ၊ ဂရိ၊ လက်တင်စာပေများကို အပြန်ပြန် အလှန်လှန် ဘာသာပြန်များရေးနေစဉ်အချိန်လောက်ကဆိုလျှင် ဘာထရန်ရပ်ဆယ်လ်မှာ သူ့ဦးရီးတော် ရှိလိုနှင့် သိပ္ပံလောကဓာတ်ပညာဆိုင်ရာ ပြဿနာများကို ဆွေးနွေးလို့ ကောင်းတုန်းရှိသေးသည်။ ရပ်ဆယ်လ်အနေနှင့် ခေတ်ပေါ် ရှေ့တန်းက သိပ္ပံပညာ တီထွင်အောင်မြင်မှုမှန်သမျှကို ထို့ကြောင့်ပင် လက်လှမ်းမီနေခဲ့ခြင်းဖြစ်ရာသည်။ သူ့အနေနှင့် ပြင်သစ်၊ ဂျာမန်၊ အီတလီ၊ သချ်ာ ပညာရှင်များ၏ စာအုပ်စာတမ်းများကို ၎င်းတို့ဘာသာစာပေအတိုင်း ဖတ်နိုင်၊ လေ့လာနိုင်သူဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK


သူ့အဖေဘက်ကရော အမေဘက်ကပါ အဘွား နှစ်ဦးစလုံးမှာ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်၊ အီတလီစာရော စကားကိုပါ ကျွမ်းကျင်စွာ ပြောဆိုရေးသားနိုင်ကြသူများဖြစ်၏။ ထို့ကြောင့်လည်း သူ့အနေနှင့် ငယ်စဉ်ကပင် ဥရောပ ယဉ်ကျေးမှုနှင့် အကျွမ်းတဝင် လက်ပွန်းတတီး ရှိနေခဲ့ခြင်းဖြစ်ပေတော့သည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (နှစ်)
## အမြဲစကားပြောနေခဲ့သူ

ရပ်ဆယ်လ် အသက် ၁၈ နှစ်အရွယ် ၁၈၉၀ ပြည့်နှစ်တွင် ကိန်းဘရစ်(ချ်) တက္ကသိုလ် ထရိနီတီ ကောလိပ်သို့ ဝင်ခွင့်ရသည်။ ထရိနီတီကောလိပ်မှာ ပညာသင်ရသော ဘဝသည် သူ့အဖို့ အင်မတန် ပျော်စရာကောင်းလှသည့် ကမ္ဘာသစ်ကလေး တစ်ခုထဲ နေရသလိုသာ ခံစားရသည်။

မှန်ပါသည်။ ကိန်းဘရစ်(ချ်) တက္ကသိုလ်ကလည်း ကမ္ဘာပေါ်တွင် နှယ်နှယ်ရရ တက္ကသိုလ်မဟုတ်။ ဗြိတိသျှ အတွေးအခေါ်လောကတွင် အောက်စဖို့ဒ် တက္ကသိုလ်မှ ပါမောက္ခဖြစ်သူ အက်(ဖ)အိတ်(ချ်)၊ ဘရက်ဒလေ၏ အရှိန်အဝါမှာ နှစ်ပေါင်း အတန်ကြာ ကြီးမားနေခဲ့၏။ ဘရက်ဒလေ လွန်သော် အောက်စဖို့ဒ် အရှိန်အဝါ မှိန်လာခဲ့ပြီး ကိန်းဘရစ်(ချ်)တက္ကသိုလ်သည်သာ ဩဇာအရှိန်အဝါ ကြီးမားတောက်ပလာလေတော့သည်။ တကယ့်တကယ်ဆိုလျှင်တော့ ဘရက်ဒလေ၏ ဩဇာလွှမ်းမိုးမှု ကျဆုံးလာရခြင်းမှာ ကိန်းဘရစ်(ချ်)တက္ကသိုလ်က ပုဂ္ဂိုလ်တွေက စတင် တော်လှန်၍ဖြစ်ပြီး နောက်မှ အမေရိကန် ယထာဘူတဝါဒီ (ရီးရယ်လစ်ဇင်း) က ဆက်တိုက်သောကြောင့် ဖြစ်ပေသည်။

ကိန်းဘရစ်(ချ်) မှာ ဆိုလျှင်လည်း ထရိနီတီ ကောလိပ်မှာ အလွန်နာမည်ကြီးသည်။ ကမ္ဘာကျော် ၂၀ ရာစု တွေးခေါ်ရှင် အကျော်အမော်များဖြစ်ကြသော မက်တာဂတ်။ မှိုက်ဟက်(ဒ်)။ ဘာထရန်ရပ်ဆယ်လ်။ ဂျီ၊ အီး၊ မိုး။ စီ၊ ဒီ၊ ဘရော့(ဒ်)။ ရမ်းဆေးနှင့် ဝစ်ဂျင်းစတိုင်းတို့အပြင် သိပ္ပံပညာရှင်ကြီးများဖြစ်သော အက်ဒင်တန်။

mgyoe.com

mgyoe.com

SAMPLE BOOK


ရှသား ဖုဒ်နှင့် ဂျေ၊ ဂျေ၊ သွမ်ဆင် စသူတို့လို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ကျော်များကို ထရိနီတီကောလိပ်ကပင် မွေးထုတ်ခဲ့လေသည်။ ထို့အပြင် ကိန်းဘရစ်(ချ်) ထွက်ထဲတွင် ဒဗလျူ၊ အီး၊ ဂျွန်ဆင်။ မာရှယ်လ်နှင့် ကိန်း(စ်) တို့လို ပုဂ္ဂိုလ်တွေလည်း ပါပေသေး၏။

ဤကဲ့သို့ ကမ္ဘာပေါ်တွင် အတော်ဆုံး၊ အကောင်းဆုံးသော ပါရမီရှင်၊ ဉာဏ်ကြီးရှင်တွေ အမြောက်အမြားမှာ ဘာကြောင့်များ၊ ဤထရိနီတီကောလိပ်မှာ ပေါင်းဆုံမိကြပေသနည်းဆိုသော ပုစ္ဆာကိုမူ မည်သူမျှ အတိအကျဖြေနိုင်မည်ကား မဟုတ်ပေ။ အကြောင်းအလမ်းသင့်၍ ကံအားလျော်စွာ ကြုံကြိုက်ဆုံစည်းမိကြခြင်းဖြစ်သည်ဟုသာ ဆိုရချေတော့မည်။

သို့သော် အကြောင်းတစ်ကြောင်းတော့ ရှိသည်။ အဘယ်ကြောင့်များ ဤကဲ့သို့ အတွေးအခေါ် ဆန်းသစ်မှုကြီးတစ်ရပ် ကိန်းဘရစ်(ချ်)တက္ကသိုလ်မှာ ပေါ်ပေါက်လာရပါသနည်းဆိုသော အချက်ကို ဆက်စပ်စဉ်းစားသောအခါ ကိန်းဘရစ်(ချ်) တက္ကသိုလ်သည် သင်္ချာပညာနှင့် သိပ္ပံပညာအရာတွင် အောက်စဖို့ဒ် တက္ကသိုလ်ထက်သာသည်ကို တွေ့ရသည်။ ဤအချက်သည်ပင် ၂၀ ရာစု အတွေးအခေါ်မျိုး ရှင်သန်ပေါက်ဖွားရာအတွက် ရေသောက်မြစ်ဖြစ်နေကြောင်း တွေ့ရသည်။

အမှန်မှာ ဘာထရန်ရပ်ဆယ်လ်အနေနှင့်ပဲ ပြောဦးတော့။ သူသည် ကိန်းဘရစ်(ချ်)တက္ကသိုလ်သို့ အဘယ်ကြောင့် သွားသနည်းဆိုလျှင် သင်္ချာပညာမှာ အထူးလေ့လာလိုက်စားလို၍ပင် ဖြစ်သည်။ အစ်ကို ဖရန့်(က)မူကား သူနှင့်မတူသဖြင့် အောက်စဖို့ဒ်တက္ကသိုလ်သို့သာ သွားရောက်ပညာသင်ခဲ့လေသည်။

ကျောင်းတော်သို့ ရောက်ဦးစ အချိန်မှစ၍ ဘာထရန်ရပ်ဆယ်လ်သည် ကျောင်းတွင် ထင်ရှားသော ပုဂ္ဂိုလ်များနှင့်သာ အပေါင်းအသင်းလုပ်သည်။ သူ စကောလားရှစ်စာမေးပွဲ ဖြေဆိုစဉ်က သူ့အဖြေလွှာများကို စစ်ရသူများထဲတွင် အေ၊ အင်၊ ဝှိုက်ဟက်(ဒ်) ဆိုသူလည်း ပါသည်။ ဝှိုက်ဟက်(ဒ်) ဤကျောင်းသို့ ဘွဲ့ကြိုသင်တန်းသားအဖြစ် ဝင်ရောက်ခဲ့သည်မှာ ရပ်ဆယ်လ်ထက် ၁၀ နှစ်လောက် စောသည်။ ၁၈၈၀ ပြည့်နှစ်က ထရိနီတီ ကောလိပ်သို့ ဝင်ရောက်ပြီး ၁၈၈၅ ခုနှစ်တွင် ဝှိုက်ဟက်(ဒ်)သည် 'ဖဲလိုရှစ်' ခေါ် သုခမိန် အဖွဲ့ဝင်ဘွဲ့ကို ရသည်။ ဝှိုက်ဟက်(ဒ်) သည် စကောလားရှစ် စာမေးပွဲတွင် ရပ်ဆယ်လ် ဖြေသော အဖြေလွှာများ ဖတ်ပြီးကတည်းက အလွန်နှစ်သက်သဘောကျနေမိသဖြင့် သူ၏ အထက်တန်းကျောင်းသားကြီးများကိုပင် ရပ်ဆယ်လ်နှင့် အပေါင်းအသင်းလုပ်ကြရန် တိုက်တွန်းခဲ့လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ရပ်ဆယ်လ်၏ အတွေးအခေါ်ပညာဆိုင်ရာ အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေများအနက် သူ့အပေါ်တွင် ဩဇာကြီးစွာဖြင့် လွှမ်းမိုးနေခဲ့သူမှာ မက်တာဂတ်ဖြစ်၏။ မက်တာဂတ်မှာ ဂျာမန် တွေးခေါ်ရှင်ကြီးတစ်ဦးဖြစ်သူ ဟေဂယ်၏ နောက်လိုက်၊ ဟေဂယ်၏ သာဝကတစ်ဦးဖြစ်လေသည်။ မက်တာဂတ်လည်း ရပ်ဆယ်လ်နှင့် အတော်တူသည်။ ရပ်ဆယ်လ်လိုပင် ဉာဏ်ရည်ထက်သည်။ သို့သော် သူကရှက်တတ်ရာ၌ ရပ်ဆယ်လ်ထက်ပင် ပိုသည်။

ရပ်ဆယ်လ်၏ အခင်မင်ဆုံးမိတ်ဆွေ အပေါင်းအသင်းထဲမှ ဒုတိယပုဂ္ဂိုလ်မှာ ဂျီ၊ အီး၊ မိုး ဆိုသူ ဖြစ်လေသည်။ ဂျီ၊ အီး၊ မိုးသည် ထရိနီတီ ကောလိပ်သို့ ရပ်ဆယ်လ်ရောက်ပြီး နောက်နှစ်နှစ်ကြာမှ ရောက်လာသော လူငယ်တစ်ဦးဖြစ်သည်။

ရပ်ဆယ်လ်၏ အခြားမိတ်ဆွေ တော်တော်များများလည်း ရှိပါသေး၏။ ၎င်းတို့ကို နောက်ပိုင်းကျမှ ဆိုင်သင့်ရာရာ အခန်းများ၌ ဖော်ပြသွားပါမည်။ ထိုသူတို့လည်း သာမညပုဂ္ဂိုလ်များ မဟုတ်ကြပေ။ အင်္ဂလန်ပြည်မှာရော၊ ကမ္ဘာ့နိုင်ငံခြားတိုင်းပြည်များ မှာပါ ကျော်စောထင်ရှားသူများသာ ဖြစ်ကြပေသည်။

ဂန္ထဝင်စာပေ သုတေသီတစ်ဦးဖြစ်သူ လိုး(စ်)၊ ဒစ်ကင်ဆန်၊ သီယိုဒိုဒေးဗီး(စ်)နှင့် ကရော့(မ်)တန်ဒေးဗီးစ် တို့သည်လည်းကောင်း၊ နိုင်ငံရေးသမား ချားလ(စ)ထရာဗဲ(လ်)ယန်။ ကဗျာဆရာ ရောဘတ်၊ ထရာဗဲ(လ်)ယန်နှင့် သမိုင်းပညာရှင် ဂျော့၊ အမ်၊ ထရာဗဲ(လ်)ယန် စသူတို့သည်လည်းကောင်း ရပ်ဆယ်လ်၏ အပေါင်းအသင်းများထဲတွင် ရှိကြသည်။ ထိုသူတို့အနက် အများအားဖြင့်မှာ တော်လှန်ပြုပြင် ပြောင်းလဲရေးဝါဒကို လက်ခံကြသူများဖြစ်ကြသည်။

ရပ်ဆယ်လ်နှင့်ဆိုလျှင် အတန်းတူ အရွယ်တူလည်းဖြစ်၊ တစ်ခန်းတည်းနေဖက်မိတ်ဆွေလည်းဖြစ်သူမှာ ချားလ်(စ) ဆန်းဂါးဖြစ်သည်။ ချားလ်(စ)ဆန်းဂါးသည် သင်္ချာပညာ၌ အလွန့်အလွန် ပါရမီထူးသူ ပညာရှင်တစ်ပါးဖြစ်၏။ သူကား သင်္ချာပါရဂူသာမက ဥပဒေပညာရှင် ဘာသာစကား အရပ်ရပ် ကျွမ်းကျင်သူတစ်ဦးလည်းဖြစ်ပေသည်။

ဆန်းဂါးနှင့် ရပ်ဆယ်လ်အကြောင်း ဒစ်ကင်ဆန်းက ရေးသားခဲ့ရာ၌ "ဆန်းဂါးကတော့ သေးသေးငယ်ငယ် သူ့မျက်နှာပေါ်မှာ အမြဲသတိဝီရိယနဲ့ ရှင်သန်လှုပ်ရှားမှုရှိတယ်။ အသားအရောင်ကလည်း တောက်ပတယ်။ ဘယ်လိုအလုပ် လုပ်လုပ်အင်မတန် စိတ်အားထက်သန်တာပဲ။ ရပ်ဆယ်လ် ကြည့်ရတာကတော့ဖြင့် ဟို...

mgyoe.com

mgyoe.com
SAMPLE BOOK


၁၈ ရာစုနှစ်က ပြင်သစ်ဘုန်းတော်ကြီးနဲ့ ဗြိတိသျှသူကောင်းမျိုးတို့ရဲ့ အနေအစားမျိုး ရော ကျနေတယ်”ဟု ဆိုလေသည်။

ဒစ်ကင်ဆန်သည် အနေအထိုင် သိမ်မွေ့သည်။ ရပ်ဆယ်လ်ကား စကားပြော စရာရှိလျှင် ဘယ်မျက်နှာမှ မထောက်။ ရင်ထဲရှိသည့်အတိုင်း ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်တတ်သည်။ သူ့မှာ ဤဝါသနာက အထုံပါနေတော့သည်။ သည်လို တစ်ဖက်သားအား မျက်စိမကြည့်၊ မျက်နှာမကြည့်။ ခေါင်းခေါက်၍ ပြောသလို တစ်ဖက်သားနာအောင် ပြောင်၊ တဲ့တိုးပြောတတ်သော ရပ်ဆယ်လ်၏ ဝါသနာကို ဒစ်ကင်ဆန်က စတင်ဝေဖန်၍ ကန့်ကွက်ခဲ့လေသည်။ ဘွဲ့ကြိုသင်တန်းသား ဘဝ ကတည်းကပင် သူငယ်ချင်း အပေါင်းအသင်းများက ရပ်ဆယ်လ်ဆိုလျှင် အင်မတန် ကြောက်စရာကောင်းသောလူဖြစ်သည်ဟု မှတ်ကြရသည်။

ချားလ်(စ)ထရာဗဲလ်ယန်မှာ ရပ်ဆယ်လ်တို့ထက် အရင် ကိန်းဘရစ်(ချ်) တက္ကသိုလ်သို့ ရောက်ရှိပြီးနောက် သူတို့ထက် စောစောကျောင်းထွက်သွားသော်လည်း မကြာမကြာ သူ့ညီများနှင့် တွေ့ဆုံရန်အတွက် ကိန်းဘရစ်(ချ်)သို့ ရောက်လာတတ် သည်။ နောင်အခါ၌ ရပ်ဆယ်လ်နှင့် ပတ်သက်သောအကြောင်းကို ပြောဖူးရာတွင် သူက –

“ရပ်ဆယ်လ်ဟာ ကျုပ်အမြင်မှာတော့ အင်မတန့်ကို အမြော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်နေတော့ကာ ကျုပ်လည်း သူနဲ့ ခပ်ခွာခွာပဲ နေလိုခဲ့တယ်။ ဒီလိုလေ၊ ကျုပ်စိတ်ထဲမယ် သူ့ကို တကယ့်ရောမ ပုဂ္ဂိုလ်တစ်ယောက်လို့ထင်ပြီး ခပ်ရှိန်းရှိန်း ခပ်ရှောင်ရှောင် နေခဲ့တာပဲ”ဟု ဆိုလေသည်။

ဤသည်တို့ကား အင်္ဂလန်နိုင်ငံတွင် တက္ကသိုလ်ပညာရေးသည် ကြေးတန်းစား ပညာရှင်တို့၏ ဘဝရပ်တည်မှုအတွက် ဆင်နွှဲနေသော လူတန်းစားတိုက်ပွဲ၏ တစ်စိတ် တစ်ဒေသအဖြစ် မပါဝင်သေးမီကာလက အဖြစ်အပျက်များသာ ဖြစ်ကြသည်။ ထိုစဉ် ကမူ တက္ကသိုလ် ပညာသင်များအနေနှင့် ယခုခေတ်လို တက္ကသိုလ်က ဒီဂရီကို အလုပ် ကောင်းကောင်းရရေးအတွက် အသုံးဝင်သော ကိရိယာတစ်ခုလို့လည်း မမှတ်ကြသေး ပေ။

ရပ်ဆယ်လ်နှင့် အပေါင်းအသင်းများမှာလည်း တက္ကသိုလ်က ဒီဂရီ ကောင်း ကောင်း တစ်ခုရလျှင်၊ အပြင်လောကမှာ အလုပ်ကောင်းကောင်း တစ်ခုတော့ ရမှာပဲ ဆိုသည့် စိတ်ကူးမရှိသဖြင့်၊ မိမိတို့ လေ့လာလိုက်စားနေကြသော ပညာရပ်တစ်ခုကို

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ဖက်ကမ်းခပ် တတ်မြောက်အောင် အင်အားရှိသမျှ အားကုန်စိုက်ထုတ်ကာ ကြိုးပမ်းလေ့လာခဲ့ကြလေသည်။

ထိုသို့ ကိုယ့်ဆိုင်ရာ ဘာသာရပ်များအပြင် သူတို့လူစုသည် တွေးခေါ်မြော်မြင်ရေး သဘောတရားပညာ (ဒဿနပညာ)၊ နိုင်ငံရေးရာများ၊ စာပေရေးရာများ၊ ဘာသာရေး၊ အနုပညာရေး စသည် စိတ်ပါဝင်စားရာပညာရပ်များကိုလည်း ဖတ်ကြ၊ ဆွေးနွေးကြသေးသည်။

သချာ်ပါရဂူတစ်ဦးဖြစ်သူ ဂိုက်ဟက်ဒ်လို ပုဂ္ဂိုလ်ကပင် သူသည် ဂျာမန် တွေးခေါ်ရှင်ကြီး 'အင်မင်နယူဝဲလ်၊ ကန့်' ၏ **"ဆင်ခြင်တုံတရားသက်သက်ကို ဝေဖန်ဆန်းစစ်ခြင်း"** အမည်ရှိ ကျမ်းကို အကြိမ်ကြိမ် အခါခါ လေ့လာခဲ့သဖြင့် ထိုစာအုပ် တစ်ဝက်နီးပါးမျှကိုပင် အာဂုံကျက်မှတ်မိနေသည်ဟု နောင်အခါ၌ ရှေးဟောင်းနှောင်းဖြစ်ပြောရင်း ပြောဆိုဖူးလေသည်။

ဂိုက်ဟက်ဒ်က ဆရာ၊ ရပ်ဆယ်လ်က ထိုစဉ်က ကျောင်းသားဘဝနှင့် ကိန်းဘရစ်ချ်တက္ကသိုလ်၌ ပညာသင်ရင်း၊ ပညာရပ်များကို လေ့လာသောအခါ၌ ရှေးက ခေါမတိုင်းသား တွေးခေါ်ရှင်ကြီး ပလေတို၏ အကယ်ဒမီကျောင်းတော် ပညာရေးစနစ်မှာကဲ့သို့ ပြုလုပ်ခဲ့ကြသည်။ သူတို့၏ စာပေလေ့လာချိန်ကို အပိုင်းအခြား အကန့်အသတ် ပြုလုပ်ကာ သချာ်ကို လေ့လာသည့်အချိန်တွင် လေ့လာပြီး တခြားအချိန်များ၌ မိတ်ဆွေအပေါင်းအသင်းများနှင့်အတူ ဘာသာရပ်မျိုးစုံကို လေ့လာဆွေးနွေးတတ်ကြသည်။

ဂိုက်ဟက်ဒ်၏ အဆိုအရဆိုလျှင်၊ ထိုကဲ့သို့ နေ့စဉ်နေ့တိုင်း ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးချက်များသည် ရှေးက "ပလေတို၏ ဆွေးနွေးခန်းကျယ်ကြီး" တမျှပင် ရှိခဲ့လိမ့်မည် ထင်သည်ဟု ဆိုသည်။

သူတို့၏ဆွေးနွေးပွဲတွင် ပါဝင်သောအဖွဲ့မှာ ကျောင်းနှင့် သီးခြားလွတ်သဖြင့် လျှို့ဝှက်အဖွဲ့ကလေးတစ်ဖွဲ့လိုဖြစ်ကာ ၎င်းကို သူတို့အချင်းချင်းက 'အသိုင်းအဝိုင်း' ဟု ခေါ်ကြသည်။ စနေနေ့ ညနေခင်းများတွင် သူတို့အသိုင်းအဝိုင်းထဲပါသူ ဝိုင်းတော်သားများသည် ဝိုင်းသားများ၏ အခန်းတစ်ခုတွင် ဝိုင်းဖွဲ့ကြကာ ညဉ့်နက်သည်အထိ ပြောဆိုဆွေးနွေးကြသည်။ တစ်ခါတစ်ခါ နောက်တစ်နေ့ (တနင်္ဂနွေနေ့) နံနက်စာ စားပွဲတွင်ဆုံပြီး စကားဆက်ကြပြန်ကာ စားပြီးသောက်ပြီး လမ်းလျှောက်ထွက်ရင်း ဆက်လက်ဆွေးနွေးကြပြန်လေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဤဆွေးနွေးပွဲ ဝိုင်းသားများအနက်တွင် မကြာမီပင် ရပ်ဆယ်လ်မှာ ထူးချွန်တောက်ပလာသည်။ သူတို့ဝိုင်းတွင် ရပ်ဆယ်လ်က အပေါ်ဆုံးဖြစ်နေတော့သည်။ အရင်တုန်းကလို အဘွားဖြစ်သူ၏ လောင်းရိပ်ကြီးအောက်တွင်လည်း သူမနေတော့ပေ။ နောက်တော့ သူ့ကိုယ်သူ အံ့သြလာရသည်အထိ ဖြစ်တော့သည်။ သူစကားပြောပြီလားဆိုလျှင် ကိန်းဘရစ်(ချ်)တက္ကသိုလ်မှ တကယ့် အကျော်ဇေယျပုဂ္ဂိုလ်ကြီးများပင် သူ့စကားကို ဂရုတစိုက် အစအဆုံး နားထောင်နေကြသည်ကို တွေ့နေရသည်။ ထို့ကြောင့် သူ့မှာ စိတ်ချမ်းမြေ့သာယာရသလောက် စိတ်အားလည်း အင်မတန် တက်လာသည်။

ကမ္ဘာသစ်ကြီးထဲက သတ္တဝါသစ်ကလေး တစ်ကောင်လို သူ့မှာ ခံစားနေရသည်။ သူ၏ ဉာဏ်စဉ်သည်လည်းကောင်း၊ စိတ်ဓာတ်အင်အားသည်လည်းကောင်း လျှင်မြန်သောအဟုန်ဖြင့် တိုးတက်နေလေတော့သည်။ သူနှင့် စိတ်တူ၊ ရည်ရွယ်ချက်တူ အပေါင်းအသင်းများ အသိုင်းအဝိုင်းထဲမှာဆိုလျှင် သူသည် မျက်နှာစိမ်းများ ရှေ့မှာလို မရှက်တော့။ ရှက်စိတ်ကို မေ့လျော့ကာ ရဲတင်းလာသည်။ ဆေးတံလည်း သောက်တတ်နေလေပြီ။ ပင်းဘရွတ်လော့ဂျ်မှာတုန်းကဆိုလျှင် အဘွားဖြစ်သူ လေဒီဂျွန်က ဆေးလိပ်၊ ဆေးတံသောက်သည်ကို နည်းနည်းမျှမကြိုက်။ ဆေးလိပ်သောက်ခြင်းကို အကုသိုလ် အလုပ်ဟုပင် ထင်သည်။ ယခုမူ အဘွား၏ လောင်းရိပ်လည်းကင်းပြီ။ လူလားလည်း မြောက်ပြီ။ ဆေးတံလည်း အဘွား ရှိုက်တတ်ပြီဖြစ်၍ တစ်နေ့လုံး၊ တစ်ညလုံး ဆေးတံကိုဖွာရင်း စကားပြောနေလေတော့သည်။ စကားပြောရမည်ဆိုလျှင် နေ့မနား၊ ညဉ့်မနား ပြောနေလေတော့သည်။

နောင် အနှစ် ၆၀ ခန့် ကြာပြီးမှာ ဂျီ၊ အီး မိုး အား ဘာထရန်ရပ်ဆယ်လ် ငယ်စဉ်ကအကြောင်း မေး၍ ပြောရာ အချိန်က ကြာမြင့်ပြီဖြစ်၍ အသေးစိတ်ကလေးတွေတော့ မေ့နေပြီဖြစ်ကြောင်း၊ သို့သော် မမေ့နိုင်သော အချက်မှာကား သူသည် အချိန်ရှိသရွေ့ အမြဲစကားပြောနေသူဖြစ်ကြောင်း ပြောပြလေသည်။

ဂျီ၊ အီးမိုးကတော့ စကားများများမပြော။ အကယ်၍ အတွေးအခေါ်ပိုင်းဆိုင်ရာ ပြဿနာတစ်ရပ်ကို အကျောက်အကန် ငြင်းခုံဆွေးနွေးသောအခါမျိုးမှာမူ ဘယ်လောက်ပြောရပြောရ ပြောသည်။ ထိုအခါမျိုးမှာတော့ ဂျီအီးမိုးလည်း ထမင်းမေ့၊ ဟင်းမေ့ ပြောတတ်သူသာဖြစ်၏။ အလွန်စိတ်အားထက်သန်စွာဖြင့် သဘောကွဲလွဲမှု တစ်ရပ်ကို ဆွေးနွေးဖြေရှင်းသောအခါများ၌ မိုး၏ နဖူးထက်တွင် ဝဲကာဝဲကာ ကျလာတတ်သော

mgyoe.com

mgyee.com
SAMPLE BOOK


ဆံပင်များကို လက်တစ်ဖက်ဖြင့်သိမ်းရင်း၊ သူက အာပေါင်အာရင်းသန်သန်နှင့် မလျှော့တမ်း ဆွေးနွေးတော့၏။ သို့စဉ်လျက် တစ်စုံတစ်ယောက်က –

"ခင်ဗျားပြောတာ ကျုပ်တော့ လက်မခံနိုင်ဘူးဗျာ" ဟု ဆိုလျှင် သူက –

"ဘုရားရေ... ကျုပ် ဒီလောက်ပြောနေတာတောင် ခင်ဗျားက တစ်လုံးတစ်ပါဒမှ နားမလည်ဘဲကိုး" ဟု နှုတ်တုံ့ပြန်ကာ ဆိုတတ်လေသည်။ သူလုပ်ခဲ့သမျှ အလုပ်တို့တွင် ရပ်ဆယ်လ်အနေနှင့် ထူးထူးခြားခြား လုပ်ဆောင်နိုင်ခဲ့သော အလုပ်တစ်ခုမှာ သူနှင့် နီးစပ်သူတစ်ဦးအား ဒဿနပညာခေါ် တွေးခေါ်မြော်မြင်ရေး သဘောတရားကို လေ့လာချင်လာအောင် ဆွဲဆောင်ယူနိုင်ခြင်းပင် ဖြစ်ပေတော့သည်။

ဂျီအီးမိုး ကိန်းဘရစ်(ချ်) သို့ ရောက်စကဆိုလျှင် သူ့မှာ ဂန္ထဝင်စာပေတွေကလွဲလျှင် ကျန်သော ဘာသာရပ်များကို အထူးလေ့လာချင်သော အာသီသ၊ ရည်ရွယ်ချက် မရှိခဲ့ပေ။ ဂန္ထဝင်စာပေတွေ တတ်မြောက်ပြီးလျှင်လည်း ကျောင်းဆရာ တစ်နေရာဝင်လုပ်မည်လောက်သာ စိတ်ကူးရည်မှန်းချက် ရှိခဲ့လေသည်။

သို့ရာတွင် ရပ်ဆယ်လ်က ဂျီ၊ အီး၊ မိုး အား မက်တဂတ်နှင့် တွေ့ဆုံမိတ်ဆက်ပေးရန် လက်ဖက်ရည်ပွဲတစ်ခုသို့ ဖိတ်လိုက်လေသည်။ ထိုအခါ ဂျီ၊ အီး၊ မိုး ရှေ့မှောက်တွင် မက်တဂတ်က သူ တွေးခေါ်ထားသော "ကာလဆိုသော တရားသည် အစစ်အမှန် (ယထာဓမ္မ) မဟုတ်" ဟူသော သဘောတရားကိုချ၍ ဆွေးနွေးလေသည်။ ထိုစကားကို ကြားရတော့ မိုး၏စိတ်ထဲတွင် မက်တဂတ်သီဝရီသည် အဓိပ္ပာယ်မရှိဟု ထင်သည်။ ပြီးတော့ သူလည်း ပါဝင်ကာ အကျောက်အကန် ငြင်းလေတော့သည်။

ဤအကြိမ်တွင်လည်းကောင်း၊ နောင်အခွင့်အခါ ကြုံတိုင်းမှာလည်းကောင်း ဂျီအီးမိုး ဆင်ခြေတက်ပုံများကို တွေ့ရသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ရပ်ဆယ်လ်က ဂျီအီးမိုးအား ဂန္ထဝင်စာပေတွေကိုပစ်ပြီး တွေးခေါ်မြော်မြင်ရေး (ဒဿန) ပညာကို လေ့လာလိုက်စားပါရန် တိုက်တွန်းလေသည်။ ဂျီအီးမိုးလည်း အလွန်ထူးချွန်ထက်မြက်သူဖြစ်၍ နောင်အခါ ရပ်ဆယ်လ်သည်ပင် မိုးထံမှ တချို့အချက်များကို လေ့လာယူခဲ့ရသည်ရှိ၏။

နှစ်ပေါင်းအတော်ကြာသည်အထိ ကိန်းဘရစ်(ချ်)တက္ကသိုလ်မှ လူအများက မိုးသည် ရပ်ဆယ်လ်ထက် သာသည်ဟု မှတ်ခဲ့ကြဖူးသည်။

မိုးအနေနှင့်လည်း နောက်ပေါက် ကျောင်းသားများအပေါ်တွင် လွှမ်းမိုးနိုင်သည့် ဩဇာတော်တော်ရှိခဲ့လေသည်။ အမှန်တော့ ရပ်ဆယ်လ်ကိုယ်မှာရှိသော အလျှိုပယ်

mgyee.com

mgyoe.com SAMPLE BOOK


ကြွယ်နေသော ဉာဏ်ရည်မျိုး မိုးမှာမရှိသည်ကို မသိဘဲ၊ သူ၏ စာတ်ခံပါရမီအရင့် အမာကြီးကို ပါရမီဟုမထင်၊ ဉာဏ်ကောင်းသည်၊ တော်သည် ဆိုကာမတ္တ ထင်ခဲ့ကြ သည်မှာ မှားပေသည်။

မိုးအနေနှင့်မူ စာပေအရေးအသား အသွယ်အလှည့် ပရိယာယ်ဝေဝုစ်ကောင်း သည့်နေရာတွင် ထင်ရှားသည်။ တောက်ပသည်မှာ မှန်သည်။ သို့သော် ရှေးက သူရေးခဲ့သော စာပေ ဆောင်းပါးများနှင့် သူ့ခေတ်ပြိုင်များအပေါ် သူ၏ လွှမ်းမိုးနိုင်မှု တို့ကို ဆင်ခြင်သော် သူ့စာအုပ်များသည် အရှိန်အဝါ ကြီးသလောက် ထိုက်ထိုက် တန်တန် မရှိလှသည်ကို တွေ့ရ၏။

ရပ်ဆယ်လ်၏ တက္ကသိုလ်ပညာပိုင်းဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဆိုရပါမူ ကိန်းဘရစ်ချ်တက္ကသိုလ်သို့ရောက်စ သုံးနှစ်အတွင်းတွင် သူ သည် သင်္ချာဘာသာရပ်ကိုသာ အထူးလေ့လာ လိုက်စားနေခဲ့လေသည်။ ထိုစဉ် အပူ အပင် အကြောင့်အကြ ကင်းသော ကာလကဆိုလျှင် တက္ကသိုလ်၌ ပညာပို့ချနေသော ဆရာများမှာလည်း ထူးပေ့ ချွန်ပေ့ ဆိုသူများသာ ဖြစ်ကြ၏။ သို့တစေ ရပ်ဆယ်လ် နှင့် ဆုံကြရသောအခါ၌ သူ၏ သင်္ချာဆရာများမှာ ဦးနှောက်ခြောက်ပြီး ရှုံးမတတ် ပင် ဖြစ်ကြရသည်။

၁၈၉၃ ခုနှစ်တွင် ကိန်းဘရစ်(ချ်) တက္ကသိုလ်၌ သတ္တမမြောက် သင်္ချာအထူး ချွန်ဆုံး ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခြင်းခံရသည်။ ဤသို့ သတ်မှတ်ခံရသည်မှာ ကောင်း သော်လည်း ထင်ပေါ်ကျော်ကြားခြင်းကား မရှိခဲ့ရ။ အကြောင်းမူ ထိုနှစ်မှာပင် သူ့ သူငယ်ချင်း ဆန်းဂါးအား ဒုတိယမြောက် သင်္ချာအတော်ဆုံးလူအဖြစ် သတ်မှတ်ခဲ့ခြင်း ကြောင့် ဖြစ်၏။

ရပ်ဆယ်လ်သည် သူ့ကို နည်းပြလမ်းပြ ပြုလုပ်နေသော ဆရာက မျှော်လင့် သည်ထက်ပို၍ တော်နေပေတော့သည်။ သူ၏ သက်တမ်းတစ်လျှောက်တွင် ကြိုးပမ်း ချက်များ အောင်မြင်ခဲ့ရခြင်းသည်။ သူ့တွင် စလုပ်မိလျှင် နောက်မဆုတ်တမ်း ဇွဲကြီးစွာ ဖြင့် ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက် လုပ်တတ်ခြင်းကြောင့် ဖြစ်ကြောင်းကို သူကိုယ် တိုင်ပင် ထုတ်ဖော်ပြောဆိုခဲ့ဖူး၏။ သူနှင့် ဆန်းဂါးတို့ အတူနေ အတူစားပြီး သင်္ချာ ပညာကို အထူးလိုက်စားကြစဉ်က သင်္ချာပုစ္ဆာတစ်ပုဒ် ပေးလိုက်လျှင် ဆန်းဂါးက အလျင်အမြန် အဖြေရသွားတတ်ကြောင်းလည်း သူ ပြောဖူးသည်။ သူ့ကို သင်္ချာအထူး ချွန်ဆုံးစာရင်း သတ္တမမြောက်အဖြစ် သတ်မှတ်ရသည့် အခြားအကြောင်းတွေကလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


အမြောက်အမြား ရှိသေး၏။ ဤကဲ့သို့ သင်္ချာထူးချွန်သူစာရင်းတွင် အစဉ်တစိုက် တိတိကျကျ သတ်မှတ်နိုင်ရန် ကိန်းဘရစ်(ချ်)သင်္ချာတွင် တွက်နည်းချက်နည်း ပြဿနာများ အတော်များများပါသည်။ သို့သော် ဤပြဿနာများကို ရပ်ဆယ်လ်၏ စိတ်ထဲတွင် ဘာမျှအသုံးမကျသော ပြဿနာများဟူ၍သာ မှတ်သည်။ ဤပြဿနာများသည် သူစိတ်ဝင်စားပြီး လေ့လာလိုက်စားနေသော သင်္ချာဒဿနပညာ (သင်္ချာနှင့်ပတ်သက်သော အတွေးအမြင်) ဆိုင်ရာ အခြေခံအချက်အလက်များအတွက် ဘာမျှလည်း အထောက်အပံ့မပြုနိုင်ဟု မြင်လေသည်။ တစ်ခါတစ်ခါ သူ့ဆရာများ၏ အယူအဆများကို သူက မေးခွန်းထုတ်ပြီး ဝေဖန်သည်။ ထို့နောက် သူ့ကို သင်ပေးနေသော ဘိုင်နိုမေးလ်သီအိုရမ် (Binomial Theorem) နှင့် အင်ဖိုင်နိုက်စမယ် ကာကုလ (Infinitesimal Calculus) တို့သည် ယုတ္တိ၊ ယုတ္တာမဲ့မှု အမှားများ အမြောက်အမြား ပါနေသည်ဟု သူက ဆုံးဖြတ်လိုက်လေတော့သည်။

ကိန်းဘရစ်(ချ်)တက္ကသိုလ်တွင် သင်္ချာဘာသာ ဂုဏ်ထူးတန်းကို အထူးချွန်ဆုံးထဲက အောင်မြင်ခဲ့ပြီးခါမှ ဤသို့သော မှားယွင်းချွတ်ချော်မှုများကို တွေ့လာရသဖြင့် စိတ်အပျက်ကြီးပျက်ကာ သူ့မှာရှိသမျှ သင်္ချာစာအုပ်များကို အားလုံး ရောင်းစားပစ်လိုက်လေတော့သည်။ သင်္ချာစာအုပ်များကို ရောင်းပစ်လိုက်ရုံသာမက ဤတစ်သက် သင်္ချာကို ဘယ်တော့မှ ပြန်လှည့်မကြည့်တော့ဘူးဟူ၍ပင် အဓိဋ္ဌာန်ပြုမိသည်အထိ ဖြစ်ရလေသည်။

ဤသို့ သင်္ချာကို စွန့်ခဲ့ပြီးသည့်နောက် ကိန်းဘရစ်(ချ်)တက္ကသိုလ်မှ ထွက်ခွာမသွားမီ ကျန်သော အချိန်ကာလများ၌ ရပ်ဆယ်လ်သည် ဒဿနပညာ (တွေးခေါ်မြော်မြင်ရေး သဘောတရား) များကိုသာ အပတ်တကုတ် ကြိုးစားအားထုတ်၍ လေ့လာလိုက်စားပေတော့သည်။

တွေးခေါ်မြော်မြင်ရေး သဘောတရားနယ်သို့ ဝင်လာဦးစ၊ ရှေးမဆွ၌ သူ၏ ဦးတည်ချက်မှားကာ လမ်းလွဲသို့ လိုက်နေမိပြန်၏။ မှားရခြင်းမှာလည်း တခြားကြောင့် မဟုတ်။ သူ့ဆရာ လုပ်သူနှင့် မက်တဂတ်တို့က သူယခင်က လေ့လာပြီး လက်ခံထားသော ဗြိတိသျှ အတွေ့အကြုံ အဓိကဝါဒ (ဂျေ၊ အက်(စ)မီးလ်၏ ဝါဒ) မှာ မှားသည်။ တကယ့်အထက်တန်းကျသော ပညာအမြင်၊ သဘောတရားအမြင်တို့မှာ ဂျာမန်တွေးခေါ်ရှင်များ ဖြစ်ကြကုန်သောကန့်၊ ဟေဂယ်နှင့် ဗြိတိသျှ တွေးခေါ်ရှင် ဟေဂယ်နောက်လိုက်ဖြစ်သော 'ဘရက်ဒလေ' စသူတို့၏ အတွေးအခေါ် ကျမ်းများမှာသာ

mgyoe.com

mgyoe.com
SAMPLE BOOK


ပါရှိသည်ဟု ပြောဆိုတိုက်တွန်းကြသောကြောင့် ဖြစ်၏။

ထိုအချိန် ကာလကဆိုလျှင် ဗြိတိန် အတွေးအခေါ် ပညာရှင်များ လောကတွင် အသစ်ထွက်လာသော ဘရက်ဒလေ ရေးသားသည့် **'ပညတ်နှင့် ပရမတ်'** ဆိုသည့် စာအုပ်ကလည်း တော်တော် ဂယက်ရိုက်လျက်ရှိ၏။

ဤစာအုပ်၏ သဘောမှာ ယခုဘဝလူတို့၏ မျက်မှောက်ပြုနေရသော လောကထဲရှိ အရာဝတ္ထု အဖြစ်အပျက်များ၊ ဂုဏ်အရည်အချင်းများ၊ ဌာန၊ ကာလ စသည် သဘောတရားများ အားလုံးသည် ကိုယ်တွင်း ဝိရောဓတရားများ ကိန်းလျက် ရှိသည် ဖြစ်၍ ၎င်းတို့သည် မတည်တံ့နိုင်ကြကုန်။ အရိပ်အယောင်၊ ပညတ်တွေသာ ဖြစ်ကုန်သည်။ အစစ်အမှန် ယထာဓမ္မများကား မဟုတ်ကြဆိုကာ လောကအလုံးကိုပယ်ပြီး တကယ့်ဧက ထာဝရသစ္စာတရား (ပရမတ္ထသစ္စာ) ဆိုသည်ကား ကာလကင်းသော ထာဝရသစ္စာ၊ အကြွင်းမဲ့သော အနန္တသစ္စာသာ တလုံးတစည်း တစ်သဘောတည်း ဖြစ်ရချေမည်ဟု ဆိုသည်။ ဤစာအုပ်တွင် ထိုသစ္စာတရားကို ဘရက်ဒလေက **'အနန္တဝိညာဉ်တော်ကြီး'** ဟု ခေါ်ထားလေသည်။

ယင်း **အနန္တဝိညာဉ်တော်** ဆိုသည်ကား ဝိညာဉ်သဘော၊ နာမ်သဘော သက်သက်သာဖြစ်၍ နေ့စဉ်ဘဝထဲမှာ ကြုံနေရ၊ ဆုံနေရသော အရာဝတ္ထုတို့နှင့် အခြားနားကြီး ခြားနားကုန်သည်။ ဤကား 'ဘရက်ဒလေ' ၏ အဆိုဖြစ်ချေသည်။

တစ်နည်းဆိုတော့ ဘရက်ဒလေသည် မျက်မှောက်ဘဝအတွင်း ကြုံနေ ဆုံနေရသော အရာဝတ္ထုများလည်း အမှန်တရား သစ္စာများသာ ဖြစ်ကြသည်ဟု ယူသော၊ ယထာဘူတဝါဒသမားများနှင့်ဆန့်ကျင်သော **ဝိညာဏဝါဒီ** တစ်ဦးသာဖြစ်၏။ (ယထာဘူတ ဝါဒသမားဆိုသည်က လောကထဲရှိသမျှ အရာခပ်သိမ်းတို့သည် ရှိသည့်အတိုင်း အမှန်ဖြစ်နေကြခြင်းသာဖြစ်၏။ အမှန်တရား၊ သစ္စာတရား ဟူသည်လည်း သူ့အတိုင်းရှိမြဲသာရှိ၏။ လူစိတ်၊ လူ့အသိဉာဏ်က မသိသေးစေကာ ရှိမြဲတိုင်းအရာသည် ရှိမြဲတိုင်းသာရှိ၏။ လူမသိတိုင်း မရှိတော့ပြီဟု မဆိုသာ။ လူက သိသိ မသိသိ ရှိမြဲတိုင်း အရာကား ရှိနေမည် မုချဟု ယူသောဝါဒဖြစ်၏။ ဤကား အကြမ်းဖျင်း အဓိပ္ပာယ်ဖော်ပြချက်)။ ဤဝါဒကား ဘရက်ဒလေ၏ အနန္တဝိညာဉ်တော်ဝါဒနှင့် ဆန့်ကျင်၏။

ရပ်ဆယ်လ်လည်း ဘေးက မိတ်ဆွေများ၊ ဆရာများ၊ အဆွဲအဆောင်ကောင်းမှုကြောင့် ကြံ့ကြံ့မခံနိုင်ဘဲ ဟေဂယ်နှင့် ဘရက်ဒလေ နောက်လိုက်တစ်ဦးဖြစ်လာပေ

mgyoe.com

mgyee.com  SAMPLE BOOK


တော့သည်။ ဤသို့ ဖြစ်လာရသည်ကို ထောက်ရှုသော် ကိန်းဘရစ်(ချ်)တက္ကသိုလ်မှ သင်ကြားပို့ချပေးသော ပညာများကြောင့် မဟုတ်မူဘဲ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆွေးနွေးပြောဆိုမှု များသောကြောင့်သာ ဖြစ်တန်ရာသည်။

သင်္ချာဘာသာကို လိုက်စားစဉ်က သူ့သင်္ချာဆရာက သင်္ချာတွင် ဝိုင်ယားစထရော့စ်၏ တီထွင်ချက်များကို မပြောပြသော်လည်း သူ၏ ဒဿနပညာဆရာကမူ သူ့ကို အတွေ့အကြုံ အဓိက ဝါဒစွဲကျွတ်ကာ ဟေဂယ်လီယန်တစ်ဦးဖြစ်လာအောင် အထိ လုပ်ပေးခဲ့လေသည်။

အဖြစ်အပျက် နှစ်ရပ်စလုံးမှာပင် (နောင်ဘွဲ့ရပြီး မိမိ၏ကိုယ်ပိုင် အတွေးအခေါ်များ စတင်သည်အထိ) သူ၏အနေနှင့် သင်္ချာအခြေခံ ပြဿနာအပေါ်တွင် မကျေမနပ်ဖြစ်ခဲ့ရသည်။ ဤမကျေနပ်မှုသည် နောင်အခါ ကိန်းဘရစ်(ချ်)က စွဲကိုင်ထားသော ရှေးအယူမှန် ဝါဒကို တွန်းလှန်တိုက်ခိုက်ရသည့်အကြောင်း ဖြစ်လာသည်။

ထို့နောက်တွင် သူသည် သင်္ချာကို ပြန်ကိုင်ပြီး သူ၏ သုခမိန် အဖွဲ့ဝင်ဘွဲ့ (ဖဲလိုးရှစ်) ယူရန် **"ဂျီသြမေတြီ၏ အခြေခံ အုတ်မြစ်များ"** အမည်ရှိ စာတမ်းတစ်စောင်ကို ရေးခဲ့လေသည်။ သို့သော် ဤအချိန်အထိ သူ့အပေါ်တွင် ဟေဂယ်၏ အတွေးအခေါ်များက လွှမ်းမိုးကြီးစိုးနေကြောင်း ထိုစာတမ်းက ဖော်ပြနေ၏။ ထိုစာတမ်းတွင် သူသည် မက်တာဂတ်ကို ညွှန်းထားလေသေးသည်။

နောင်အခါ မိုးနှင့် ရပ်ဆယ်လ်တို့နှစ်ဦးသည် မက်တာဂတ်၏ အတွေးအမြင်များကို ငြင်းပယ်လာကြသည့်တိုင်အောင်၊ ထိုသူ ဟောကြားခဲ့သော အချက်နှစ်ချက်ကိုကား လက်ကိုင်ထားခဲ့သေး၏။ ထိုနှစ်ချက်မှာ (၁) စကားလုံး တစ်လုံးကိုသုံးလျှင် ထိုစကားလုံး၏ အနက်အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း သိအောင် လုပ်ရမည်ဆိုသော အချက်နှင့် (၂) လောကအမြင် ပညာ၌ တွေးခေါ်မြော်မြင်ရေးဆိုင်ရာ ဆွေးနွေးမှုတစ်ရပ်ကို မိမိလိုရာ စိတ်အလိုကျ အဖြေမျိုးရအောင် ဆွဲယူခြင်းသည် အကြီးမားဆုံးသော အပြစ်ပင်ဖြစ်သည်ဟူသော အချက်။ ဤနှစ်ချက်ကို သူတို့ လက်ခံမြဲ လက်ခံထားခဲ့သေး၏။

ဤနေရာ၌ ရပ်ဆယ်လ်နှင့်ပတ်သက်၍ ကိန်းဘရစ်ချ်မှ သူ၏ ဒဿနပညာဆရာကြီးတစ်ဦး၏ ဝေဖန်ပုံကို အကြောင်းသင့်၍ ဖော်ပြရသော် သူတို့က ရပ်ဆယ်လ်၏ စာတမ်းများသည်လည်းကောင်း၊ စာမေးပွဲ အဖြေလွှာများသည်လည်းကောင်း အဆမတန် တိုသည်ဟု ဆိုကြသည်။ သူ့မှာ ဤကဲ့သို့ လိုရင်းကို ဒက်ခနဲရောက်

mgyee.com

mgyee.com
SAMPLE BOOK


အောင် တိုတိုနှင့် ရှင်းရှင်းရေးနိုင်သော အရည်အချင်းရှိသည်။ ဤသို့ တိုပင်တိုငြား လည်း ရပ်ဆယ်လ် ရေးထားသောစာကို ဖတ်ပြီးလျှင် အပိုအလိုမရှိကြောင်း လူတိုင်း ဝန်ခံကြရသည်ဟု ဆိုခဲ့ဖူးသည်။

အမှန်တော့ ဘယ်လောက်ပင် ပင်ကိုအတွေးအခေါ်ရှိသည်၊ ဘယ်လောက်ပင် ကြီးကျယ်ထင်ရှားသည့် တွေးခေါ်ရှင်မျိုး ဖြစ်သည်ပဲဆိုဆို၊ ထိုပုဂ္ဂိုလ်သည်လည်း သူ့ခေတ် သူ့အခါအလျောက် ဖြစ်ပေါ်နေသော အတွေးအခေါ် အယူအဆများ၏ လောင်းရိပ်က မကင်းနိုင်ချေ။ ထို့ကြောင့်လည်း ရပ်ဆယ်လ်နှင့်ပတ်သက်၍ ပြောသော အခါ သူနှင့်တကွ သူ့ကျောင်းနေဖက် သူငယ်ချင်းများ (ဘွဲ့မရမီ) အပေါ် လွှမ်းမိုးခဲ့ သော အယူအဆများ အကြောင်းလည်း ဖော်ပြသင့်ပေသည်။

ရပ်ဆယ်လ်တို့ သူငယ်ချင်းတစ်သိုက်၊ ကိန်းဘရစ်(ချ်)တက္ကသိုလ်သို့ ရောက် လာသည့်အချိန်သည် ၁၉ ရာစုမှ ၂၀ ရာစုသို့ ကူးပြောင်းဝင်စ၊ ခေတ်ပြောင်း ခါသမယ မတိုင်မီ အချိန်ကလေးဖြစ်ပေသည်။

၁၉ ရာစုခေတ်ကား တီထွင်ကြံဆတတ်သော ဘဝအတွက် မျှော်လင့်ချက် အပြည့်နှင့် ရန်းကန်လှုပ်ရှားနေသော ခေတ်ဖြစ်၏။ ၂၀ ရာစုကား အရာရာကို အနိဋ္ဌာရုံ သဘောထားကာ ဝေဖန်မှု၌ အထုံပါသော ကာလဖြစ်၏။ သူတို့ခေတ်ကဆိုလျှင် ပိုမိုကောင်းမွန်သော အနာဂတ်ဘဝအတွက် အကြီးအကျယ် မျှော်လင့်ချက်များကို နေရာတကာတွင် တွေ့ရသည်။

ဤသို့ ဘဝကို တန်ဖိုးထားခြင်း၊ အနာဂတ်တွင် ပိုမိုကောင်းမွန်သော လောက မျိုး တည်ထောင်ရန် အားသန်ခြင်း၊ စိတ်ဓာတ်တက်ကြွခြင်းမျိုးကား လူမျိုးရေး၊ နိုင်ငံ ရေး ကွဲပြားမှုနှင့်မဆိုင်။ နေရာတကာတွင် ရှင်သန်ထွားကျိုင်းလျက် ရှိပေသည်။ ဤကဲ့သို့သော စိတ်အားထက်သန်မှုကို ဂျာမနီပြည်တွင် ဟေဂယ်၏ အတွေးအခေါ် များက ဖန်တီးပေးသည်။ ဗြိတိန်နိုင်ငံမှာဆိုလျှင်လည်း ဒါဝင်၏ သီဝရီများက ဘဝ အတွက် ပိုမိုကြိုးစား ရုန်းကန်ချင်လာအောင် စိတ်ဓာတ်သစ်များကို စေ့ဆော်ပေးနေ သည်။ နယ်ချဲ့ကျူးကျော်ရေးသမား ကွန်းဆားဗေးတစ်များပဲဖြစ်ဖြစ်၊ လစ်ဘရယ်ခေါ် လွတ်လပ်စွာ ရောင်းဝယ်ရေးသမားတွေပဲဖြစ်ဖြစ်၊ မာ့က်စ်ဝါဒီ တော်လှန်ရေးသမားတွေ ပဲဖြစ်ဖြစ် ဘယ်သူမဆို မိမိတို့လိုချင်သော လောကမျိုး တည်ဆောက်ယူလျှင် ရနိုင် သည်ဟု အနာဂတ်ကို မျှော်လင့်အားသန်ပုံ၌ တူကြသည်။

"ကျုပ်တို့တစ်သိုက်လုံးကလည်း ဒီ ၁၉ ရာစုခေတ်ရဲ့ အစဉ်အလာတွေ၊

mgyee.com

mgyee.com
သဘောထားအမြင်တွေ၊ တိုးတက်မှုတွေဟာ ရှေ့လျှောက် ဖြစ်နေကြဦးမယ်လို့ ယုံကြည်ကြတယ်။ ဒါကြောင့်လည်း ကျုပ်တို့အနေနဲ့ လောကအကျိုးအတွက် တန်ဖိုးရှိတာကလေး တစ်ခုလောက်စီတော့ မဖြစ်ဖြစ်အောင် လုပ်ခဲ့ကြဦးမှပဲလို့ အားလုံးက သဘောထားခဲ့တယ်" ဟု ရပ်ဆယ်လ်က နောင်အခါ ထုတ်ဖော်ပြောကြားခဲ့လေသည်။

လူ့ဘဝ တိုးတက်ကောင်းမွန်ရေးကိုသာ လိုလားသူတစ်ဦးဖြစ်ရကား၊ ဘာထရန် ရပ်ဆယ်လ်သည် စစ်ကို ရှေးအခါကပင် မလိုလားခဲ့။ အသိဉာဏ်ရှိသူတိုင်းသည် မိမိတို့ခေါင်းကို စစ်အတွက် အသုံးပြုရန်မလိုဟုသာ သူမြင်သည်။

ဤကဲ့သို့ ဘဝတိုးတက်ရေးအတွက် မဖြစ်မနေ လုပ်ကြရမည်ဆိုသော ယုံကြည်ချက်သည်ပင် စစ်နှင့် အာဏာရှင်စနစ်တို့၏ ရိုင်းပျစွာ ဖျက်ဆီးမှုကြောင့် အစိတ်စိတ်အမြွာမြွာ ကွဲကြေခဲ့ရသည်။ လက်တွေ့ပိုင်းတွင် စစ်ရေးစစ်ရာများနှင့် အာဏာရှင်စနစ်တို့က ဖျက်ဆီးနေကြသလို အဆိုပါ လူ့ဘဝ တိုးတက်ကြီးပွားရေး ယုံကြည်ချက်များကို သဘောတရား သီဝရီပိုင်းတွင်လည်း ငြင်းပယ်တိုက်ခိုက်ခြင်း ခံကြရသည်။ ဆိုခဲ့ပြီးသော ဟေဂယ်ဝါဒနှင့် အဆင့်ဆင့် ပြောင်းလဲတိုးတက်ရေးဝါဒ (အီဗော်လူးရှင်း) များကို ငြင်းပယ်သော အတွေးအခေါ် သီဝရီများလည်း ပေါ်လာကြသည်။

ရပ်ဆယ်လ်က အီဗော်လူးရှင်း သီဝရီကို စတင်ဝေဖန်ရာ၌ ယင်းသီဝရီတွင် ဖော်ပြထားချက်အရ တွေးခေါ်ရှင်တို့က သက်ရှိလောကတွင် အမီးဗား (ရေထဲတွင် စတင်ဖြစ်ပေါ်လာသော သက်ရှိရုပ်၏ ဧကမှု) ပိုးကောင်ကလေးကစ၍ အဆင့်ဆင့် ပြောင်းလဲကာ ဉာဏ်ကြီးရှင် အတွေးအခေါ် သဘောတရား ဆရာများအဖြစ် တိုးတက်လာသည်ဟု တွေးခေါ်မြော်မြင်ခဲ့ကြခြင်းမှာ တွေးခေါ်ရှင် ရှုထောင့်ကကြည့်ပြီး မြင်သည့်အမြင်သာဖြစ်ကြောင်း၊ အမီးဗားဘက်ကကြည့်လျှင် ထိုသို့ ဟုတ်ချင်မှ ဟုတ်မည်ဖြစ်ကြောင်း ထောက်ပြဝေဖန်လိုက်သည်။

ထိုကဲ့သို့ အီဗော်လူးရှင်း သီဝရီကို သူက ဝေဖန်လိုက်စေကာ ရပ်ဆယ်လ်၏ အတွင်းစိတ်ထဲတွင်တော့ လောကကြီးသည် တိုးတက်ပြောင်းလဲနေသည်ဟူသော ယုံကြည်ချက်မှာ ကိန်းဝပ်မြဲ ကိန်းဝပ်လျက်သာရှိ၏။ ဤယုံကြည်ချက်က သူ၏ အတွေးအခေါ် တစ်စိတ်တစ်ဒေသကို လွှမ်းမိုးမြဲ လွှမ်းမိုးလျက်ပင် ရှိလေသည်။

အကယ်၍ လူ့ဘောင် အဖွဲ့အစည်းသည် အစဉ်တိုးတက် ကြီးပွားမှုဘက်သို့သာ ရှေးရှုပြောင်းလဲနေလျှင် လူတို့၏ ကိုယ်ကျင့်တရားများလည်း ပိုမိုကောင်းမွန်သောဘက်သို့သာ ပြောင်းလဲနေရပေမည်။ သည်လိုယူဆပါက တွေးရှုစရာ တစ်ချက်မှာ
mgyee.com

mgyoe.com SAMPLE BOOK


ကုန်လွန်ခဲ့သော ကာလက လူတို့ လက်ခံကျင့်သုံးခဲ့သမျှသော ကိုယ်ကျင့်တရားများ၊ စာရိတ္တစည်းကမ်း၊ ထုံးတမ်း၊ စံများသည် ကောင်းမြတ်ခြင်း၊ မှန်ကန်ခြင်းမရှိဟု ယူဆစရာဖြစ်ပြီး နောက်နောင်းကာလ၌ ဖြစ်ပေါ်လာသော အယူအဆသစ်များ၊ ကျင့်မှု၊ ကျင့်နည်းသစ်၊ ထုံးစံသစ်များသာလျှင် မှန်ကန်လျောက်ပတ် သင့်မြတ်သည်ဟုလည်း ယူဆစရာ ဖြစ်လာချေသည်။ (ဆိုလိုသည်မှာ လူ့လောကကြီးသည် ပိုမိုကောင်းမွန်သော ဘဝဘက်သို့ တိုးတက်နေရကား ရှေးက အပြုအမူ ထုံးဓလေ့များသည် နောက်မှဖြစ်လာသော အပြုအမူ ဓလေ့ထုံးစံသစ်များနှင့် နှိုင်းစာလျှင် နှောင်းခေတ်ပေါ် ဓလေ့သစ်၊ ထုံးစံသစ်တို့သည်သာ ပိုကောင်းသည်ဟု ယူခြင်းဖြစ်၏)။ ဤကား ရပ်ဆယ်လ်ဆင်ခြင်မိသော အချက်ဖြစ်သည်။ ဤအယူအဆကို ရပ်ဆယ်လ်သည် ဘွဲ့မရမီက ရေးခဲ့သော သူ၏ စာတမ်းတစ်စောင်တွင် ရေးသားဖော်ပြခဲ့လေသည်။

သူက "လူတို့၏ အတွေးအခေါ်ပိုင်းဆိုင်ရာ ဌာနတိုင်းမှာကဲ့သို့ပင် ကိုယ်ကျင့်တရား ပညာအရာတွင်လည်း အထင်အမြင် အယူအဆ နှစ်မျိုးနှစ်စား ရှိနေသည်။ ယင်းအယူအဆများမှာ တစ်ခုက ရှေးထုံး အစဉ်အလာတွေပေါ် တည်သည့် အယူများဖြစ်ပြီး ကျန်တစ်ခုမှာ ယင်းရှေးအယူအဆကို ဦးစားပေး လိုက်စားလိုသော အယူအဆပင် ဖြစ်ပေသည်" ဟု ရပ်ဆယ်လ်က ဆိုခဲ့၏။

ဘွဲ့ကြို သင်တန်းသားတစ်ဦးအနေနှင့် ရပ်ဆယ်လ်၏သူပုန်ဆန်သော ဆင်ခြင်တုံဝါဒမှာ ပျော့ပျောင်းသေးသည်ဟု ဆိုရချေမည်။ ထိုစဉ်ကမူ ရပ်ဆယ်လ်မှာ ပြုရိုတန် အစဉ်အလာအရ မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းခြင်း၊ ကိုယ်ရေးအတ္တကို ငြင်းပယ်ခြင်း အထုံပါလျက် ရှိသေးသောကြောင့်ဖြစ်ပေသည်။ ကိန်းဘရစ်ချ်သို့ ရောက်ပြီးနောက် ဤပညာရှင်တို့၏ ပတ်ဝန်းကျင်မှာ နေရခြင်းသည် အလွန်နှစ်သိမ့်ပျော်မွေ့ဖွယ်ရာကောင်းသည်ဟု သူထင်ခဲ့လေသည်။ အမှန်လည်း ပျော်ခဲ့ဖူး၏။ သူ့စိတ်ထဲတွင် အလွန့်အလွန် ပျော်မွေ့လာသော အခါကျပြန်တော့ သည်လိုပျော်မိတာကိုပင် မှားသည်ဟု ယူဆမိ၏။ ထိုအခါ သူက နေ့စဉ်နေ့တိုင်း စိတ်မချမ်းမြေ့စရာ အလုပ်တစ်ခုကို လုပ်ရမည်မှာ သူ့တာဝန်ဖြစ်သည်ဟု ဆုံးဖြတ်လိုက်ပြန်လေသည်။ ထိုအချိန်ပိုင်းက ရပ်ဆယ်လ်သည် လိင်ကိစ္စတွင် အစဉ်အလာဖြစ်သော ရှေးအယူကိုပင် ယူလေသည်။ သူက မိန်းကလေးတစ်ဦးအား ကိုယ်တကယ်မချစ်သောသူကို အပျော်သဘောဖြင့် ချစ်ယောင်ပြုရကောင်းလားဆိုကာ ချိုးချိုးဖဲ့ဖဲ့ ပြောဆိုပြစ်တင်ဖူးသည်ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK


သူတို့ခေတ်ကဆိုလျှင် ကိန်းဘရစ်ချ် တက္ကသိုလ်သို့ အဝင်အထွက် အလွန်နည်းပေသေးသည်။ သို့သော် တစ်ခါတစ်ရံ တက္ကသိုလ်နေ အထက်တန်း ပုဂ္ဂိုလ်များက ညစာစားပွဲလုပ်လျှင် ထိုပွဲခင်းသို့ နယူးဟမ်းကဖြစ်စေ၊ ဂါတန်ကဖြစ်စေ အမျိုးသမီးများကိုပါ ဖိတ်ကြားတတ်ပေရာ ထိုပွဲတစ်ခုကစ၍ ရပ်ဆယ်လ်သည် အမျိုးသမီးများအပေါ် စိတ်ဝင်စားလာသည်ကို တွေ့၏။ သူနှင့် ကျောင်းနေဖက် သူငယ်ချင်းတစ်ဦး၏အဆို။ တစ်ခါက ညစာစားပွဲတစ်ခုတွင် ရပ်ဆယ်လ်ဘေးက ထိုင်ခုံ၌ကျသော အမျိုးသမီးတစ်ဦးသည် သူက ကိုယ်ကျင့်တရား ပြဿနာ၊ အတွေးအခေါ် ပြဿနာများဆွေးနွေးသည်ကို တောက်ပသော မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်ကာ နားထောင်နေသည်ဆို၏။

တစ်ကိုယ်ရေ တစ်ကာယ နေခဲ့ရသော ကလေးဘဝကို လွန်သည့် အချိန်ကစ၍ ရပ်ဆယ်လ်သည် ဆန့်ကျင်ဘက် လိင်အမျိုးသမီးများအကြောင်းကို အတော်အတန်နားလည်လာ၏။ တစ်စုံတစ်ရာကို အလွန်စိတ်အားထက်သန်စွာ လိုက်စားတတ်သူတစ်ဦးသည် အချစ်ရေးနှင့် တစ်ခါကြုံမိလျှင် ခြေစုံပစ်၍ မီးကုန်ယမ်းကုန် လိုက်စားတတ်သည်မှာ ဓမ္မတာပင်ဖြစ်ပေသည်။ ရပ်ဆယ်လ်လည်း ဤဓမ္မတာကို မလွန်ဆန်နိုင်ပေ။ အဲလစ်ပီယာဆယ် စမစ်ကား မိန်းမလှတစ်ဦးပင်ဖြစ်၏။ သူ့ကို စတွေ့သည့်အချိန်ကစ၍ ရပ်ဆယ်လ်သည် အသည်းစွဲ ချစ်လေတော့သည်။ အဲလစ်မှာ ပင်ဆယ်ဗေးနီးယားနယ်မှ ဇဝ်ဂေလိခရစ်ယာန်ဂိုဏ်းဝင်တစ်ဦး၏ သမီးဖြစ်၍ အင်္ဂလန်တွင်လာရောက်နေထိုင်သူများ ဖြစ်ကြလေသည်။

အဲလစ်၏အစ်ကို 'လိုဂင်ပီယာဆယ်စမစ်' မှာ နာမည်ကျော် စာရေးဆရာတစ်ဦးဖြစ်၏။ အဲလစ်၏အစ်မသည် အလွန်ထင်ရှားကျော်ကြားသော အနုပညာ ဝေဖန်ရေးဆရာ ဘားနာ့ဒ်၊ ဘယ်ရင်ဆန်နှင့် လက်ထပ်ခဲ့လေသည်။ အဲလစ်နှင့် မေတ္တာမျှကြပြီးနောက် အဲလစ်ထံပါးသို့ မကြာခဏ ရောက်လာတတ်သော ရပ်ဆယ်လ်ကို တွေ့နေကျဖြစ်သော ဘားနာ့ဒ်၊ ဘယ်ရင်ဆန်က ပြောပြရာတွင် "ရပ်ဆယ်လ်ဟာ အစကတော့ရှက်လည်း ရှက်တတ်၊ ကြောက်လည်း ကြောက်တတ်၊ အိုးတိုးအတန့်... လူက အသားအရောင်က နည်းနည်းညိုတယ်၊ စကားလည်း သိပ်နည်းတာပဲ" ဟု ဆိုသည်။ အဲလစ်ကိုယ်တိုင်က ဘာထရန်အား လာတွေ့ကြသော သူ့မိတ်ဆွေများနှင့် တွေ့ဆုံစဉ်ကအဖြစ်အပျက်ကလေးကို ပြန်ပြောရာတွင် –

"ဘာတီကို သူ့သူငယ်ချင်းတွေကတော့ ဘယ်လိုများ ထင်ကြမလဲ မပြောတတ်

mgyoe.com

mgyoe.com
SAMPLE BOOK


တော့ပါဘူး။ သူတို့ကတော့ သူ့ကို အင်မတန်မှပဲ ခင်မင်ယုယကြပါတယ်။ သူကသာ သူတို့ကြားထဲမှာ အလွန်ရှက်နေတာပဲ" ဟု ဆိုသည်။

အမှန်တော့ သည်လို အင်္ဂလိပ် သူကောင်းမျိုးတစ်ဦးက အရှက်အကြောက် ကြီးနေခြင်းမှာ တွေ့မြင်ရသူများအဖို့ အထူးအဆန်းလို ဖြစ်နေ၏။ ဒါကို သူ့မိတ်ဆွေများကလည်း မကြိုက်သဖြင့် ဝေဖန်ကြသည်။ သူ့အဘွားဖြစ်သူ လေဒီဂျွန် အဖို့တော့ ဆိုဖွယ်မရှိတော့ပြီ။ ထို့ကြောင့် အဘွားဖြစ်သူက ရပ်ဆယ်လ်အား ပြင်သစ်နိုင်ငံရှိ ဗြိတိသျှသံရုံးတစ်ရုံးတွင် ဂုဏ်ထူးဆောင်သံအဖွဲ့ဝင် တစ်ဦးအဖြစ် ခန့်ထားရန် စီစဉ်လေသည်။ အဘွား၏ ရည်ရွယ်ချက်မှာ ဤကဲ့သို့ သံရုံးတွင် အမှုထမ်းလျှင် သူ့စိတ် အတန်ပြောင်းလဲသွားမည်ဟု ယူဆသောကြောင့်ဖြစ်၏။ သို့သော် ပဲရစ်မှာ နေရသည့် ဘဝတွင် သူ့မှာ ပျော်ရွှင်မှုမရှိ။ ပဲရစ်က အနေအစားမျိုးကိုလည်း သူက မကြိုက်၊ အင်္ဂလန်သို့သာ ပြန်ချင်နေလေသည်။

၁၈၉၄ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ရပ်ဆယ်လ်သည် ပဲရစ်မှ အိမ်သို့ ပထမဆုံးအကြိမ်အဖြစ် ပြန်ခွင့်ရလေသည်။ အင်္ဂလန်သို့ ပြန်ရောက်လျှင်ရောက်ချင်း အဲလစ်နှင့် လက်ထပ်လိုက်လေတော့သည်။

ထိုအချိန်က သူ့အသက်မှာ ၂၂ နှစ်သာရှိသေးသည်။ သူ့သတို့သမီး အဲလစ် ကမူ သူ့ထက် အသက်ငါးနှစ်ကြီးသည်။ လက်ထပ်ပွဲ အခမ်းအနား လုပ်ပုံမှာကား ဇဝ်ဂေလိ ခရစ်ယာန်ဂိုဏ်းသားတို့ ထုံးစံအတိုင်းဖြစ်လေသည်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


## အခန်း (သုံး)
## ဘာလင်နှင့် မာ့က်စ်ဝါဒ

နောင်အခါများ၌ ဘာထရန်ရပ်ဆယ်လ်အကြောင်းကို မှတ်တမ်းတင်လိုသူ တစ်ဦးအဖို့ သူ့ဘဝတွင် ဘယ်အချိန်က ဘယ်သို့ ပြုမူဆောင်ရွက်ခဲ့သည်ဆိုကာ အကန့်လိုက် အကန့်လိုက် တသီးတသန့် ခွဲခြားဖော်ပြရန်မှာ မလွယ်ကူပေ။ သူ့မှာ တစ်ချိန်တည်းတွင် အကြောင်းအရာ အမျိုးမျိုးစိတ်ဝင်စားပြီး ရှုပ်ရှုပ်ထွေးထွေး ဆောင်ရွက်တတ်သော အလေ့ရှိသည်။ သူ့စိတ်ဓာတ်၊ သူ့အမူအကျင့်များကိုက ရှင်းရှင်းလင်းလင်း၊ ရိုးရိုးစင်းစင်း မရှိခဲ့သလို သူလုပ်ကိုင်ဆောင်ရွက်ခဲ့သမျှမှာလည်း အလွန့်အလွန် များပြားကျယ်ပြန့်ကာ ရှုပ်ထွေးလိမ်ယှက်လျက် ရှိလေတော့သည်။

သူ့ဘဝကို သူကိုယ်တိုင်က ရှင်းထုတ်ရန် ကြိုးစားခဲ့သော သူ့မှတ်ချက်တစ်ခု အရ သူသည် သင်္ချာကို အလွန့်အလွန် လိုက်စားပြီး သင်္ချာနယ်တွင် အံမဝင် ခွင်မကျ ဖြစ်လာသောအခါ ဒဿနပညာကို လိုက်စားပြန်သည်။ တစ်ဖန် ဒဿန ပညာနယ်မှာ အံမဝင် ခွင်မကျဖြစ်လာပြန်တော့ သမိုင်းပညာဘက်ကို အာရုံပြောင်းပြန်သည်။

အမှန်တော့ အသက် ၁၁ နှစ်မှ အသက် ၃၈ နှစ်အထိ အချိန်ကာလများ တွင်တော့ သူ့အနေနှင့် ဘာတွေပဲလုပ်ခဲ့လုပ်ခဲ့။ သူ တကယ်စိတ်အဝင်စားဆုံးမှာ သင်္ချာပညာ၏ အခြေခံမူပိုင်းဆိုင်ရာ ပညာရပ်များသာဖြစ်သည်။ သူ့အသက် ၆၅ နှစ် အရွယ်ပိုင်းသို့ ရောက်သောအခါမှသာ သင်္ချာနှင့်ပတ်သက်သော လုပ်ငန်းမှန်သမျှကို သူ စွန့်လိုက်လေတော့သည်။

သို့ရာတွင် သူ့ကို ငယ်ရွယ်စဉ်အခါက ဘယ်လောက်ပင် သင်္ချာပညာနှင့်

mgyoe.com

mgyee.com SAMPLE BOOK


ဒဿနပညာတို့က လွှမ်းမိုး ကြီးစိုးနေစေကာ ဤပညာများကိုသာ စိတ်ဝင်စားသဖြင့် တခြားသော ပညာတွေကိုရော မလေ့လာ မလိုက်စားဘဲ နေသလားဆိုတော့ မနေပေ။ သူသည် နိုင်ငံရေး၊ စီးပွားရေး ပညာတို့ကိုလည်း လေ့လာလိုက်စားခဲ့၏။ လက်ထပ်ပြီး နောက်တစ်နှစ်အကြာတွင် ဘာလင်မြို့သို့ သွားရောက်ခဲ့ရာ ဘာလင်တွင် စီးပွားရေး (ဘောဂဗေဒ) ပညာကို လေ့လာလိုက်စားခဲ့ပြန်သည်။ တွေးခေါ်မြော်မြင်ရေးပညာရှင်၊ သင်္ချာပါရဂူလို့သာ ဆိုရသည်။ သူ ပထမဆုံး ရေးသားထုတ်ဝေခဲ့သော ကျမ်းမှာ နိုင်ငံရေးကျမ်းတစ်စောင်သာ ဖြစ်လေသည်။

၁၈၉၅ ခုနှစ် မတ်လအတွင်းက ကြုံကြိုက်ခဲ့ဖူးသော အဖြစ်အပျက်ကလေး တစ်ခုကို သူသည် မကြာခဏ ဖော်ပြတတ်၏။ မတ်လဖြစ်သဖြင့် အရည်ပျော်ကျနေသော ဘာလင်မြို့ တိုင်ယာဂါတန်လမ်းတစ်လျှောက်နှင့် တောထဲတွင် လမ်းလျှောက်ရင်း ဘာထရန်ရပ်ဆယ်လ်သည် စာအုပ်တွေ တစ်အုပ်ပြီးတစ်အုပ် ရေးဖို့ ဆုံးဖြတ်လိုက်လေသည်။ ထိုအချိန်အထိ ဟေဂယ်ဝါဒ လွှမ်းမိုးလျက်ရှိသေး၏။ ထို့ကြောင့်လည်း စာအုပ်တွေရေးလျှင် တစ်အုပ်ကို အင်မတန် စိတ္တဇဆန်သော သင်္ချာသဘောတရားတွေလို ရုပ်အကောင်အထည်မဲ့သော သဘောတရားတွေက စရေးပြီး တဖြည်းဖြည်း အကောင်အထည်နှင့် ဖော်ပြနိုင်အောင် ရေးမည်။ နောက်တစ်အုပ်ကိုတော့ ဒဗ္ဗအကောင်အထည်နှင့်တကွဖြစ်သော နိုင်ငံရေး၊ စီးပွားရေး ကိစ္စမျိုးဖြင့်စပြီး တဖြည်းဖြည်း စိတ္တဇဆန်သော သဘောတရားတွေကို ရောက်အောင် သယ်ဆောင်မည်။ ထိုနှစ်မျိုးသည် တစ်စုံတစ်ရပ်သော ခရီးတာ၌ ဆုံစည်းပေါင်းစပ်မိကြရမည်။ သို့ဖြင့် သဘောတရားနှင့် လက်တွေ့ကို ပေါင်းကူးမည်ဟု သူ့စိတ်ထဲမှာ အားခဲထားခဲ့လေသည်။ သို့သော် တကယ့်တကယ် သူ့စာအုပ်တွေ အမြောက်အမြား ရေးသောအခါမှာမူကား၊ သူသည် ဟေဂယ်ဝါဒနောက်လိုက်တစ်ဦး မဟုတ်တော့ပြီ ဖြစ်ရကား အစက ရည်ရွယ်ခဲ့သလို မဖြစ်ခဲ့ပေ။

ရပ်ဆယ်လ်သည် နိုင်ငံရေးကို စိတ်ဝင်စားရသည်မှာ သူတို့မျိုးရိုးအစဉ်ကို လိုက်သည်ဟု ဆိုသော် ဆိုရာသည်။ ဗြိတိသျှ ရာဇဝင်တွင် ထင်ရှားကျော်ကြားခဲ့သော နိုင်ငံရေးသမားကြီးများအနက် နန်းရင်းဝန်ကြီး ဂလက်စတုံးမှအစ ချာချီအထိ ပုဂ္ဂိုလ်များတွင် သူနှင့် မရင်းနှီးသူမရှိချေ။ ဂလက်စတုံးအကြောင်း သတိရကောင်းစရာများကို သူရေးသားခဲ့သော "မထင်ရှားသော စာတမ်းများ" အမည်ရှိ ကျမ်းတွင် ရေးသား ဖော်ပြခဲ့လေသည်။ ရပ်ဆယ်လ်နှင့် ဝင်စတန်ချာချီတို့သည် ကျောင်းသားဘဝကတည်း

mgyee.com

 mgyyie.com SAMPLE BOOK


ကပင် သိရှိပြီး အဆက်အသွယ်ရရှိခဲ့လေသည်။ ထိုစဉ်က တစ်ဦးကမူ ရပ်ဆယ်လ်က ကိန်းဘရစ်(ချ်)တက္ကသိုလ် ကျောင်းသားဖြစ်ပြီး ချာချီမှာ ဟာရိုးကျောင်းသားဘဝ ဖြစ်သည်။ တစ်နေ့ ရပ်ဆယ်လ်သည် ဆိုင်တစ်ဆိုင်တွင် ဆံပင်ညှပ်နေစဉ် ဆံညှပ်သမားက ချာချီ ဝင်ရောက်လာသည်ကို တွေ့သဖြင့် –

"လော့ဒ်ရန်ဒေါ့ရဲ့ သားကလေးပေါ့။ ဟိုဘက်ခန်းမှာ ဝင်လာတာ၊ ဒီကလေးကတော့ တကယ့်ခြသေ့်လို ကောင်ကလေးပဲ" ဟု ဆိုလေသည်။

မည်သည့်ပညာ၊ မည်သည့်ဘာသာရပ်မျိုးကိုမဆို လေ့လာမည်ဟူသော ရည်ရွယ်ချက်ရှိသည့် 'စာပေပိုင်း' ဝင် တစ်ဦးဖြစ်သည်နှင့်အညီ ရပ်ဆယ်လ်သည် နိုင်ငံရေး ဘာသာရပ်ကို လေ့လာသောအခါ အင်္ဂလန်ပြည်ရှိ နိုင်ငံရေးပါတီကြီးနှစ်ခု (ကွန်ဆားဗေးတစ်နှင့် လစ်ဘရယ်ပါတီ) ကိုသာ လေ့လာရမည်ဟု သဘောမထားချေ။ နိုင်ငံရေးကို စလေ့လာသည်ဆိုလျှင် ဇနီးဖြစ်သူ ပီယာဆယ်စမစ်တ်ဘက်က တိုက်တွန်းသဖြင့် **ဖေဘီယန်** ဆိုသော စကားနှင့် နီးစပ်ကျွမ်းဝင်သွားလေတော့သည်။ (ဖေဘီယန်မှာ အင်္ဂလန်တွင် ပေါ်ပေါက်ခဲ့သော ဆိုရှယ်လစ်ဝါဒတစ်မျိုးဖြစ်သည်။)

ထိုနောက်ပိုင်းတွင် ရပ်ဆယ်လ်နှင့် ဇနီးတို့သည် ၁၈၉၅ ခုနှစ်တွင် ဂျာမနီနိုင်ငံသို့ နှစ်ကြိမ်တိုင်တိုင် အလည်အပတ် သွားခဲ့ကြလေသည်။ ဒုတိယအခေါက်မှာ အလည်သက်သက်မဟုတ်၊ ဂျာမနီမှ ဆိုရှယ်လစ် လှုပ်ရှားမှုကို လေ့လာရန်အတွက်သာဖြစ်၏။

စင်စစ် သူ့လို သူကောင်းမျိုး၊ မှူးမျိုး မတ်နွယ်က ဆင်းသက်လာသူ အထက်တန်းစားတစ်ဦးသည် ဆိုရှယ်လစ် ကွန်မြူနစ်ဝါဒကို စိတ်ဝင်စားသည် ဆိုခြင်းမှာ အထူးအံ့သြစရာဟု ဆိုရစေကာ ဖြစ်ရိုးဖြစ်စဉ်တော့ မဟုတ်ချေ။ ဂျာမနီပြည်တွင်ရှိသော ဗြိတိသျှသံရုံးကို သူတို့သည် ဆိုရှယ်လစ် ဆွေးနွေးပွဲများသို့ တက်ရောက်နားထောင်ကြောင်း အဲလစ်က အကြောင်းကြားရာ သံအမတ်ကြီးက ပရိယာယ်ဖြင့်–

"တို့များ အားလုံးလည်းပဲ ဆိုရှယ်လစ်ပါပဲ" ဟု စကားလှအောင် ပြန်ဖြေစေကာ နောက်ထပ် သူတို့ကို သံရုံးသို့ အဆက်အခေါ်မလုပ်တော့ပေ။

ရပ်ဆယ်လ်သည် ထူးခြားသော သင်္ချာ ဆရာကောင်းတစ်ယောက်လည်း ဖြစ်သည်။ သင်္ချာဆရာဆိုသော စကားကို သုံးလိုက်ရသဖြင့် အမျိုးမျိုး တွေးစရာများ ဖြစ်လေမလား မပြောတတ်ပေ။ ယခုခေတ်တွင် သင်္ချာဆရာ အလုပ်ကို သင်္ချာနှင့် ခွဲမရဘဲ ကြေးတန်းစား အလုပ်တစ်ခုအဖြစ်သာ မြင်နေကြသဖြင့်

mgyyie.com

mgyoe.com SAMPLE BOOK


ဤအလုပ်၏ ဂုဏ်သိက္ခာပင် မှေးမှိန်နေလေပြီ။ ထို့ကြောင့် ဤစာအုပ်တွင် တချို့သော ရပ်ဆယ်လ်၏ ဆောင်ရွက်ချက်များကို ဖော်ပြသောအခါ အထက်ပါသဘောဖြင့် မမြင်စေချင်ပေ။

တကယ့် သတင်းစာဆရာ အလုပ်၏ စံမှာကား ထိုသို့မဟုတ်။ အလွန်ကြီးမြတ်သော သုတေသီ ပညာရှင်တို့၏ အလုပ်နှင့်သာ ထပ်တူထား၍ နှိုင်းအပ်သော ပညာဖြစ်၏။ ရပ်ဆယ်လ် ဆောင်ရွက်ခဲ့ချက်များ၏ တစ်စိတ်တစ်ဒေသသည်လည်း သတင်းစာပညာသဘော သက်ဝင်လျက်ရှိသည်။ (သဘောမျိုးမှာ၊ လူများ၏ ပြောသံကြား တစ်ဆင့်စကားကို လက်မခံခြင်း၊ အရာရာကို စူးစမ်းသော မေးခွန်းများ မေးမြန်းကာ အဖြေရှာခြင်း၊ အသိပညာကို အပတ်တကုတ် ရှာဖွေနေတတ်ခြင်း စသည်တို့သည် သတင်းစာဆရာ၏ အရည်အချင်းများဖြစ်၏။)

ရပ်ဆယ်လ်မှုကား ဘယ်အရာကို လေ့လာ လေ့လာ၊ စူးစူးရှရှ အသေးစိတ်ကိုပါ မြင်အောင် လေ့လာပြီး ရှင်းရှင်းလင်းလင်း ဖော်ထုတ်တတ်သော ဓာတ်ခံပါရမီသာ ပါသူ မဟုတ်သေး။ သူ့မှာ သတင်းစာပညာတို့၌ ရှိအပ်သော အခြား အရည်အချင်းများလည်း ရှိသေးသည်။ သူသည် လက်ငင်းဖြစ်ပွားနေသော ပြဿနာအရပ်ရပ်၏ အတက်အကျ အတိုးအဆုတ်ကို တစ်မုဟုတ်ချင်း သိပြီး နောင်အနာဂတ်တွင် ဘယ်အရေးအခင်းတွေသည် အရေးကြီးလာမည်၊ အရာရောက်လာမည် ဆိုသည်ကို သိရှိနားလည်သူဖြစ်၏။ အထင်ရှားဆုံး ဥပမာအဖြစ် ထုတ်ဖော်ပြရလျှင် သူသည် ၁၈၉၅ ခုနှစ်လောက် စောစွာသော အချိန်ကတည်းက နောင်အခါ ကမ္ဘာ့သမိုင်းကို ပြောင်းလဲအောင် ဖန်တီးမည့် မာ့က်စ်၏ ကွန်မြူနစ်ဝါဒနှင့် ဂျာမန်တို့၏ စစ်လက်နက် တပ်ဆင်ကြီးစိုးရေးဝါဒများကို ဂျာမနီပြည် ဘာလင်မြို့အထိ သွားရောက်လေ့လာခဲ့သည်ကို ကြည့်ရှုံမှုဖြင့် သူ၏ အနာဂတ်ကို လှမ်းမြင်နိုင်သော အံ့သြစလောက် အမြင်ကျယ်ပုံကို သိလောက်ပေပြီ။

ဘာလင်မြို့တွင်နေစဉ် ဆိုရှယ်လစ်သင်တန်းများ၊ ဆွေးနွေးပွဲများသို့ တက်ရောက်လေ့လာသည်။ ယင်းသို့ လေ့လာရင်းက ပရပ်ရှင်းနိုင်ငံအကြောင်းကိုပါ သိလာရသည်။

ဆိုရှယ်လစ် အစည်းအဝေးတိုင်းတွင် အခန့်မသင့်လျှင် အစည်းအဝေးကို ပိတ်ပစ်ဖို့ အရန်သင့် စောင့်ဆိုင်းနေသောပုလိပ်များကို သူ တွေ့မြင်နေရသည်။ ပရပ်ရှင်း အစိုးရအရာရှိများ၏ အပေါ်စီးနှင့် ချိုးချိုးနှိမ်နှိမ် ဆက်ဆံတတ်မှုများကိုလည်း

mgyoe.com

mgyoe.com  SAMPLE BOOK


ဟိုတယ်တွင် တည်းခိုနေရစဉ်ကတည်းက သူတို့ဇနီးမောင်နှံမှာ နဖူးတွေ့၊ ဒူးတွေ့ခဲ့ရလေပြီ။ ဤအရာရှိများသည် သူတို့အလိုရှိသော ပစ္စည်းဆိုလျှင် အိမ်သာထဲတွင် တံခါးသော့ခတ်ပြီး ပိတ်ပင်ထားစေဦး၊ တံခါးသော့ကို ရိုက်ချိုးပြီး လိုရာကို မရ ရအောင်ယူမည့် လူစားမျိုးများ ဖြစ်ကြသည်။

ရပ်ဆယ်လ်နှင့်ဇနီး အဲလစ်တို့မှာ ဝါသနာတူကြသည်။ ဂျာမန် ဆိုရှယ်လစ်ဝါဒကို လေ့လာသော အခါကာလကဆိုလျှင် ဇနီးမောင်နှံ နှစ်ဦးစလုံးမှာ စိတ်အားထက်သန်စွာဖြင့် ဝါယမစိုက်ထုတ် လေ့လာကြသည်။ တစ်ခါတစ်ရံတော့လည်း စိတ်ပန်းကိုယ်နွမ်း ဖြစ်ကြရသည်ရှိ၏။ သို့သော် မလျှော့သော ဇွဲလုံ့လဖြင့် မနားမနေ လေ့လာကြ၏။

သူတို့၏ နေ့စဉ်မှတ်တမ်းထဲတွင် အဖြစ်အပျက်ကလေး သုံးခုကို မှတ်တမ်းရေးသားထားသည်ကို တွေ့ရသည်။

"စာအုပ်ချုပ်သမားများ အစည်းအရုံးတစ်ခု၏ စည်းဝေးပွဲတစ်ခုသို့ တက်ရောက်ခဲ့သည်။ လူပေါင်း ၁၀၀ ခန့် ရှိပေမည်။ တွေ့နေ၊ ကြုံနေကျ ဆွေးနွေးပွဲများမှာလို ပျင်းရိဖွယ်ရှိလှသည်။ သူတို့ပြောသမျှ စကားလုံးတွေထဲမှာ မာ့က်စ် မပါလျှင် မပြီးမလိုပင် ဖြစ်နေ၏။ လွန်ခဲ့သော ရက်အနည်းငယ်အတွင်းကလည်း ဘီယာဟောလ်တစ်ခုထဲတွင် သည်လို ဆွေးနွေးပွဲမျိုး လုပ်သေးသည်။ ထိုဆွေးနွေးပွဲမှာလည်း စကားပြောသူမှာ ခါတိုင်းနှင့်မခြား ပျင်းစရာကောင်းသော အပ်ကြောင်းထပ်နေသည့် စကားတွေကိုသာ ပြောနေလေသည်။ နောက် အစည်းအဝေးတစ်ခုသို့လည်း ရောက်ကြသေးသည်။ ထိုအစည်းအဝေးနှင့်ပတ်သက်၍ ရေးထားရာတွင်လည်း "ပျင်းစရာကောင်းလွန်းသဖြင့် ကျွန်ုပ်တို့လည်း ကြာကြာ မနေခဲ့ကြတော့၊ ခဏသာထိုင်ပြီး ပြန်ထွက်လာခဲ့ကြသည်"။

မာ့က်စ်ဝါဒကို လေ့လာရာ၌ ရပ်ဆယ်လ်တို့၏ ဇနီးမောင်နှံမှာ "အရင်းကျမ်းကြီး" သုံးတွဲစလုံးကို အလုံးစုံ အပြည့်အဝ ဖတ်ရှုပြီး လေ့လာနိုင်စေကာ၊ သဘောတရား အဆောက်အအုံတစ်ခုလုံးကိုကား နှံ့စပ်အောင် လေ့လာခဲ့ကြသည်ဟု ဆိုရပေမည်။

ဘာလင်တွင် မာ့က်စ်ဝါဒကို လေ့လာပြီး အင်္ဂလန်ပြည်သို့ ပြန်ရောက်သော

mgyoe.com

mgyoe.com
SAMPLE BOOK


အခါ သူလေ့လာခဲ့ရပြီးသော သဘောတရားများကို အသစ်တည်ထောင်ထားသော လန်ဒန် ဘောဂဗေဒ သိပ္ပံကျောင်း အဆောက်အအုံ၌ ဖေဘီယန်အသင်း စည်းဝေးပွဲတွင် ပြန်လည်ဟောကြားခဲ့လေသည်။ ဤအသင်း ဟောပြောပွဲများ၌ ဟောကြားချက်များကို စုပေါင်း၍ နောင်အခါ စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေခဲ့၏။ စာအုပ်၏ အမည်မှာ "ဂျာမန်ဆိုရှယ်ဒီမိုကရေစီ" ဟု တွင်သည်။ ရပ်ဆယ်လ် သက်တမ်းတစ်လျှောက် ရေးသားခဲ့သော စာအုပ်ဖြစ်လေသည်။

ဤဟောကြားချက်များမှာ ယခုခေတ်တိုင်အောင် စိတ်ဝင်စားဖွယ် ကောင်းလျက်ပင် ရှိသေးသည်။ ဤစာအုပ်မှာ မာ့က်စ်ဝါဒအပေါ် သူတို့ဇနီးမောင်နှံ၏ သုံးသပ်ချက်သာမက အနာဂတ် ဂျာမနီနိုင်ငံတွင် အာဏာရှင်စနစ် ထွန်းကားလာမည်ကိုပါ အမြော်အမြင်ကြီးစွာဖြင့် ကြိုတင်တွက်ဆနိုင်ခဲ့လေသည်။ စင်စစ် ဤကျမ်းသည် နိုင်ငံရေးရာ သဘောတရားများကို သိပ္ပံနည်းကျ ဆင်ခြင်ခြင်းနည်းဖြင့် လေ့လာ ရေးသားတင်ပြခဲ့သော ကျမ်းဖြစ်၏။

ရပ်ဆယ်လ်သည် လစ်ဘရယ်တစ်ဦးပင်ဖြစ်စေကာ သူ့ရင်ထဲရှိ တော်လှန်ပြောင်းလဲခြင်း၌ အထုံပါသော မွေးဗီဇကြောင့် ဆင်းရဲခြင်း ဒုက္ခအဖုံဖုံကို တော်လှန်ရန် ဖြစ်လာခဲ့သော ဆိုရှယ်လစ်ဝါဒကို ထောက်ခံခဲ့၏။

**"ဂျာမန်ဆိုရှယ်ဒီမိုကရေစီ"** စာအုပ်တွင် မာ့က်စ်၊ အိန်းဂျဲလ်တို့၏ "ကွန်မြူနစ် ကြေညာစာတမ်း" နှင့်ပတ်သက်၍ ရေးသားရာ၌ –

"စာပေနယ်မှာတော့ ပြိုင်ဘက်ကင်းတဲ့ စာတစ်ဆူပါပဲ။ လိုရင်းကို ဒီလောက်တိုတိုကလေးနဲ့ ဒီလောက်ထိမိအောင် ဆွဲဆောင်ရေးသားနိုင်တဲ့ အရေးအသားမျိုး၊ ဖတ်လိုက်ရင် ဖတ်သူရဲ့ နှလုံးသားကို ဆုပ်ကိုင်လိုက်သလို ထိခိုက်စေနိုင်မှုမျိုး၊ သမိုင်းဖြစ်စဉ်ကို ဒီလောက် အဝေးကြီး လှမ်းမျှော်ကြည့်နိုင်တဲ့ အမြင်အမြော်ကြီးမှုမျိုးတော့ ဘယ်နိုင်ငံရေး စာပေမှာမှ တွေ့နိုင်မယ်လို့ ကျုပ် မထင်ဘူး။ ကျုပ်စိတ်ထဲတော့ နိုင်ငံရေး စာပေကျမ်းဂန်တွေအနက်က အကောင်းဆုံး ကျမ်းတစ်ဆူလို့ပဲ ထင်တယ်" ဒီလိုကြီးကျယ်တဲ့ သဘောတရားအမြင် ကျမ်းတစ်စောင်ဖြစ်ပေမဲ့လို့ ဒီကျမ်းထဲမှာ ရုပ်ဝါဒီတို့ရဲ့ သမိုင်းအမြင်ဝါဒနဲ့ပတ်သက်ပြီးတော့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ အချက်တွေပါသလို ရက်စက်တဲ့ သဘောတွေ၊ လူရဲ့ ခံစားမှုမပါတဲ့ အရာရာကို အသိဉာဏ်မရှိတဲ့ ကုန်ထုတ်စွမ်းအားစုတွေက အဆုံးအဖြတ်ပေးတယ်၊ ပြဌာန်းတယ် ဆိုတဲ့သဘော၊ ဘာသာရေးနဲ့ ကိုယ်ကျင့်တရားတွေကို ရှုတ်ချတယ်ဆိုတဲ့သဘောတွေလည်း ပါနေတယ်

mgyoe.com

mgyee.com SAMPLE BOOK

ဆိုတာ တွေ့ရတယ်" ဟု ရေးသားခဲ့၏။

ဆိုရှယ်လစ်ဝါဒကို ထောက်ခံသည်။ နှံ့စပ်ကျွမ်းဝင်ရှိသည် ဆိုစေကာ ရပ်ဆယ်လ်အနေနှင့် အစပိုင်းကပင် ကွန်မြူနစ်ဝါဒနှင့်ပတ်သက်သော ထင်ယောင်မှားမှုမျိုး သူ့မှာမရှိခဲ့။ ၁၈၉၆ ခုနှစ်ဆန်းလောက်ကစ၍ ယခင်ဖော်ပြခဲ့ပြီးသကဲ့သို့ ၁၉ ရာစုခေတ်ကလို လူတို့၏ လူ့ဘဝ တိုးတက်ကြီးပွားရေး မျှော်လင့်ယုံကြည်ချက်များကို ပျက်စီးစေမည့် ၂၀ ရာစုခေတ်ဦး၏အနိဋ္ဌာရုံများကို မည်သူမျှ အိပ်မက်ပင်မမက်သေးသည့်အချိန်။ ကွန်မြူနစ်တို့၏ အုံကြွမှုကြီးသည် ၂၀ ရာစုခေတ်ဦးတွင် လက်တွေ့ဖြစ်ပေါ်လာတော့မည် ဆိုသည်ကိုလည်း ခန့်မှန်းတွက်ဆ၍ မရသည့်အချိန်လောက်ကတည်းက ရပ်ဆယ်လ်သည် မာ့က်စ်ဝါဒကို ထိထိမိမိ ဝေဖန်နေခဲ့လေပြီ။

မာ့က်စ်၏ ဘောဂဗေဒ သဘောတရားများထဲတွင် အတွေးအယူ မှားယွင်းချွတ်ချော်ပုံများကို သူက ဖော်ပြခဲ့၏။

မာ့က်စ်ဟောကြားခဲ့သည့် အပိုတန်ဖိုး သဘောတရားမှာ မှားသည် ဆိုသည်ကိုထားဦး၊ ရပ်ဆယ်လ် အနေနှင့် မာ့က်စ်၏ စီးပွားရေးကျမ်းတွင် အခြေခံအကျဆုံးဟု ယူဆထားသော အရင်းအပေါ် အထူးအခြေစိုက် စဉ်းစားသော သဘောတရားနှင့် ကွဲလွဲနေသည်ဟု မြင်သည်။

အရင်းအပေါ် အထူးအခြေစိုက်စဉ်းစားသည်ဆိုသော သဘောတရားမှာ ငွေရင်းကို ပဓာနထားသော အရင်းရှင်စက်မှုလုပ်ငန်းတို့၏ လက်ဝါးကြီးအုပ်ခြယ်လှယ်လိုသော သဘောထားဖြစ်၏။ ၎င်းကို မာ့က်စ်၏ စကားဖြင့် ဖော်ပြရလျှင် "အရင်းရှင်တစ်ယောက်က လူတစ်ပြုံကြီးကို သတ်ဖြတ်စားသောက်သည့်သဘော" ဟု ဆိုရပေမည်။

သို့သော် ရပ်ဆယ်လ်က ဤသဘောကို ဆင်ခြင်ရာ၌ လူပြိန်းတွေး တွေးလျှင်ပင် အောက်ပါအတိုင်း အဖြေရမည်ဟု ဆိုသည်။ သူဆိုလိုသည်မှာ စက်မှုလုပ်ငန်းများသည် အကယ်၍ လက်ဝါးကြီးအုပ် ခြယ်လှယ်သော အဆင့်သို့ ရောက်ရှိလာလျှင် ရောက်ရှိလာသော စက်ရုံကို ရောက်လာပြီထင်သော အချိန်တွင် အစိုးရက သိမ်းပိုက်ရန်သာရှိသည်။ လူတန်းစားတိုက်ပွဲ သဘောအရ စက်မှုလုပ်ငန်းအားလုံးကို ရန်သူဟု သဘောထားကာ တစ်ချက်တည်း "ပစ္စည်းမဲ့ အာဏာရှင်စနစ်ကြီး" ကို သုံးပြီး အလဲထိုးရန် မလိုဟု သူကမြင်သည်။ သူ့အမြင်တွင် မာ့က်စ် ဟောကြားခဲ့သော 'လူတန်းစားတိုက်ပွဲ' သဘောတရားသည် အကယ်၍ လူမှန်သမျှ ဘယ်တော့မှမသေကြတော့ဘူး၊

mgyee.com

mgyoe.com
SAMPLE BOOK


လူတိုင်း အလွန့်အလွန် အမြင်အမြော်ကြီးပြီး လူ့ဘဝတစ်လျှောက်လုံးမှာ စီးပွားရေး စိတ် တစ်ခုတည်းနှင့်ချည်း အလုပ်လုပ်နေကြသည် ဆိုလျှင်တော့ မှန်ပေမည်။

မာ့က်စ်က လူ့အဖွဲ့အစည်းတစ်ရပ်ကို ရှုမြင်ရာ၌ အလွန့်အလွန် ဆန့်ကျင် လျက် ပဋိပက္ခအသွင်ကို ဆောင်လာသော အရင်းရှင် (ဘူဇွာ) လူတန်းစားနှင့် အရင်းမဲ့ ကျော့မွဲလူတန်းစား နှစ်ရပ်ကိုသာ မြင်ခဲ့၏။ တစ်စတစ်စ ကြီးထွားလာမည့် အလယ် အလတ်တန်းစား အတတ်ပညာရှင် လူတန်းစားကိုမူ လျစ်လျူရှုခဲ့၏။ ထိုကျွမ်းကျင်မှု အတတ်ပညာရှင်များမှာ ကုန်ထုတ်လုပ်ငန်း တိုးတက်လာသည်နှင့်အမျှ တစ်နေ့ထက် တစ်နေ့ ကြီးမားတိုးတက်လာမည်ဖြစ်ပေသည်။

ဖေဘီယန်အသင်းတွင် ဂျာမန်ဆိုရှယ်လစ် လှုပ်ရှားမှုများအကြောင်းကို ဟောကြားစဉ်က သူ့အနေနှင့် ဆိုရှယ်လစ်ဝါဒ၏ ကောင်းကြောင်း၊ ဆိုးကြောင်းကို မပြောလို။ ဆိုရှယ်လစ်စနစ်တစ်ခုကို ဖြစ်မြောက်လာအောင် ဘယ်လိုလုပ်ကြမလဲ ဆိုသည့် လုပ်နည်းလုပ်ဟန် နည်းဗျူဟာပိုင်းကိုသာ ပြောကြားလိုကြောင်း နိဒါန်း ပျိုးကာ ဟောကြားခဲ့လေသည်။ ဤတွင် သူဆိုလိုသည်မှာ ဂျာမန်ဆိုရှယ်လစ်များ အနေနှင့် လူတန်းစား ပဋိပက္ခသဘောကိုသာ ရှေ့တန်းတင် တွင်တွင်ဟောပြီး အခြား သော တိုးတက်သောလူများနှင့် အပေးအယူသဘောထားခြင်းမရှိခဲ့သည်မှာ မှန်သလား ဆိုသည့် အချက်ပင်ဖြစ်၏။

မည်သို့ပင် ဆိုစေ၊ ထိုအချိန်ပိုင်းလောက်က ရပ်ဆယ်လ် ကြိုတင်တွက်ချက် ပြီး ပြောဟောခဲ့သော အချက်များမှာ ယခုခေတ်တွင် ထူးထူးခြားခြား အသံမြည်လျက် ရှိနေသည်ကို တွေ့ရ၏။

မာ့က်စ်သည် လူတန်းစားတိုက်ပွဲ သဘောတရားကို သူ့ဘာသာ တွေးခေါ် တင်ပြခဲ့သည့် အချက်သာဖြစ်၏။ သူကိုယ်တိုင်လည်း လူတန်းစားတိုက်ပွဲကြီးကို မျက်ဝါးထင်ထင် မြင်ခဲ့ရသည်မဟုတ်။ သဘောတရားသက်သက်၊ စိတ်ကူးသက်သက် ဖြင့် ဆင်ခြင်တွေးခေါ် တင်ပြခဲ့ခြင်းသာ ဖြစ်၏။ သို့သော် ဂျာမန်ဆိုရှယ်လစ်များမှာ သူတို့၏ ပေါ်လစီများကို ချမှတ်သောအခါ လက်ငင်း မရှိမဖြစ် အထူးလိုအပ်သော လုပ်နည်းလုပ်ဟန် နည်းဗျူဟာကိုလည်း မကြည့်။ နိုင်ငံရေး လုပ်တတ်သော လူတို့၏ သဘာဝကိုလည်း အနီးကပ်၍ လက်တွေ့ လေ့လာစူးစမ်းခြင်းလည်း မရှိဘဲ ဆိုခဲ့ပြီး သော မာ့က်စ်၏ သဘောတရားကိုသာ ယူ၍ ဆုံးဖြတ်တတ်ကြသည်။

ဤကဲ့သို့ စိတ်ကူးသက်သက်ဖြင့် ထွင်ဟောခဲ့သော စိတ္တဇအားဖြင့်ဖြစ်သော

mgyoe.com

mgypoe.com  SAMPLE BOOK


အသိပညာမျိုးထက် လက်တွေ့ကို အခြေစိုက်သော အသိပညာမျိုးဘက်သို့ ယိုင်သော စကားတို့ကို ရပ်ဆယ်လ် ဆိုခဲ့စေကာ ထိုအချိန်တွင် ရပ်ဆယ်လ်သည် အတွေးအခေါ် နယ်တွင် အတွေ့အကြုံ အဓိက ဝါဒီတစ်ဦး မဖြစ်သေးပေ။ ဤသို့ အတွေ့အကြုံကို အခြေစိုက် စဉ်းစားသောဘက်၊ လက်တွေ့ကျသော သဘောသို့ လိုက်စားနေပြီဖြစ် သဖြင့် ရပ်ဆယ်လ်က လူတန်းစားသဘောနှင့်ပတ်သက်၍ စောကြောပြန်ရာ၌ – "အကယ်၍ လူတန်းစားတိုက်ပွဲ သဘောတရားသည် သဘောတရားသက်သက် အနေ နှင့် မှားသော်လည်း လက်တွေ့လုပ်ကြည့်သောအခါ မှန်သော ရလဒ်များကို ရသည် ဟူ၍ကော အကောင်အထည် ပြနိုင်ပါသလား" ဟု မေးခဲ့ပြန်၏။

နောက်ဆုံးတစ်နည်းအားဖြင့် လူတန်းစားတိုက်ပွဲ သဘောတရားအမြင်ကို တကယ်အမှန်ဖြစ်လာအောင် လုပ်ပေးမည့်အရာသည် နည်းဗျူဟာ (လုပ်နည်း လုပ်ဟန်) သာ ဖြစ်သည်ဟု သူက ဆုံးဖြတ်လိုက်၏။ ဤတွင် ရပ်ဆယ်လ်၏ သဘောမှာ ဤလူတန်းစားတိုက်ပွဲ၌ ဂျာမန်အရင်းရှင်များသည် ဆိုရှယ်လစ်များကို ဆန့်ကျင်ရာ၌ စုစည်းညီညွတ်သွားကြမည်ဟု မြင်ခြင်းဖြစ်သည်။ ရပ်ဆယ်လ် အမြင် အရ မာ့က်စ်သည် သူ့သဘောတရားတွင် အစကပင် ဘူဇွာအရင်းရှင်တို့အနေနှင့် ၎င်းတို့ဘဝ ရပ်တည်မှုကို ခြိမ်းခြောက်ခံနေရပြီဖြစ်ကြောင်း ဖော်ပြထားခဲ့သည်။ အမှန် တကယ် မာ့က်စ်၏ သဘောတရားမှန်စေဦး၊ တစ်ဖက်ရန်သူကို ၎င်းတို့အခြေအနေ ဘယ်သို့ရှိမည်ကို ထုတ်ဖော်ပြောထားရန် မသင့်ပေ။ ဤသို့ပြောခြင်းသည် မာ့က်စ်ဝါဒီ များအနေနှင့် ဆန့်ကျင်ဘက် ရန်သူတို့၏ နီးကြားထကြွမှုကို လျှော့တွက်ပြီး အရေး မထားရာ ကျသည်။ ဆိုရှယ်လစ် (ကွန်မြူနစ်) များသည် ဆန့်ကျင်ဘက်သမားတို့၏ စုစည်းထကြွမှုကို သေးသိမ်အောင်လုပ်ရန် အရေးကြီးကြောင်း မမြင်နိုင်ခဲ့ဟု ရပ်ဆယ်လ် က ဝေဖန်သည်။

ဂျာမနီပြည်တွင် ဆိုရှယ်လစ်များ ထလာသောအခါ၌ ဂျာမန် အရင်းရှင်တို့က သာ အရေးကြုံ သက်လုံကောင်းစေရန် အသင့်အကာအကွယ် ယူထားကြသည်မဟုတ်။ ဘယ်လိုမှ လက်တွဲချင်သော်လည်း ဆိုရှယ်လစ်တို့က လက်တွဲပူးပေါင်းမခံဘဲ တိုက်ခိုက် လာသဖြင့် လစ်ဘရယ်များကပါ တိုးတက်သော အင်အားစုများဘက်က တဖြည်းဖြည်း ဆုတ်ခွာလာခဲ့ကြသည်။ သူတို့ကမူ ဘယ်လောက်ပင် တိုးတက်သော သဘောတရား အမြင်များကို ချမှတ်ဆောင်ရွက်စေကာ ဆိုရှယ်လစ်တို့ထံမှ မဲမရတော့ဘူးဟု ယုံကြည်သဖြင့် ပြောင်းလဲသွားကြခြင်းဖြစ်သည်။ ဆိုရှယ်လစ်များဘက်က ကြည့်ပြန်

mgypoe.com

mgyoe.com SAMPLE BOOK


တော့ ကာလံ၊ ဒေသံ၊ အဂ္ဂ၊ စနံမကြည့်ဘဲ မိမိတို့ဝါဒသာ အမှန်ဟု အစွန်းတစ်ဖက်ရောက်အောင် တရားသေ စွဲကိုင်လုပ်ဆောင်မှုများကြောင့် တဖြည်းဖြည်း တစ်စတစ်စ လက်တွေ့ဘဝမှ ကင်းကွာသည်ထက် ကင်းကွာလာတော့သည်။ အစွန်းကျမှုကို မလိုလားသူများ၊ အရာရာကို ချိန်ချိန်ဆဆ လုပ်တတ်သူများကို ပါတီတွင်းမှ ခတ်ထုတ်လိုက်ကြသဖြင့် ပါတီတွင်း ပဋိပက္ခကလည်း တစ်စတစ်စ ကြီးထွားလာသည်။ အထူးသဖြင့် ဘာသာရေးကို ပုတ်ခတ် ဆန့်ကျင်လွန်းမှု၊ အိမ်ထောင်ရေးဘဝကို စွန့်ပယ်ဆန့်ကျင်မှု၊ ကိုယ့်နိုင်ငံကိုချစ်သော မျိုးချစ်စိတ်ကို ဆန့်ကျင်လွန်းမှုတို့ကြောင့် ပဋိပက္ခများမှာ များသည်ထက် များလာရသည်။

အကယ်၍ ထိုသို့မပြုမူဘဲ ဆိုရှယ်လစ်များကသာ တိုးတက်သော အမြင်ရှိသူများကို ထောက်ခံခဲ့မည်။ အထွေထွေ စီးပွားရေး ကပ်ဆိုက်မှု ဒုက္ခများကို ဖော်ပြကာ မိမိတို့အား ထောက်ခံမှု ပိုရအောင် လုပ်ခဲ့နိုင်မည်ဆိုလျှင် ဂျာမနီတွင် ပြုပြင်ပြောင်းလဲမှုတော်တော်များများကို ဖြစ်စေနိုင်ခဲ့ဦးမည်သာ ဖြစ်သည်ဟုလည်း ရပ်ဆယ်လ်က ဆင်ခြင်မိသည်။

တစ်ဖက်ကလည်း ရပ်ဆယ်လ်သည် ဆင်ခြင်တုံတရားနောက်သို့ လိုက်ပါကာ ပို၍သာ သမာသမတ်ကျသော ဆင်ခြေတို့ကို အသုံးပြုကာ ဆင်ခြင်ခဲ့ပြန်သည်။

သူသည် တော်လှန်ရေးသဘောကို မဆန့်ကျင်ခဲ့၊ ငါးပွက်ရာ ငါးစာချသလို ဟိုတစ်ကွက် သည်တစ်ကွက်လိုက်၍ အပေါက်ကို လျှောက်ဖာသလို ဖာထေးနေသော ကွက်တိကွက်ကျား ပြုပြင်ပြောင်းလဲမှုကလေးများကို လုပ်နေခြင်းထက် အားလုံးပတ်စာခွာ ဖျာသိမ်း၊ တံမြက်လှည်းသလို အကုန်အစင် တစ်ချီတည်း တော်လှန်ပြောင်းလဲသည့် အစီအစဉ်ကသာ ကြီးမားသော စိတ်အား၊ လူအား သတ္တိနှင့် ကိုယ်ကျိုးစွန့်မှုများကို ဖြစ်စေနိုင်သည်ဟု ရပ်ဆယ်လ် ယုံကြည်သည်။ ရပ်ဆယ်လ်အနေနှင့် ဆင်ခြင်တုံတရားကိုသာ အစဉ်လက်ကိုင်ထားသဖြင့် ဘက်မလိုက်ဘဲ ဆင်ခြင်တုံဝါဒ မဟုတ်စေကာလည်း လက်ခံနိုင်သူသာ ဖြစ်၏။

ရပ်ဆယ်လ်က ဂျာမနီပြည်မှာ ပေါ်လာသော ဆိုရှယ်လစ်ဝါဒသည်လည်းကောင်း၊ အင်္ဂလိပ် အလုပ်သမားတို့အတွက်ဆိုပြီး ပေါ်လာသော်လည်း လက်တွေ့အားဖြင့် ဘာမျှမလုပ်နိုင်ခဲ့သော အင်္ဂလိပ်ဆိုရှယ်လစ်စနစ်သည်လည်းကောင်း၊ တစ်ဖက်ကကြည့်လျှင် လူများကို ဘာသာရေး ယုံကြည်စိတ်ကိုသာ ပြင်းပြစွာ ဖြစ်ပေါ်စေသည်ဟု မြင်သည်။ စင်စစ် ဘာသာယုံကြည်ချက် ပြင်းထန်မှုသည် အယူသီးမှုသာဖြစ်၍

mgyoe.com

mgyoe.com SAMPLE BOOK


အဆင်ခြင်တရားကင်းသည်။ သို့သော် ဘာသာရေးတရားက ပေးသော သည်းခံစိတ် သည် မကောင်းလား။

သည်းခံစိတ်ကြောင့် ဆုံးရှုံးမှုများရှိသည်။ နိုင်လိုမင်းထက် အားနှင့် ဖိနှိပ်သော ကြောင့် မြတ်သည်လည်းရှိသည်။ သည်လို မြတ်သောအမြတ်က ထိုအရှုံးထက် ပို၍ တန်ဖိုးရှိသလား။

အဝေဖန် အစူးစမ်းမရှိ၊ တရားသေဝါဒကို ဖွတ်ယုံကြည်နေရသဖြင့် ကိုယ့်မှာ ရန်သူပွားမလာနိုင်ပေ။ သည်လို ရန်သူနည်းသည်မှာ ဘာမျှအသုံးမကျ၊ အပေါစား ဆန်သည်။ တုံးသည်လို့ပဲ ဆိုကြမလား။

တကယ်တော့ ဤပုစ္ဆာပြဿနာတို့က ဆုံးဖြတ်ကြဖို့ မလွယ်လှပေ။

ရပ်ဆယ်လ်သည် ဤပြဿနာများကို နောင်အခါ၌ ကမ္ဘာစစ်များကို ရင်ဆိုင် တော့မှ ဆုံးဖြတ်ရ မခက်ကြောင်း တွေ့လာသည်။ သူ့အနေနှင့်မူ ၁၈၉၆ ခုလောက်က တည်းက ဘယ်အစွန်းတစ်ဖက်သို့မျှ မလိုက်ဘဲ အလယ်အလတ်ကျအောင် ဆင်ခြင်မှု၌ အထုံပါခဲ့၏။

သူသည် တစ်ဖက်သတ်ကျသော အစွန်းနှစ်ဖက်တို့ တွေ့ထိနိုင်ရေးကို ကြိုးစား ခဲ့၏။ သူက ဂျာမန် ဆိုရှယ်လစ်တို့အနေနှင့် မာ့က်စ်ဝါဒကို လုံးဝ ပစ်ပယ်လိုက်ရမည် ဟု မဆိုလိုပေ။ ပစ်ပယ်ရန်လည်း မသင့်ပေ။ အကောင်းဆုံး မျှော်လင့်ရန်မှာ ထိုသသော တရားများကို မိမိတို့ လက်ငင်း ကြုံနေရသော အခြေအနေ အရပ်ရပ်အတွက် ပကတိ လိုအပ်ချက်များဖြင့် တိုက်ဆိုင် ညီညွတ်အောင် အသုံးချဖို့ပင် ဖြစ်၏။

ဂျာမန် ဆိုရှယ်လစ်တို့အဖို့ ပို၍ တခြားလူများနှင့် ပူးပေါင်းဆောင်ရွက်သော ပေါ်လစီမှာ တိုးတက်သော အင်အားစုများအပေါ် ပြင်းပြင်းထန်ထန် ဆန့်ကျင်သော သဘောထားများကို ပျော့ပျောင်းအောင်လုပ်ပြီး ကွန်ဆားဗေးတစ်များကို အပြတ် အသတ် အနိုင်ယူရေးသာဖြစ်၏။ ခုတော့ ဂျာမနီပြည်တွင် သူတို့တွေ့ခဲ့ရသမျှဆိုလျှင် ယခင်အခါက တိုးတက်သော လစ်ဘရယ်များမှာ ဆိုရှယ်လစ်များကိုကြောက်ပြီး မတိုးတက်တော့ဘဲ နောက်ဆုတ်လျက်သာ ရှိနေကြချေပြီ။ ဤအခြေအနေ အရပ်ရပ်တို့ ကြောင့် ဘူဇွာ အရင်းရှင်များက စစ်အာဏာရှင်စနစ်ထက် ဆိုရှယ်လစ်စနစ်ကို ပိုကြောက်လာကာ ဖိနှိပ်မှုအမျိုးမျိုး၊ ရက်စက်မှု အမျိုးမျိုးကို လုပ်လာနိုင်သည်ဟု ရပ်ဆယ်လ်သည် ဟစ်တလာ မပေါ်မီ နှစ်ပေါင်း ၃၀ လောက် ကြိုဟောနိုင်ခဲ့လေ သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ထို့ကြောင့် ရပ်ဆယ်လ်က ဂျာမန် ဆိုရှယ်လစ်များဘက်က သည်းခံမှုနှင့် လိုက်လျောမှုများထားကြဖို့ တိုက်တွန်းခဲ့၏။ အလားတူစွာ ဂျာမန် အာဏာပိုင်များအား လည်း နိုင်ငံရေး ညှဉ်းပန်းမှုများကိုရှောင်ပြီး လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့် စသည့် ဒီမိုကရေစီ အခွင့်အရေးများ ပေးရန် တိုက်တွန်းခဲ့သည်။ ဤသို့ တိုက်တွန်း ရာ၌ "အကယ်၍ ဒီလိုသာ သူတို့မလုပ်ကြဘူးဆိုလျှင်တော့ စစ်ကြီးကတော့ဖြင့် မလွဲ မသွေ ဖြစ်မယ်။ စစ်ဖြစ်ရင် ဂျာမန် အင်ပိုင်ယာလည်း ပျက်မှာပဲ" ဟု သူက ကြိုဟော ခဲ့သေးသည်။

သို့သော် ဖေဘီယန်အသင်းတွင် ဟောကြားခဲ့သော တရားပွဲတွင် သူ၏ ဟော ကြားချက်များကို သူ့ပရိသတ်က များစွာ လက်မခံခဲ့ကြပေ။ ဤတစ်ကြိမ်မှာ သူ့အနေ နှင့် ဤမျှ ကြီးမားသော လူထုကြီးရှေ့မှောက်၌ ပထမဆုံး စကားပြောရသည်ဖြစ်သော ကြောင့် အလွန့် အလွန် စိတ်လှုပ်ရှားကာ ကိုယ်များပင် တုန်နေလေသည်။ မေးခွန်း များနှင့် ဝေဖန်ချက်များကို ကိုင်တွယ်ဖြေရှင်းရာ၌လည်း များစွာ မအောင်မြင်ခဲ့ချေ။ သူ၏ တင်ပြချက်များကို လူများများက လက်မခံခြင်းမှာ သူ၏ တွေးခေါ်ယူဆပုံ ချွတ်ချော်တိမ်းပါးသောကြောင့်မဟုတ်။ သူ၏ ပုဂ္ဂိုလ်စွဲကြောင့် ဖြစ်၏။ ပရိသတ်၏ စိတ်ထဲတွင် သူ့ကို မှူးမျိုးမတ်နွယ်၊ သူကောင်းသား၊ အခွင့်ထူးခံ လူတန်းစား၊ လစ်ဘရယ်တစ်ဦးအဖြစ်သာ မြင်ထားသဖြင့် ထိုသူက ဤမျှ အငြင်းပွားဖွယ်ဖြစ်သော ဆိုရှယ်လစ် ပြဿနာကို တင်လာသည့်အတွက် လက်မခံချင်ကြခြင်းသာ ဖြစ်ပေ သည်။

သို့သော် ဘယ်သို့ပင်ဆိုဆို၊ သူလို လစ်ဘရယ် အထက်တန်းစား သူကောင်း မျိုးတစ်ဦးက ဆိုရှယ်လစ်တို့အတွက် အငြင်းပွားဖွယ် ပြဿနာနှင့် စပ်လျဉ်း၍ အကြံ ဉာဏ် ပေးနိုင်ခဲ့သည်မှာကား ယုံမှားဖွယ်မရှိချေ။

သူ၏ နိုင်ငံရေး သုံးသပ်ချက်များသည် ဂျာမန်တို့အတွက်သာ အရေးပါ အရာ ရောက်လှသည်မဟုတ်။ ဗြိတိန်နိုင်ငံအတွက်လည်း အကျိုးတရား ကြီးမားလှသည်ဟု ဆိုထိုက်သည်။

ရပ်ဆယ်လ်က ဗြိတိသျှ လေဘာပါတီကိုလည်း လစ်ဘရယ်များနှင့် ပူးတွဲကာ ပြုပြင်ပြောင်းလဲမှုများကို လုပ်ရန် တိုက်တွန်းခဲ့၏။ ရပ်ဆယ်လ်၏ ဂျာမန်ဆိုရှယ်လစ် များအား တိုက်တွန်းချက်များ၌ပါသော ဝါဒသဘောထားများကို လိုက်လုပ်သော ကြောင့် လေဘာပါတီမှာ အခြေတကျ ခိုင်ခိုင်မာမာ တည်ထောင်နိုင်ပြီး လစ်ဘရယ်

mgyoe.com

mgyoe.com SAMPLE BOOK

များကိုပင် အခါအားလျော်စွာ ကျော်သွားခဲ့သေးသည်။ လေဘာပါတီသည် လစ်ဘရယ်ပါတီနှင့် ရွေးကောက်ပွဲများ၌ နှစ်ပေါင်းများစွာ နားလည်မှုယူခဲ့လေသည်။

နှိုင်းနှိုင်းချိန်ချိန် ပြောရမည်ဆိုလျှင် ဗြိတိသျှနိုင်ငံရေးလောကတွင် အကျဉ်းအကျပ်နှင့် ရင်ဆိုင်နေရသောကာလ (ကမ္ဘာစစ်ကြီး နှစ်ခုကြားကာလ၊ ဗြိတိန်တွင် ကွန်ဆားဗေးတစ်ပါတီက အာဏာရနေစဉ် နှစ်ပေါင်း ၂၀ ခန့်) ကို အကြောင်းပြု၍ လေဘာပါတီသည် ကျဉ်းမြောင်းသော သဘောထားများ ရှိလာသည်။ ဂိုဏ်းဂဏဝါဒ စွဲလာသည်။ လူတန်းစားတိုက်ပွဲ အစွဲဝင်လာသည်။

အကယ်၍ လေဘာပါတီ ခေါင်းဆောင်များသည် ထိုအချိန်ကာလများက လစ်ဘရယ်များနှင့် လက်တွဲခဲ့မည်သာဆိုလျှင် ဗြိတိန်တွင် ဒုနှင့်ဒေးဖြစ်နေသော အလုပ်လက်မဲ့များ၏ ဒုက္ခများကို ဖြေရှင်းနိုင်ခဲ့မည်။ ဒုတိယကမ္ဘာစစ်ကိုလည်း ရှောင်ရှားနိုင်ခဲ့ကောင်းသည်။

အကယ်၍သာ ၁၈၉၀ ပြည့်နှစ်များအတွင်းက ရပ်ဆယ်လ် ကြွေးကြော်ခဲ့သော စကားများကို ဂျာမန်ဆိုရှယ်လစ်များနှင့် ဗြိတိသျှ ဆိုရှယ်လစ်များက အရေးထား စဉ်းစားခဲ့ကြမည်ဆိုပါက ကမ္ဘာပေါ်တွင် ၂၀ ရာစုအတွင်း ကျရောက်ခဲ့သော ကပ်ဆိုးကြီး အများအပြားတို့မှ ကင်းလွတ်ခွင့်ရကြပေမည်။

နောက်ပိုင်းတွင် ရပ်ဆယ်လ်၏ နိုင်ငံရေးသဘောတရား အမြင်များကို မှန်လျှင်မှန်သည်၊ မှားလျှင်လည်း မှားသည်ဟု တင်ပြဦးမည်ဖြစ်ရာ ဤနေရာတွင် သူ့အတွေးအခေါ်တွေ မှန်ခဲ့သည်ကို မှန်သည့်အတိုင်းပင် ဦးစွာ ထုတ်ဖော်တင်ပြခဲ့ရပေတော့သည်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


# အခန်း (လေး)
# ပါရမီရှင်တို့၏အလုပ်

၁၈၉၆ ခုနှစ်တွင် ရပ်ဆယ်လ်တို့ ဇနီးမောင်နှံသည် အမေရိကသို့ လပေါင်း အတော်ကြာ သွားရောက်ခဲ့ကြလေသည်။ အမေရိကတွင်နေစဉ် ဝတ်ဝှစ်(တ)မင် အိမ်တွင် တည်းခိုပြီး ဂျွန်ဟော့(ပ)ကင် တက္ကသိုလ်၌ ဟောပြောပွဲများ ကျင်းပပြုလုပ်ခဲ့ လေသည်။ ထိုဆွေးနွေးပွဲများမှာ သူ၏ ဘွဲ့ကြိုစာတမ်းဖြစ်သော 'ဂျီသြမေတြီ၏ အခြေခံသဘောတရားများ' ကို အခြေခံ၍ ဟောပြောပို့ချခဲ့လေသည်။ ဂျာမနီနှင့် အမေရိကတို့သို့ သွားရောက်ခဲ့ပြီးနောက် သူတို့ဇနီးမောင်နှံသည် အင်္ဂလန်ပြည်တွင် အခြေတကျ နေထိုင်လိုက်ကြလေသည်။ အများအားဖြင့် ဆပ်ဆက်နယ်ရှိ အိမ်ကလေး တစ်ဆောင်တွင် ဖြစ်သလိုနေကြပြီးနောက် သင်္ချာနှင့်ပတ်သက်သော တွေးခေါ် မြော်မြင်ရေး သဘောတရားပညာကို အစွမ်းကုန် ကြိုးစားလေ့လာပေတော့သည်။ ရပ်ဆယ်လ်သည် ဤပညာနှင့်ပင် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး ဖြစ်လာခဲ့လေသည်။

ရှေ့ပိုင်းတွင် ရေးသားဖော်ပြခဲ့သလို ရပ်ဆယ်လ် ဇနီးမောင်နှံမှာ ဖေဘီယန် ဆိုရှယ်လစ်များထဲတွင် အသိမိတ်ဆွေများ အများအပြားရှိပေရာ ၎င်းတို့အနက် ဆစ်ဒနေနှင့် ဘီယတ်ထရစ်ဝက်ဗ်တို့မှာ အခင်မင်ဆုံး မိတ်ဆွေများဖြစ်ကြလေသည်။ ဘီယတ်ထရစ်မှာ ပညာပိုင်းဆိုင်ရာ၌ နည်းစနစ်ကျနမှုကို အလွန်မြတ်နိုးသူဖြစ်၏။ ၁၈၉၅ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရေးသားခဲ့သော သူ၏ နေ့စဉ်မှတ်တမ်း ၌ ဘီယတ်ထရစ်က ရပ်ဆယ်လ်တို့အကြောင်းကို အောက်ပါအတိုင်း ရေးခဲ့ဖူးလေ သည်။

mgyoe.com

mgyee.com
SAMPLE BOOK


"ကျွန်မတို့နှင့်အတူ ဘာထရန်ရပ်ဆယ်လ်တို့ ရက်ပေါင်း အတန်ကြာ နေခဲ့ကြတယ်။ ရပ်ဆယ်လ်ဟာ ငယ်သလောက် ပညာအခြေခံ ပါရမီ ကြီးမားတာပဲ။ အင်မတန် သိမ်မွေ့သလောက် အငြင်းလည်း သန်တယ်၊ ဒါပေမဲ့ အလုပ်လုပ်တော့ နည်းနည်းမှကို စည်းစနစ်နဲ့ မလုပ်ဘူး။ ဖရိ ဖရဲ သိပ်နိုင်တာပဲ။ သူယူထားတဲ့ မိန်းမက အမေရိကန်သူ အချောပဲ။ သူ့ထက်လည်း အသက်နည်းနည်းကြီးတယ်။ လုပ်ရိုးလုပ်စဉ် အလုပ်မျိုး မကြိုက်လို့လည်း သူ့ထက်ကြီးတဲ့ ဒီမိန်းမကို သူ ယူတာဘဲနဲ့ တူပါရဲ့" ဟု ရေးခဲ့သည်။

ဆပ်ဆက်နယ်ရှိ သူတို့အိမ်ကလေးတွင်နေပြီး နောက်တစ်နှစ်တွင် ဘာထရန် ရပ်ဆယ်လ်တို့ မောင်နှံမှာဖြစ်သလို ဘဝမျိုးဖြင့် ချို့တဲ့စွာ စခန်းသွားခဲ့ကြရသည်။

ဘီယတ်ထရစ်ဝက်ဗ် ရေးသားချက်များအရ ထိုအချိန်ကစ၍ ဘာထရန် ရပ်ဆယ်လ်သည် သူ၏ သင်္ချာဘာသာ လေ့လာမှု၌ တစ်ဘဝလုံးပုံအပ်ကာ အလုပ်လုပ်တော့သည်။ တောင်ပိုင်းတွင် လင်မယားနှစ်ယောက် သွားရောက်နေထိုင်ကြပြီးနောက် ရသမျှဝင်ငွေနှင့် ဖြစ်သလိုနေ၊ ဖြစ်သလို စားကြသည်။ သူတို့အဖို့မှာ တစ်ယောက် မျက်နှာ တစ်ယောက်မြင်ရပြီး ကိုယ်လုပ်ချင်သည့် အလုပ်တွေကို မနေမနား ကြိုးစားပြီး လုပ်နေကြရလျှင်ဖြင့် ဤလောကတွင် ဘယ်လိုနေရာမျိုးမှာပဲဖြစ်ဖြစ်၊ ဘယ်လို အဆင့်အတန်းမျိုးနှင့်ပဲဖြစ်ဖြစ် နေနိုင်ကြသည်။ ထိုအချိန်ကဆိုလျှင် အဲလစ်၏ ဝင်ငွေ တစ်ခုသာရှိသည်။ ထိုဝင်ငွေနှင့်ပင် လုံလောက်အောင် ခြိုးခြံချွံခြံ နေကြခြင်းဖြစ်သည်။

ရပ်ဆယ်လ်ကတော့ တစ်နေ့လျှင် ခြောက်နာရီ၊ ခုနစ်နာရီလောက် သူ၏ အတွေးအခေါ် လုပ်ငန်း (စာအုပ်) များအတွက် အလုပ်လုပ်နေခဲ့လေသည်။ တစ်ခါ တစ်ခါ အဲလစ်သည် မြို့ပေါ်ရှိ အမျိုးသမီးများ ကလပ်သို့လည်းကောင်း၊ အရက် သေစာ ရှောင်ကြဉ်ရေး အဖွဲ့အစည်းအဝေးသို့လည်းကောင်း သွားတတ်သည်။ သို့သော် မြို့ပေါ်တွင် ကြာကြာမနေ၊ ကိစ္စပြီးသည်နှင့် ချက်ချင်း ပြန်လာတတ်၏။

ရပ်ဆယ်လ်၏ ငယ်ရွယ်စဉ်ဘဝ အဖြစ်အပျက်ကလေးများ၊ ပြုမူနေထိုင်ပုံ ကလေးများကို ဘီယတ်ထရစ်ဝက်ဗ်သည် တော်တော်ပင် စေ့စေ့စုံစုံ အသေးစိတ် ရေးခဲ့နိုင်သည်။

ရပ်ဆယ်လ်မှာ အဆင့်အတန်းမြင့်သော လူကုံထံ မျိုးရိုးက ဆင်းသက်လာသူ

mgyee.com

mgyoe.com
SAMPLE BOOK


ပီပီ အ၀တ်အစား ၀တ်ပုံစားပုံကအစ သေသပ်ပြီး စနစ်ကျသည်။ အပြုအမူ၊ အပြော အဆိုကလည်း ယဉ်ကျေးသိမ်မွေ့သည်။ ထိုအချိန်ကဆိုလျှင် စကားပြောသောအခါ များ၌လည်း သူ့လေယူလေသိမ်းကအစ ပီပီပြင်ပြင်ရှိပြီး တစ်ဖက်သားကို ဆွဲဆောင် နိုင်လေသည်။ မိမိဖော်ပြလိုသော အချက်ကိုလည်း ချက်ကျကျ လိုရင်းသို့ ဒက်ခနဲ ရောက်အောင် ပြောနိုင်လေပြီ။

ကိုယ်ကျင့်တရားနှင့် စာရိတ္တခန်းမှာတော့ ပြောစဖွယ်မရှိပြီ။ သူကား ပြုရိုတန် အစဉ်အလာကြောင့် ကိုယ်ကျင့်တရားဘက်တွင် အလွန့်အလွန် စည်းစနစ်ကြီးသည်ဟု ဆိုနိုင်သည်။ ကိုယ်ရေးအတ္တကို အလွန့်အလွန် ချိုးနှိမ်နိုင်သည်။ သို့ပေမဲ့ ရပ်ဆယ်လ် အနေနှင့် မိမိကိုယ်ကို ကျန်းမာရေးနှင့် ညီညွတ်ဖို့၊ အသိပညာအရာ၌ ထူးချွန်ထက်မြက် ဖို့တော့ ကြိုးစားခဲ့၏။ ဉာဏ်ပညာပိုင်းနှင့်ပတ်သက်လာလျှင် ရပ်ဆယ်လ်သည် အလွန့်အလွန် ရဲရင့်သူတစ်ဦးဖြစ်၏။ ဘာသာရေးမှာပဲဖြစ်ဖြစ်၊ လူမှုရေးမှာပဲဖြစ်ဖြစ် အစဉ်အလာ လုပ်ရိုးလုပ်စဉ်ဆိုလျှင် သူ အင်မတန် မုန်းသည်။

တစ်ခါတစ်ရံ အကြောင်းအရာမျိုးစုံကို သူတစ်ယောက်တည်း ဒိုင်ခံပြောနေရ သော်လည်း သူက မငြီးငွေ့၊ သူ့မှာ သည်လိုစကားတွေ ဖောင်ဖွဲ့ပြောနေရသည်ကိုပင် အတော်ကျေနပ်နေတတ်လေသည်။

ငယ်ရွယ်စဉ်အခါများက ရပ်ဆယ်လ်သည် သူ၏ ပညာပါရမီ ဖြည့်ဆည်းစဉ် ကာယပညာကိုပါ လေ့လာလိုက်စားကြသော အားကစားသမားများကဲ့သို့ အစား အသောက်၊ အနေအထိုင် အားလုံးကို အချိန်ဇယားနှင့် ချိန်ကိုက်ပြီး ကျင့်ကြံနေထိုင်ခဲ့ ဖူးသည်။

နံနက်မိုးသောက်သည့် အချိန်ကစ၍ ရပ်ဆယ်လ်တို့ ဇနီးမောင်နှံသည် သင်္ချာ ပညာ၏ အခြေခံမူများကို လေ့လာကြသည်။ နံနက် ၉ နာရီတိတိတွင် နံနက်စာကို စာဖတ်ရင်း၊ ဆွေးနွေးရင်းပင် စားပစ်လိုက်ကြသည်။ ထို့နောက် သင်္ချာ လေ့လာရေး လုပ်ငန်းကို ရပ်ဆယ်လ်တစ်ဦးတည်း နေ့ ၁၂ နာရီ ၃၀ မိနစ်အထိ ဆက်လုပ်သည်။ ထိုနောက်ပိုင်းတွင် နောက်ထပ် ၄၅ မိနစ်လောက်သော အချိန်ပိုင်းကို စာဖတ်ကြသည်။ စာဖတ်သည့်အခါ တစ်ယောက်တည်း စာတစ်အုပ်ကို စိတ်ဖြင့် ထိုင်ဖတ်သည့်နည်းဖြင့် မဖတ်။ တစ်ဦးကို တစ်ဦးက ဖတ်ပြသည့်နည်းဖြင့် ဖတ်ကြသည်။

နေ့ ၁ နာရီ ၁၅ မိနစ်အချိန်လောက်တွင် စာဖတ်ခြင်းကို ရပ်လိုက်ပြီး လင်မယား နှစ်ယောက် ပန်းခြံထဲထွက်ပြီး လမ်းလျှောက်ကြသည်။ ပန်းခြံထဲတွင် ၁၅ မိနစ်

mgyoe.com

mgyee.com SAMPLE BOOK

လမ်းလျှောက်ပြီး နေ့ ၁ နာရီခွဲတိတိတွင် နေ့လယ်စာ ထမင်းစားကြပြန်သည်။ နေ့လယ်စာ စားပြီးနောက် ရပ်ဆယ်လ်သည် လိုဂင်၊ ပီယာဆယ်၊ စမစ်နှင့် 'ကရိုကိုင်း' ကစားသည်။ ('ကရိုကိုင်း' ကစားနည်းမှာ ယခုခေတ် ဂေါ့(ဖ်) ကစားနည်းနှင့်ဆင်သည်။ မြက်ခင်းပေါ်တွင် သစ်သား ဘောလုံးကလေးကို သစ်သားရိုးတံရှည် တူကလေးနှင့် ရိုက်ပြီး ကွင်းကလေးများကို ဝင်အောင် ရိုက်ရသော ကစားနည်းဖြစ်သည်။)

ညနေ ၄ နာရီခွဲတွင် လက်ဖက်ရည် သောက်ကြပြီးသည်နှင့် တစ်ပြိုင်နက် ည ၆ နာရီအထိ သချာများကို ဆက်လက် လေ့လာကြပြန်သည်။ ၆ နာရီမှ ၇ နာရီခွဲ အချိန်အထိ လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် စာဖတ် ပြကြပြန်သည်။ ၈ နာရီတွင် ညစာထမင်း စားကြသည်။ ထမင်းစားပြီး နောက်ပိုင်း ၉ နာရီခွဲလောက်အထိ အကြောင်းအရာမျိုးစုံကို ဘီယတ်ထရစ်ဝက်ဗ်တို့ ဇနီးမောင်နှံနှင့်အတူ ပြောကြဆိုကြ ဆွေးနွေးကြသည်။

၉ နာရီခွဲလျှင် ဆွေးနွေးပွဲကို ရပ်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက်က စာဖတ်ပြကြပြန်သည်။ ထိုည၌ဦးပိုင်း စာဖတ်သော အခါများ၌ လေးနက်ခက်ခဲသော စာအုပ်များကို မဖတ်ကြတော့ဘဲ သမိုင်းစာအုပ်မျိုးလို၊ ဝတ္ထုစာအုပ်မျိုးလို ခပ်ပေါ့ပေါ့ ဘာသာရပ်များကိုသာ ဖတ်ကြသည်။ ၁၀ နာရီခွဲလျှင်တော့ စာဆက်မဖတ်တော့ဘဲ တစ်နေ့တာ ကုန်ဆုံးခြင်း အထိမ်းအမှတ်အဖြစ် မီးငြိမ်းကာ အိပ်ရာဝင်ကြလေတော့သည်။

ရပ်ဆယ်လ်၏ အကျင့်မှာ အလုပ်မှန်သမျှကို အချိန်ဇယားချ၍ လုပ်ခြင်းပင် ဖြစ်သည်။ ဘယ်လောက်ပင် အလုပ်များများ အတွေးနက်၍ စဉ်းစားလို့ ကောင်းနေတုန်းပဲဖြစ်ဖြစ်၊ ထမင်းစားချိန် ရောက်သည်ဆိုလျှင် ရပ်ဆယ်လ်သည် တွေးလက်စ၊ ရေးလက်စများကို တစ်ဝက်တစ်ပျက်ပင်ဖြစ်စေ ထားခဲ့ပြီး ထမင်းကို ထစားလေသည်။

"ကျုပ်စိတ်ထဲကတော့ ထမင်းမေ့ ဟင်းမေ့ အလုပ်လုပ်တဲ့ လူတွေအကြောင်း ကြားရတဲ့အခါ သူတို့ကို အင်မတန် သဘောကျမိတာပဲ။ သူတို့လိုလည်း ဖြစ်ချင်ပါရဲ့။ နို့ပေတဲ့ ကျုပ်ကတော့ မရဘူး" ဟု သူကိုယ်တိုင်လည်း ဝန်ခံဖူးလေသည်။

တစ်ခါတစ်ရံများဆိုလျှင် စာရေးနေရာ စာတစ်ကြောင်းရေး၍ ဝါကျပင် မဆုံးသေး။ တစ်ပိုင်းတစ်စနှင့်လည်း ရပ်ထားခဲ့ကာ ထမင်းကို ထစားသည်။ ထမင်းစားပြီးမှ စောစောက တစ်ဝက်ကြီး မတင်မကျ ကျန်ရစ်ခဲ့သော စာကြောင်းကို တစ်ချက်ကလေးမျှပင် စဉ်းစားမနေဘဲ ဆက်တိုက် ဆက်ရေးနိုင်လေတော့သည်။ သူ့ခေါင်းထဲတွင်

mgyee.com

mgyoe.com SAMPLE BOOK


ဘယ်နေရာမှာ သူ့အကြောင်းကို ရပ်ထားခဲ့သည်ဆိုသည်မှာ သိပြီး၊ မှတ်မိပြီးသား ဖြစ်နေလေသည်။

ရပ်ဆယ်လ်တို့ ဇနီးမောင်နှံမှာ အနှောင်အဖွဲ့ အနှောင့်အယှက်မရှိသော အလုပ်မှ ရသည့် ဝင်ငွေကလေးဖြင့် လုံလောက်အောင် နေထိုင်ကြပြီး မိမိတို့လုပ်လိုရာ တွေးခေါ်မှု လုပ်ငန်းကိုသာ နေ့ရှိသရွေ့ လုပ်နေလေတော့သည်။ များသောအားဖြင့်မှာလည်း ထိုခေတ်က တွေးခေါ်ရှင် အကျော်အမော်ဖြစ်လာကြသူများမှာ စားဝတ်နေရေးအတွက် မပူမပင် မကြောင့်မကြနေကြရသူများသာဖြစ်၏။

ထိုအချိန်ကဆိုလျှင် စီးပွားရေးဘဝ၌ အပြောင်းလဲကြီး ပြောင်းလဲနေသော ဗြိတိန်နိုင်ငံတွင် အတွေးအခေါ် လုပ်ငန်းများဘက်က ရှေ့ဆက်ပြီး ဘယ်လိုတိုးတက်မှုများ ဖြစ်လာလေမည်နည်းဆိုသည့် ပြဿနာမှာ အဖြေရှာမရခဲ့သော ပြဿနာပင် ဖြစ်သည်။ တစ်ဖက်ကကြည့်ပြန်လျှင် သုတေသန လုပ်ငန်းများကို ဖိလုပ်နိုင်ရန်အတွက် အထောက်အပံ့ပေးနေသည့် ဌာနများဆီက အကူအညီယူဖို့ဆိုသည်မှာလည်း ထင်သလောက် မလွယ်ပေ။ အကြောင်းတစ်ခုမှာ များသောအားဖြင့် တွေးခေါ်မြော်မြင်ရေး သဘောတရားဘက်က ရလာသော အတွေးအခေါ်၊ အယူအဆသစ်များသည် လည်းကောင်း၊ သိပ္ပံပညာနယ်က ရလာသော အသစ်အသစ်သော တီထွင်ကြံဆမှုများသည်လည်းကောင်း၊ အစဉ်အလာ အတွေးအခေါ် အယူအဆများနှင့်ဆိုလျှင် တဓောင်းစေးနှင့် မျက်ချေးဆိုသလို ဖီလာဆန့်ကျင် ဖြစ်နေတတ်၏။

အထူးသဖြင့် ရပ်ဆယ်လ်လို အထက်တန်းစားထဲက လာရသူ တစ်ဦးအဖို့ ဒေသန္တရဆိုင်ရာ ပညာရေးဌာန တစ်ခုသို့ ချဉ်းကပ်ပြီး၊ "ကျုပ်တော့ဗျာ၊ သင်္ချာရဲ့ အခြေခံတရားတွေနဲ့ပတ်သက်ပြီး သုတေသန လုပ်နေရင်း၊ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပြီ" ဆိုပြီး သူကြိုးစားခဲ့ရသော ၁၅ နှစ်သော ကာလအတွက် အထောက်အပံ့ ပြုကြပါဟု လက်ဝါးဖြင့် တောင်းခံရန်မှာ အလွန့်အလွန် မဖြစ်နိုင်သော ကိစ္စဖြစ်၏။

ရပ်ဆယ်လ်၏ အတွေးအခေါ် လုပ်ငန်းများ အားလုံးသည် သင်္ချာပေါ်တွင် အခြေစိုက်လျက်ပင် ရှိနေသေး၏။ ရပ်ဆယ်လ်ကား သင်္ချာမှတစ်ဆင့် အတွေးအခေါ် နယ်သို့ ကူးဖို့သာ အားသန်နေ၏။

ရှေးက ပေါ်ပေါက်ခဲ့ကြသော ကန့်နှင့် ဟေဂယ် စသော တွေးခေါ်ရှင်ကြီးများသည် သင်္ချာပညာမှ (အနန္တကိန်းနှင့် ကန့်သတ်မဲ့ ငယ်ကိန်း*) သဘောတရားများနှင့်

* Infinity and Infinitesimal

mgyoe.com

mgyoe.com  SAMPLE BOOK 

ပတ်သက်၍ အခက်အခဲများစွာနှင့် ရင်ဆိုင်ကြရသည်။ ထိုပုဂ္ဂိုလ်များသည် သူတို့၏ အတွေးအခေါ်ပညာများ၌ ယင်းသင်္ချာ သဘောတရားများကို အခြေခံပြီး လူတိုင်း လူတိုင်း ထိတွေ့ သိမြင်နားလည်နေသော ဤကမ္ဘာလောကကြီးသည် အစစ်အမှန် ယထာဘူတတရားတို့ တည်ရာ ကမ္ဘာမဟုတ်မူ၍ ထုတ်ယူဆင်ခြင်ခဲ့ကြဖူးလေသည်။

ရပ်ဆယ်လ်သည် ဂျာမနီပြည်သို့ ရောက်ရှိစဉ်အခါက ဂျာမန် သင်္ချာပညာရှင် တစ်ဦးဖြစ်သူ ဝိုက်(စ်)ထရော့(စ)၏ သင်္ချာသဘောတရားများကို လေ့လာခဲ့ရသည်။ ဝိုက်(စ်)ထရော့(စ) သဘောတရားများအရ၊ ကန့်သတ်မဲ့ ငယ်ကိန်းအပေါ် မူမတည်ဘဲ ကာကုလများကို တွက်ချက်၍ရကြောင်း သိရသည်။ 'ဂျော့ကင်တာ' တီထွင်ထားသော အနန္တကိန်းသဘောမှာ ထူးဆန်း,ဆန်းကြယ်သော်လည်း အတွင်းသဘောအားဖြင့် ဆန်းကြယ်မှုမရှိချေ။ ရပ်ဆယ်လ်ကလည်း 'ကင်တာ'၏ သဘောတရားများကို စတင် လေ့လာစဉ်က လွယ်လွယ်နှင့် နားမလည်နိုင်ခဲ့ပေ။ သို့သော် မလျှော့သော ဖွဲလုံ့လဖြင့် ရပ်ဆယ်လ်သည် ကင်တာရေးခဲ့သမျှသော သဘောတရားများထဲမှ လိုအပ်သည် များကို သူ့မှတ်စုစာအုပ်ထဲတွင် အစအဆုံး ကူးယူရာ တဖြည်းဖြည်း နားလည်သဘော ပေါက်လာတော့သည်။

သဘောပေါက်ရုံသာမက ဂျော့ကင်တာ တွေးခေါ် တင်ပြချက်များသည် အားလုံးပင် မှန်သည်ဆိုသည်ကိုပါ သူသဘောကျ လက်ခံလိုက်လေသည်။

ထိုနောက်ပိုင်းတွင် ရပ်ဆယ်လ်ဘဝတွင် ကံကောင်းထောက်မသဖြင့် အခွင့် ကောင်းတစ်ခုကို ရလိုက်လေသည်။ ဤအခွင့်အရေးသည် ရပ်ဆယ်လ်ဘဝတွင် အလွန်အရေးပါခဲ့၏။ ကမ္ဘာ့အတွေးအခေါ်သမိုင်းတွင် ရပ်ဆယ်လ်အဖို့ ပထမဆုံး နာမည်ကြီးဖို့ အခွင့်ရလာခြင်းဟု ဆိုပါကလည်း မမှားနိုင်ပေ။

၁၈၉၉ ခုနှစ်တွင် ကိန်းဘရစ်(ချ်)တက္ကသိုလ်၌ မက်တာဂတ်က လိုင်ဗနိ၏ ဒဿနပညာ အတွေးအခေါ်များအကြောင်း ဟောပြောပို့ချရန် အစီအစဉ်ရှိခဲ့လေသည်။ သို့သော် မက်တာဂတ်အနေနှင့် နယူးဇီလန်ရှိ သူ့အိမ်ထောင်စု သားမယားများနှင့် တွေ့ဆုံရန် သွားရမည့်ကိစ္စက အရေးကြီးလာသည်။ ဤတွင် ရပ်ဆယ်လ်က မက်တာ ဂတ်ကိုယ်စား ကိန်းဘရစ်(ချ်)တက္ကသိုလ်တွင် 'လိုင်ဗနိ' အတွေးအခေါ်များကို ဟောပြောပို့ချရလေသည်။ လိုင်ဗနိ အတွေးအခေါ်များကို အနုစိတ် ခွဲခြမ်းစိတ်ဖြာ လေ့လာတင်ပြရာ၌ ရပ်ဆယ်လ်၏ ကိုယ်ပိုင် အတွေးအခေါ်မှာ တအံ့တသြဖြစ်လောက် အောင် ပါလာသည်။ သူ၏ ထင်မြင်ယူဆချက်များမှာ စူးရှ ထက်မြက်လှသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဤကဲ့သို့ လိုင်ဗနိအပေါ် သူ၏ ကြိုတင်သုံးသပ်ချက်များမှာ နောက်ပိုင်းတွင် ရှာဖွေတွေ့ရှိရသောလိုင်ဗနိ၏ ပုံမနှိပ်ရသေးသောအတွေးအခေါ် စာတမ်းများအရ အကုန်မှန်နေလေတော့သည်။ သူ၏ ဟောကြားပို့ချချက်များကို စုပေါင်းထားသော အတွေးအခေါ် ကျမ်းတစ်စောင်မှာ "လိုင်ဗနိ၏ တွေးခေါ်မြော်မြင်ရေး သဘောတရား" အမည်ရှိ ကျမ်းပင်ဖြစ်၏။

ထို့ထက်ပို၍ အကျိုးလည်းရှိ၊ အောင်လည်း အောင်မြင်လာသော အချက်မှာ အခြားမဟုတ်။ လိုင်ဗနိ အတွေးအခေါ်များကို သုံးသပ်ပြီးကတည်းက ရပ်ဆယ်လ်သည် ရှေးက ပေါ်ပေါက်ခဲ့သော 'အရစ္စတိုတယ် တီထွင်ခဲ့သော ကတ္တား–ဝါစက ယုတ္တိဗေဒဟု ခေါ်ရသော ရှေးယုတ္တိဗေဒများကို ဝေဖန်ဆန်းစစ်နိုင်လာပြီး နောက်ဆုံး ရှေးအစုအစဉ်ကိုပါ ပယ်လိုက်နိုင်ပေတော့သည်။

ရှေးက ယုတ္တိဗေဒ အစုအစဉ်ကို ချေဖျက်နိုင်သည့်ပြင် သူ့အပေါ်တွင် လွှမ်းမိုးနေခဲ့သော ဟေဂယ်ဝါဒ၊ ဘရက်(ဒ)လေတို့၏ အတွေးအခေါ်များကိုပါ ငြင်းပယ်လိုက်နိုင်ပေတော့သည်။

ဘရက်(ဒ)လေနှင့် ဟေဂယ်ဝါဒသစ် နောက်လိုက်များသည် ဤလောက၌ အရာဝတ္ထု အဖြစ်အပျက်တို့၏ စပ်ကြားတွင် တစ်ခုနှင့်တစ်ခု ဆက်စပ်ဖြစ်ပေါ်စေတတ်သော 'ဆက်နွယ်မှုသဘော' များ အမှန်ရှိသည် ဆိုသည်ကို လက်မခံကြချေ။ သူတို့အမြင်တွင် ကျွန်ုပ်တို့ တွေ့မြင်နေကျ ဩကာသ လောကထဲ ရှိသမျှ အရာဝတ္ထုများသည် စစ်မှန်သော ယထာဓမ္မတရားများ မဟုတ်ကြကုန်ဟု ယူဆကြ၏။ တစ်လောကလုံး၌ တစ်ခုတည်းသော ပရမတ္ထ သစ္စာတရားသည် အနန္တသဘော၊ အလုံးစုံ ပြီးပြည့်စုံခြင်း သဘောသာဖြစ်သည်ဟု ယူကြကုန်သည်။ သူတို့ကား တစ်လောကလုံးကို အနန္တဝိညာဉ်တော်ကြီးကသာ စိုးမိုးနေသည်။ ဝင်စားနေသည်။ အနန္တဝိညာဉ်တော်ကြီးကား အလုံးစုံ ပြီးပြည့်စုံသော အကြွင်းမဲ့သော ဓမ္မကြီးအဖြစ်လည်း ယူကြ၏။

ဤဝိညာဏဝါဒကို သေသေချာချာ ပိုင်းခြားဝေဖန် ဆင်ခြင်လိုက်သောအခါ ရပ်ဆယ်လ်သည် သံသယဖြစ်လာ၏။ ဘရက်(ဒ)လေတို့၏ လောကအမြင် အတွေးအခေါ်များသည် သင်္ချာဆိုင်ရာ အမြင်တရားမှန်သမျှကို အသုံးမကျ၊ အဖိုးမတန်ဖြစ်အောင် လုပ်နေသည်ဆိုသော အချက်ကို သူနားလည်လာ၏။

ဤတွင် ရပ်ဆယ်လ်အား ဂျီ၊ အီး၊ မိုးကလည်း အားပေးကူညီသဖြင့် ဟေဂယ်နှင့် ဘရက်(ဒ)လေတို့၏ အတွေးအခေါ်များကို ငြင်းပယ်လိုက်နိုင်၏။ ဤလောက

mgyoe.com

mgyoe.com
SAMPLE BOOK


ကြီး၍ ရှိရှိသမျှသော အရာဝတ္ထုတို့သည် ကေန်ရှိကြကုန်သည်။ မည်သူသိသိ မသိသိ၊ ရှိနေသော အရာတို့ကား ရှိမည်သာဖြစ်သည်ဟု ယူသော ယထာဘူတိက သစ္စာဝါဒ ကို ရပ်ဆယ်လ် ပြန်လည် လက်ခံလာ၏။

"ဂျီ၊ အီး၊ မိုး ကတော့ ဟေဂယ်ရဲ့ အတွေးအခေါ်ပိုင်းဆိုင်ရာ သဘောတရား တွေဟာ စားပွဲ၊ ကုလားထိုင်တို့ ဒဗ္ဗရုပ်ဝတ္ထုတွေနဲ့ပတ်သက်ရင် အသုံးမကျကြောင်း တွေ့တယ်။ ကျုပ်ကတော့ ဒီသဘောတရားတွေဟာ သင်္ချာသဘောတွေနဲ့ အံမဝင် ခွင်မကျဘူးဆိုတာ တွေ့တာပါပဲ။ ဒါနဲ့ မိုးကလည်း အားပေးကူညီတော့ကာ ကျုပ် လည်း ဟေဂယ်ရဲ့ အတွေးအခေါ် လောင်းရိပ်အောက်က ပြေးထွက်လိုက်တာပဲ။ ပြီးတော့ လူသာမန်တို့ နားလည်နေကျအတိုင်းပေါ့။ ဒီကမ္ဘာကြီးရော၊ ကမ္ဘာထဲမှာရှိတဲ့ ပစ္စည်းပစ္စယတွေ အားလုံးရော အမှန်တကယ် ရှိတယ်ဆိုတဲ့ သဘောကို ပြန်လက်ခံ တယ်… အထူးသဖြင့် ကျုပ်က သင်္ချာ ယုတ္တိဗေဒဘက် ပိုယိုင်သွားတာပလေ…"

"ဒီတုန်းကတော့ ထောင်ထဲက လွတ်သွားသလိုပဲ ခံစားရတယ်။ ကျုပ်တို့ဟာ မြက်ပင်ကလေးတွေ စိမ်းနေကြတာကို သူ့အတိုင်းပဲမြင်တယ်။ နက္ခတ်တာရာတွေဟာ လည်း လူကမြင်မြင်၊ မမြင်မြင် သူ့နဂိုအတိုင်း ရှိနေကြတာပဲလို့ မြင်တယ်…" ဟုလည်း ရပ်ဆယ်လ်က ပြောပြဖူးလေသည်။ ကင်တာနှင့် ဝိုက်(စ)ထရော့(စ)တို့ကတော့ ဟေဂယ်၏ သဘောတရား အမြင်များမှာ သင်္ချာနှင့်ပတ်သက်လာလျှင် မှားကြောင်း ထုတ်ဖော်နိုင်ခဲ့ပြီဖြစ်သော်လည်း ထိုအချိန်အထိ မှန်သော သဘောတရား အမြင်မှာ မည်သည့်အမြင်ဖြစ်သည်ကို ရပ်ဆယ်လ်လည်း မသိသေးချေ။

၁၉၀၀ ပြည့်နှစ် ကုန်ခါနီးလောက်တွင် ရပ်ဆယ်လ်သည် သင်္ချာကို လေ့လာ ရင်း သဘောတရားအမြင်တစ်ခုကို ရရှိလာလေသည်။ ထိုအမြင်မှာ သင်္ချာဟူသည် ပိုမိုတိုးတက်ကျယ်ပြန့်သော ယုတ္တိဗေဒတစ်မျိုးပါကလား ဆိုသည်ကို သိမြင်နားလည် လာသော အမြင်ပင်ဖြစ်၏။ သို့သော် ယုတ္တိဗေဒကို တိုးတက်ကြံဆလိုက်လျှင် သင်္ချာ ဖြစ်လာသည်ဆိုသော အမြင်ကို သူ မမြင်မိ။ ရှေးနှစ်ပေါင်း အတော်ကြာကပင် သိမြင် နားလည်ခဲ့ပြီးသူ ရှိနေလေပြီ။ ထိုလူကား ဂျာမနီပြည်မှ 'ဖရီဂေး' ဆိုသူပင်ဖြစ်၏။

၁၉၀၀ ပြည့်နှစ်ဆန်းစက ရပ်ဆယ်လ်သည် ပြင်သစ်ပြည် ပဲရစ်မြို့တွင် ကျင်းပ သော အတွေးအမြင် ပညာဆိုင်ရာ ကွန်ဂရက် အစည်းအဝေးကစ၍ အီတလီပြည်မှ 'ပီယာနို' နှင့် သူ၏နောက်လိုက်များ တီထွင်ထားသော သင်္ကေတ ယုတ္တိဗေဒ (Symbolic Logic) ကို တွေ့ခဲ့ရ၏။ ထိုယုတ္တိဗေဒဆန်းတစ်ရပ်ကို အပြင်းအထန်

mgyoe.com

m g y o e . c o m

SAMPLE BOOK


ကြိုးစားလေ့လာရာ မကြာမီပင် အလုံးစုံ နှံ့စပ်ကျွမ်းဝင် ရှိသွားလေသည်။

ပီယာနို၏ သင်္ကေတများ အသုံးပြုသော ယုတ္တိဗေဒကို သင်္ချာမှာကဲ့သို့ပင် ဆက်နွယ်မှု သဘောတရားများနယ်၌ အကျုံးဝင်အောင် တိုးချဲ့လိုက်လေသည်။

ယင်းသဘောတရားကို သူ၏ "ယုတ္တိဗေဒနှင့် အသိပညာ" ဆိုသော ဆောင်းပါး တစ်ပုဒ်တွင် ထည့်သွင်းရေးသားခဲ့၏။

ဤကဲ့သို့ ယုတ္တိဗေဒနှင့် သင်္ချာပညာတို့ ပေါင်းကူးနိုင်လောက်သည့် အခြေခံ သဘောတရားများကို ရရှိပြီးသည်မှစ၍ ရပ်ဆယ်လ်သည် သူ့ဘဝတစ်လျှောက်လုံး တွင် ပညာပိုင်း၌ အကြီးမားဆုံးသော **'သင်္ချာပညာ၏ မူလအခြေခံ နယူပဒေသကျမ်း'** ကြီးကို ရေးသားရန် စိုင်းပြင်းလေတော့သည်။ ဤကျမ်းတွင် သင်္ချာနှင့် ယုတ္တိဗေဒ တို့သည် အခြေခံ၌ အတူတူပင်ဖြစ်ကြောင်း အခိုင်အမာ ပြဆိုရန်ဖြစ်လေသည်။

"သင်္ချာ၏ မူလအခြေခံ နယူပဒေသကျမ်း" ကြီးကို ရေးသားလျှင် တစ်အုပ် တည်း ရေး၍မဖြစ်။ အကြောင်းမှာ ဤကျမ်းကို တစ်အုပ်တည်းရေးလျှင် သင်္ကေတ များဖြင့်ချည်း ဆောက်တည်ထားသော ဆင်ခြေများ၊ ပုစ္ဆာများကို မိမိကလွဲ၍ ဘယ်သူ မျှ နားလည်နိုင်တော့မည်မဟုတ်ချေ။ မိမိ၏စိတ်ထဲတွင် ဖြစ်ပွားနေသော စိတ်အကြံ အစည်များ၊ သဘောတရားအမြင်များကိုလည်း စင်စစ် သင်္ကေတများဖြင့်ချည်း ဖော်ပြမှ ဖြစ်ချေမည်။ ယင်းသို့ဆိုသော် ဤကျမ်းကို နှစ်မျိုးခွဲရေးမှဖြစ်တော့မည်။ ပထမအုပ်တွင် သာမန်ဘာသာစကား ဝေါဟာရများဖြင့် ရေးရပေမည်။ ဤကျမ်းသည် သင်္ကေတများဖြင့်ရေးမည့် ဒုတိယကျမ်းကို ဖွင့်ဆိုရည်ညွှန်းမည့် နိဒါန်းကျမ်းဟုလည်း ဆိုရာသည်။

ရပ်ဆယ်လ်၏ခေါင်းထဲတွင် အစီအစဉ်အားလုံးကို ချမှတ်ပြီးလေပြီ။ ယင်းပထမ ကျမ်းကို ကြံဆပြီးသည်မှ လုံးဝ အကောင်အထည်ပေါ်သည်အထိ သုံးနှစ်ခန့် ကြာလေ သည်။

၁၉၀၃ ခုနှစ်တွင် ရပ်ဆယ်လ်၏ သင်္ချာပညာဆိုင်ရာ အတွေးအခေါ်များပါဝင် သော ပထမကျမ်း ထွက်လာလေတော့သည်။ ရပ်ဆယ်လ်၏ကိစ္စကား မပြီးသေး။ သူ့ရင်ထဲတွင် 'သင်္ချာ၏ မူလအခြေခံ နယူပဒေသကျမ်း' ကြီးသည်သာ အလုံးအခဲ ကြီးအဖြစ် တင်ရှိနေလေသည်။

ထိုအချိန်တွင် ကိန်းဘရစ်(ချ်)တက္ကသိုလ်မှ သင်္ချာပါရဂူဖြစ်သူ ဝှိုက်ဟက်သည် "ယေဘုယျအက္ခရာသင်္ချာ" အမည်ရှိ ကျမ်းတစ်စောင်ကို ထုတ်ဝေခဲ့ပြီးဖြစ်ပေသည်။

m g y o e . c o m

mgyee.com  SAMPLE BOOK 

၁၈၉၈ ခုနှစ်ကတည်းက ထိုကျမ်းသည် ပုံနှိပ်ပြီး ထွက်လာခဲ့၏။

ဒုတိယကျမ်းမှာ ရောမကျမ်းကြီးဖြစ်၏။ ဤကျမ်းကို ရပ်ဆယ်လ် တစ်ဦးတည်း ရေးရမည်ဆိုလျှင် အလွန့်အလွန် အင်အားစိုက်ထုတ်ရမည်ကြောင့် ဝိုက်ဟက်နှင့် ပူးပေါင်းလုပ်ဆောင်ကြရန် သဘောတူကြလေသည်။

သင်္ချာအခြေခံ နယူပဒေသ ကျမ်းကြီးကို ရေးကြသောအခါ ရပ်ဆယ်လ်က ကိန်းဘရစ်(ချ်) တက္ကသိုလ်၌ သင်ကြားပို့ချမည့်သင်တန်း အစီအစဉ်အဖြစ် ရေးဆွဲလိုက်လေသည်။ မိမိကိုယ်တိုင် ရေးသားရမည့်အပိုင်းနှင့် ဝိုက်ဟက် ရေးသားရမည့်အပိုင်းကိုလည်း တစ်ကန့်စီ ကဏ္ဍများ ခွဲခြားလိုက်၏။

ထို့နောက် ရပ်ဆယ်လ်နှင့် ဝိုက်ဟက်တို့သည် မိမိတို့ဆိုင်ရာ အခန်းများကို ဦးစွာ စာမူကြမ်းရေးကြသည်။ ရေးပြီးစာမူကို တစ်ဦးကတစ်ဦးသို့ ပေးပို့ကာ အပြန်အလှန် စိစစ်ကြသည်။ တစ်ယောက်ရေးသည်ကို တစ်ယောက်က သေသေချာချာ လေ့လာစိစစ်ပြီး မှတ်ချက်များဖြင့် ပြန်ပို့သောအခါ မိမိရေးသော စာမူကြမ်းကို ထိုမှတ်ချက်များအရ ပြန်လည်သုံးသပ် အချောကိုင်ရပြန်သည်။ သို့ဖြင့် စာမူတစ်ခုကို သုံးကြိမ်တိုင်တိုင် စစ်ဆေးပြီးမှ အချောကိုင်ကြလေသည်။

ရပ်ဆယ်လ်သည် တစ်နှစ်လျှင် နှစ်လ သုံးလလောက် ကိန်းဘရစ်(ချ်) တက္ကသိုလ်တွင် သွားရောက်သင်ကြား ပို့ချပေးသည်။ ထိုအချိန်တွင် သူနှင့် ဝိုက်ဟက်တို့မှာ နှစ်ယောက်သား ဆွေးနွေးလိုရာ အချက်များကို အားရပါးရ ဆွေးနွေးနိုင်သည်။

ဤကျမ်းကြီးကို ပုံနှိပ်ရန်အတွက် အချောရေးသားခြင်းကို အစအဆုံး ရပ်ဆယ်လ်က ပြုလုပ်ခဲ့၏။ ရပ်ဆယ်လ်သည် ထိုကျမ်းတွင်ပါသော အဆိုတစ်ခုစီ တစ်ခုစီကို စာရွက်တစ်ရွက် တစ်ရွက်ဖြင့် သီးသန့်ခွဲခြား ရေးခဲ့၏။ ပြင်ဆင်ဖြည့်စွက်စရာရှိလျှင် ပြင်ရပြုရ လွယ်ကူစေရန်ဖြစ်၏။ အမှန်မှာ ပုံနှိပ်ပြီး စာအုပ်ပင် ရောမ အထူကြီးသုံးတွဲ ရှိပေရကား၊ အဆိုတစ်ခုကို စာတစ်ရွက် သီးသန့်ရေးလိုက်သောအခါ သင်္ချာအခြေခံ နယူပဒေသ ကျမ်းကြီး၏ စာမူအထပ်ကြီးမှာ တောင်ပုံရာပုံကြီး ဖြစ်နေလေတော့သည်။

"ကျုပ်က ဒီစာအုပ်ရေးမယ်လုပ်တော့ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေတာက နှစ်နှစ်ကြာတယ်။ နောက်ရေးဖို့ရာ အားလုံး အသင့်ဖြစ်လို့ တကယ်လက်တွေ့ရေးတဲ့အခါမှာလည်း ငါးနှစ်တိတိကြာတယ်။ ဒီတော့ ဒီစာအုပ်လည်း ဒီလောက်အချိန်တွေ ကြာသွားရတာပေါ့" ဟု နောင်ခါ ရပ်ဆယ်လ်က ပြောပြဖူးလေသည်။

mgyee.com

mgyee.com SAMPLE BOOK


ရပ်ဆယ်လ်က သူ့အနေနှင့် ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေသည် ဆိုသော နှစ်နှစ်ကာလ (၁၉၀၃ ခုနှစ်နှင့် ၁၉၀၄ ခုနှစ်များ) တွင် ရပ်ဆယ်လ်အနေနှင့် သူရည်ရွယ်ခဲ့သည့်အတိုင်း သင်္ချာကို ယုတ္တိဗေဒဖြစ်လာအောင် ဖန်တီးရာ၌ အခက်အခဲများ တွေ့လာရသည်။ သင်္ချာသည် ယုတ္တိဗေဒပင်ဖြစ်သည်ဟု ပြရမည့် သူ၏ ယုတ္တိဗေဒထဲမှာပင် ဝိရောဓိတရား (ဆန့်ကျင်ဘက်) များ ဖြစ်ပေါ်နေသည်ကို တွေ့နေရခြင်းကြောင့်ဖြစ်သည်။ ဤကဲ့သို့ လွဲဟန်ဆောင်သော ရှေ့နောက်မညီ ဖီလာဆန့်ကျင်ကြသော သဘောတရားရေး ပြဿနာများကို ရေးသားပြီးလျှင် ဖရီဂေးထံသို့ ပို့လိုက်လေသည်။ ဖရီဂေးက သူ့အမေးများကို ပြန်လည်ဖြေကြားသည့် အနေမျိုးဖြင့် "ဂဏန်းသင်္ချာ၏ ယိမ်းယိုင်လာသော သဘော" အမည်ရှိ စာတမ်းတစ်စောင်ကို ရေးလိုက်၏။

နောက်ဆုံးတွင် ရပ်ဆယ်လ်သည် သူ့ပြဿနာများအတွက် အဖြေကို သင်္ချာအခြေခံ နယူပဒေသ ကျမ်းရေးရင်း ရလာသည်။ ထိုသဘောတရားမှာ **"အမျိုးအစားများသီဝရီ"** (Theory of Types) ဖြစ်၏။ ဤသီဝရီမှာ အလွန်နားလည်ရန် ခက်ခဲမည်တစ်ကြောင်း၊ အငြင်းပွားဖွယ် ဖြစ်နေသည်တစ်ကြောင်းတို့ကြောင့် ဤတွင် အကျယ်ဖော်ပြရန် မလွယ်တော့ပေ။ တက္ကသိုလ်များ၌ ပညာရှင်များ၊ ယုတ္တိဗေဒအခြေခံရှိပြီး သူများကိုပင် နားလည်သဘောပေါက်အောင် တော်တော်သင်ယူရသည်။

သင်္ချာအခြေခံ နယူပဒေသ ကျမ်းကြီးကား ကြီးမားလှစွာ၏။ သာမန်လူတို့အဖို့ ခက်ခဲလှစွာ၏။ ပညာရှင်ကြီးများပင် အလုံးစုံ နှံ့စပ်ရန် မလွယ်သော ကျမ်းတစ်စောင် ဖြစ်လေသည်။ ဤကျမ်းကို အစအဆုံး ဖတ်ဖူးသူဟူ၍ ကမ္ဘာပေါ်တွင် မရှိသလောက်ရှားသည်ဟု အဆိုရှိလေသည်။ ယခုမူ ဂန္ထဝင် ကျမ်းတစ်ဆူအဖြစ် ကိုးကားဖွယ်အဖြစ်သာ ထားကြရတော့သည်။ ယုတ္တိဗေဒပညာကိုဖြစ်စေ၊ သင်္ချာကိုဖြစ်စေ အသက်မွေးဝမ်းကျောင်းအတွက် သင်ကြားပို့ချနေရသော ပညာရှင်ပုဂ္ဂိုလ်တို့ပင်လည်း ဤကျမ်းကြီးကို အစအဆုံး ဖတ်ဖူးခြင်း ရှိကြမည်မဟုတ်တန်ရာ။ ရပ်ဆယ်လ်မူကား သူ့ကျမ်းတွင် ဘယ်နေရာ၌ ဘယ်သဘောတရားပါသည်ကို အစအဆုံး တစ်လုံးမကျန် သိလေသည်။ အစကမူ တချို့သော ပညာရှင်များက ရပ်ဆယ်လ်မူလည်း သူ့ကျမ်းကို အစ အဆုံး ဖတ်ဖူးမည်မထင်ဟု အသောစကားကို ဆိုကြ၏။ သို့သော် ရပ်ဆယ်လ်နှင့် ဟန်း၊ ရိုက်ချင်ဘာ့ဂ်တို့ အမေရိကတွင် တွေ့ကြသောအခါ ရိုက်ချင်ဘာ့ဂ်က မိမိသည် သင်္ချာသဘောတရား အသစ်တစ်ရပ်ကို တီထွင်တော့မည်ဖြစ်ကြောင်း၊ သူ့သဘောတရားအလိုကိုပါ ပြောပြသည်။ ထိုအခါ ရပ်ဆယ်လ်က ယင်းသဘောတရားကို သင်္ချာအခြေခံ

mgyee.com